# မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၈ ခုနှစ်၊ နတ်တော်လဆန်း ၁၁ ရက်၊ ၂၀၀၆ ခုနှစ်၊ နိုဝင်ဘာ ၃၀ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၆)၊ အမှတ် (၆၁)


**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံ တော်နှင့် တိုင်းရင်းသား ပြည်သူ တို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက်(၄)ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ် နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မား ရေးနှင့်ယဉ်ကျေးမှုအမွေအနှစ် များ၊ အမျိုးသားရေး လက္ခဏာ များ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

# ရန်ကုန်–သန်လျင်တံတား အမှတ်(၂)တည်ဆောက်ရေးစီမံကိန်း ၇၂ ရာခိုင်နှုန်းပြီးစီး ခြောက်လမ်းသွား မော်တော်ကားလမ်းတံတားကြီးဖြစ်၍ တည်ဆောက်ရာ၌ လုပ်ငန်းပမာဏကြီးမား နိုင်ငံတော်နှင့် ဒေသခံပြည်သူများအကျိုးအတွက် သတ်မှတ်ကာလထက်စောပြီးအောင် ကြိုးစား

**နေပြည်တော် နိုဝင်ဘာ ၂၉**

ဧရာဝတီတိုင်း၌ရောက်ရှိနေသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ နိုဝင်ဘာ ၂၈ ရက် မွန်းလွဲ ၁ နာရီတွင် လေယာဉ်ဖြင့် ပုသိမ်မြို့မှ ရန်ကုန်မြို့သို့ ရောက်ရှိသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များသည် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေး စီမံကိန်း အထူးအဖွဲ့(၁)က တာဝန်ယူ တည်ဆောက်လျက်ရှိသည့် ရန်ကုန်–သန်လျင်တံတား အမှတ်(၂)သို့ရောက်ရှိကြရာ စီမံကိန်းရှင်းလင်းဆောင်၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက ရန်ကုန်–သန်လျင်တံတား အမှတ်(၂) တည်ဆောက်ရေးစီမံကိန်း စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှု၊ ချဉ်းကပ်တံတားများနှင့် ပင်မတံတားအမျိုးအစားများနှင့် တည်ဆောက်ပြီးစီးမှု၊ စီမံကိန်းလုပ်ငန်းများ၌ သံချောင်း၊ ဘိလပ်မြေ၊ သဲ၊ စက်သုံးဆီ စသည့် ဆောက်လုပ်ရေးပစ္စည်းများ သုံးစွဲခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

*စာမျက်နှာ ၂ ကော်လံ ၄* ■

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး ရန်ကုန်–သန်လျင်တံတား အမှတ်(၂) တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)





**ရန်ကုန်–သန်လျင် တံတားအမှတ်(၂)**

ရန်ကုန်–သန်လျင် တံတားအမှတ်(၂)ကို ယာဉ်သွားလမ်းအကျယ် ၇၂ပေရှိ ခြောက်လမ်းသွား တံတားကြီးအဖြစ် တည်ဆောက်နေ၊ တံတားအပေါ်ထည်မှာ သံကူကွန်ကရစ် ကြိုတင်အားဖြည့် ကွန်ကရစ် အမျိုးအစားဖြစ်ပြီး အောက်ထည်မှာ သံကူကွန်ကရစ်အမျိုးအစားဖြစ်၊ တံတား၏ စုစုပေါင်း အရှည်မှာ ပေ ၄၅၄၀ဖြစ်၊ တံတားအောက် ရေလမ်းကြောင်းလွတ်နယ်မှာ အကျယ် ပေ ၁၃၀နှင့် အမြင့် ၁၈ပေ ဖြစ်သည်။ ယာဉ်တစ်စီးချင်း ၇၅ တန် ခံနိုင်ဝန်ရှိသည့် တံတားကြီးအဖြစ် တည်ဆောက်နေခြင်းဖြစ်။

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်)

# ရေလှောင်တမံစီမံကိန်းများ စံချိန်စံညွှန်းမီတည်ဆောက် လျှပ်စစ်ဓာတ်အား ပိုမိုထုတ်နိုင်ရေး တီထွင်ကြံဆဆောင်ရွက်

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်ပြီး နိုင်ငံ၏ကုန်ထုတ်လုပ်မှု၌ စိုက်ပျိုးရေးကဏ္ဍသည် အခြေခံကျသည့် ကဏ္ဍကြီးဖြစ်သည်။ စားနပ်ရိက္ခာဖူလုံရေးသည်လည်း ပြည်သူတို့အတွက် အဓိကအကျဆုံးလိုအပ်ချက်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်က လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် မရှိမဖြစ်လိုအပ်သည့် စိုက်ပျိုးရေရရှိရေးစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက် ရှိသည်။

ယခုအခါ နိုင်ငံတော်က ဆည်တမံအသစ် ၁၉၀၊ မြစ်ရေတင်စီမံကိန်း ၂၉၈ ခု၊ ကျေးလက်ဆည် ၉၉၉ခုနှင့် မြေအောက်ရေလျှံတွင်းများနှင့် အငယ်စားချောင်းပိတ်မြောင်းပိတ် လုပ်ငန်းများပါ မကျန် ဖြည့်ဆည်းတည်ဆောက်ပေးနေသည်။

မြန်အောင်မြို့နယ် ပုသိမ်–မုံရွာကားလမ်းမဘေး မျှင်ဝါးတောင် ကျေးရွာအနီး မမြချောင်းပေါ်၌ မမြရေလှောင်တမံ စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ တမံမှာ မြေသားတမံအမျိုးအစားဖြစ်ပြီး တမံအမြင့်ပေ ၁၅၀၊ တမံအလျား ပေ ၁၁၈၀၀ ရှိကာ ရေဧကပေခုနစ်သောင်း သိုလှောင်နိုင်မည့် တမံဖြစ်သည်။ ရေစီမံ့တား ကွန်ကရစ်နံရံ၊ ပင်မတမံ၊ ရေထုတ်ပြွန်နှင့် ရေထိန်းမျှော်စင်၊ ရေပိုလွှဲနှင့် ဆည်ရေသောက်စနစ် တည်ဆောက် ခြင်းလုပ်ငန်းများ ပြီးစီးနေပြီဖြစ်သည်။

စီမံကိန်းပြီးစီးပါက မြန်အောင်မြို့နယ်အတွင်းရှိ လယ်မြေဧကတစ်သောင်းကို စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်ပြီး ရေအားလျှပ်စစ်ကီလိုဝပ် ၅၀၀လည်း ထုတ်ယူရရှိမည် ဖြစ်သည်။

မမြရေလှောင်တမံစီမံကိန်း၌ တမံတည်ဆောက်မပြီးမီကတည်းက တမံအတွင်း ရေကိုစုဆောင်းနိုင်သမျှ စုဆောင်းထိန်းသိမ်းပြီး စိုက်ပျိုးရေပေးဝေနိုင်ခဲ့သည်။ ယမန်နှစ်က နွေစပါးဧက ၃၀၀သို့ စိုက်ပျိုးရေပေးဝေနိုင်ခဲ့ပြီး ယခုနှစ်တွင် ဧက၂၀၀၀ အတွက် စိုက်ပျိုးရေပေးဝေနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ တာဝန်ရှိသူအသီးသီးက ရေလှောင်တမံစီမံကိန်း တည်ဆောက်ရေး လုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အမြန်ပြီးစီးရေး ကြိုးပမ်းတည်ဆောက်သွားကြခြင်းဖြင့် ပြည်သူတို့အကျိုးကျေးဇူး အမြန်ဆုံးခံစားရမည်ဖြစ်သကဲ့သို့ ထည့်သွင်းတည်ဆောက်မည့် ရေအားလျှပ်စစ်စီမံကိန်းများမှ လျှပ်စစ်ဓာတ်အား ပိုမိုတိုးချဲ့ထုတ်လုပ်နိုင်ရေး တီထွင်ကြံဆ ဆောင်ရွက်ကြခြင်းဖြင့် ပတ်ဝန်းကျင်ဒေသအတွက် ပိုမိုအကျိုးဖြစ်ထွန်းစေမည် ဖြစ်ပေသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## ဆန်ပါလေ

* လောကသည် လျှော့သက်နိမ့်ဆင်းနေ၏၊
လောကနှင့်ရော၍ မလျှော့သက်ပါစေနှင့်။
* လောကသည် လျှော့သက်နိမ့်ဆင်းနေ၏၊
လောကအရှုပ်နှင့် ရော၍ မဆုတ်ယုတ်ပါစေနှင့်။
* လောကသည် အစုန်ရေကြော၌ ဒလဟောမျောနေ၏၊
လောကကိုလှန်၍ ဆန်တက်ပါလေ။

ဘဒ္ဒန္တ မာနိတသိရီဘိဝံသ

**(သာသနာရေး)**

## မြဝတီရုပ်မြင်သံကြား

၃၀–၁၁–၂၀၀၆
(ကြာသပတေးနေ့)

**နံနက်ပိုင်း**

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၁၅ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၁၅ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄:၃၅ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
- ၄:၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅:၂၅ ၇။ မြန်မာသံစဉ်ချိုနားဝင်
- ၅:၄၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၁။ မိုးလေဝသသတင်း
- ၆:၃၀ ၁၂။ လျှပ်တစ်ပြက်
- ၆:၃၅ ၁၃။ လှုပ်လှုပ်ရှားရှား ပုံရိပ်များ
- ၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ကျေးတောသူ"** (အပိုင်း–၅)
- ၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၇။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၁၈။ ရသစုံလင် ရုပ်မြင်သံကြား ဇာတ်လမ်း **"နောက်ဆုံးပစ်မှတ်"** (အပိုင်း–၁၁)

## MRTV-4 ရုပ်မြင်သံကြား အစီအစဉ်

၃၀–၁၁–၂၀၀၆
(ကြာသပတေးနေ့)

- ၇:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
- ၇:၀၅ ပွင့်လင်းရာသီမှာဆင်နွှဲ စက်မှု(၁) ဈေးရောင်းပွဲ
- ၇:၂၅ တေးဂီတအစီအစဉ်
- ၇:၃၀ ယနေ့သိပ္ပံနှင့်နည်းပညာ
- ၇:၄၀ တေးဂီတအစီအစဉ်
- ၇:၄၅ နည်းပညာစွမ်းဖြင့် နိုင်ငံ့ဂုဏ်မြှင့်မည့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း(အပိုင်း–၂)
- ၈:၁၅ တေးဂီတအစီအစဉ်
- ၈:၂၀ Music Gallery (ဘိုဖြူ–ပြည့်စုံပါစေ)
- ၈:၅၀ ပြည်တွင်းသတင်းအကျဉ်း
- ၉:၀၀ ပျိုမေတို့လှစေဖို့(အပိုင်း–၁)
- ၉:၁၅ တေးဂီတအစီအစဉ်
- ၉:၂၀ နိုင်ငံတကာသတင်းအကျဉ်း
- ၉:၂၅ ရောင်ပြန်မေတ္တာဖူးပွင့်ဝေဆာနှင်းဆီကုန်းဘိုးဘွားရိပ်သာ
- ၉:၄၀ မိုးလေဝသ ခန့်မှန်းချက်
- ၉:၄၅ ပြည်တွင်းအနုပညာရေးရာ
- ၁၀:၀၅ တေးဂီတအစီအစဉ်
- ၁၀:၁၀ ပြည်တွင်းသတင်းအကျဉ်း
- ၁၀:၂၀ မောင်မြန်မာ လျှပ်စစ်စက်ဘီး (ရီဝေယံ၊ပုလဲဝင်း)
- ၁၀:၂၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၀:၃၀ Ecotourism ဆွဲဆောင်ဖို့ သဘာဝကို ထိန်းသိမ်းစို့ ဖိုးကျားဆင်စခန်း(အပိုင်း–၁)
- ၁၀:၅၀ တေးဂီတအစီအစဉ်
- ၁၀:၅၅ ငွေကြယ်ပွင့်တို့၏ ဖြစ်တည်မှု (စည်သူလွင်နှင့်သူ၏ အနုပညာခရီး)
- ၁၁:၄၀ တေးဂီတအစီအစဉ်
- ၁၁:၄၅ မြန်မာစာ မြန်မာစကား(၈)
- ၁၂:၀၀ MRTV-4 အပိတ် Logo

**အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

■ ရှေ့ဖုံးမှ

ဆက်လက်၍ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဦးစီးမှ အင်ဂျင်နီယာမှူးကြီး(တံတား) ဦးစိန်မောင်က ရန်ကုန်–သန်လျင် တံတားအမှတ်(၂) ပင်မတံတား၊ ချဉ်းကပ်တံတားနှင့် လမ်းများတည်ဆောက်နေမှု အခြေအနေများ၊ လုပ်ငန်းပြီးစီးမှုအခြေအနေများကို မှတ်တမ်းဓာတ်ပုံများ၊ ပုံစံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

**အကန့်အသတ်ရှိ**

ယင်းနောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌွေးဝင်းက တည်ဆောက်ပြီးသော ရန်ကုန်–သန်လျင်တံတား အမှတ်(၁)သည် ရထား–ကား ဒွန်တွဲအသုံးပြုသော တံတားဖြစ်ပြီး ယာဉ်သွားလမ်းကျဉ်းသည့်အပြင် ဝန်လေးမော်တော်ယာဉ်များ ဖြတ်သန်းအသုံးပြုရေးအတွက် အကန့်အသတ်ရှိပါကြောင်း။

ရန်ကုန်–သန်လျင် အမှတ်(၂)တံတားကြီးကို တည်ဆောက်ပြီးပါက ပို့ကုန်သွင်းကုန်များကို ပိုမိုလွယ်ကူစွာ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း။

**ပံ့ပိုးကူညီ**

တံတားတည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများ၌ ရန်ကုန်တိုင်းက လိုအပ်သည်များကို ပံ့ပိုးကူညီဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက သီလဝါဆိပ်ကမ်း ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် ရန်ကုန်–သန်လျင် အမှတ်(၂)တံတား တည်ဆောက်မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

**လုပ်ငန်းပမာဏကြီးမား**

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက မှာကြားရာ၌ ယခုတည်ဆောက်လျက်ရှိသော မြစ်ကူးတံတားကြီးသည် ခြောက်လမ်းသွားမော်တော်ကားတံတားကြီးဖြစ်၍ တည်ဆောက်ရာ၌ လုပ်ငန်းပမာဏကြီးမားကြောင်း။

ဝန်တန်ချိန်များပြားသော ပင်လယ်ကူးသင်္ဘောများ ကပ်နိုင်အောင် သီလဝါဆိပ်ကမ်းဖွံ့ဖြိုးရေးကို ဆောင်ရွက်ခဲ့သကဲ့သို့ ဝန်လေးကုန်တင်ယာဉ်များအတွက် ယခုတံတားကြီးကို တည်ဆောက်ခြင်းဖြစ်ကြောင်း။

**သတ်မှတ်စည်းကမ်းနှင့်အညီ**

တံတားသစ်ကို စနစ်တကျ တိုးချဲ့တည်ဆောက်ရန် လိုအပ်သကဲ့သို့ တံတားဟောင်းကိုလည်း သတ်မှတ်ထားသည့် စည်းကမ်းများနှင့်အညီ အသုံးပြုသွားရန်လိုကြောင်း။

နောင်ပေါက်ဖွားလာမည့် တံတား အင်ဂျင်နီယာမျိုးဆက်သစ်များအနေဖြင့် မိမိတို့လက်ထက်၌ တည်ဆောက်ခဲ့ပြီးသော တံတားများ၏ တည်ဆောက်မှုအခြေအနေနှင့် သင်ခန်းစာယူသင့်သည့် နည်းပညာအတွေ့အကြုံများကို လေ့လာသိရှိ ပညာတိုးပွားနိုင်အောင် တည်ဆောက်ရေးဆိုင်ရာများကို စနစ်တကျ မှတ်တမ်းမှတ်ရာများ ပြုစုထားရှိခဲ့ကြရန်လိုကြောင်း။

**လေ့လာစိစစ်**

တံတားကြီးပတ်ဝန်းကျင်၌ ရေတိုက်စားမှု၊ ရေကြောင်းပြောင်းလဲမှုများ မဖြစ်ပေါ်ရအောင် အမြဲသတိထား လေ့လာစိစစ်နေရန်လိုကြောင်း။

နိုင်ငံတော်အကျိုး၊ ဒေသခံပြည်သူများ၏ အကျိုးအတွက် တံတားကြီးကို သတ်မှတ်ကာလထက် တတ်နိုင်သမျှစောပြီးအောင် ကြိုးစားကြစေလိုကြောင်း မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ရန်ကုန်ဘက်ကမ်း ချဉ်းကပ်တံတား တည်ဆောက်ပြီးစီးမှုများ၊ ပင်မတံတား တည်ဆောက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ ပင်မတံတား ရေလယ်တိုင် P7 နှင့် P8ကြား၌ ကြိုတင်အားဖြည့်ကွန်ကရစ်ရက်မတပ်ဆင်နေမှုအခြေအနေများကို လည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ရန်ကုန်–သန်လျင်တံတား အမှတ်(၂)ကို ယာဉ်သွားလမ်းအကျယ် ၇၂ ပေရှိ ခြောက်လမ်းသွားတံတားကြီးအဖြစ် တည်ဆောက်နေခြင်းဖြစ်သည်။

**သံကူကွန်ကရစ်အမျိုးအစား**

တံတားအပေါ်ထည်မှာ သံကူကွန်ကရစ် ကြိုတင်အားဖြည့်ကွန်ကရစ် အမျိုးအစားဖြစ်ပြီး အောက်ထည်မှာ သံကူကွန်ကရစ်အမျိုးအစားဖြစ်သည်။ တံတား၏ စုစုပေါင်းအရှည်မှာ ပေ ၄၅၄၀ ဖြစ်သည်။ တံတားအောက် ရေလမ်းကင်းလွတ်နယ်မှာ အကျယ်ပေ ၁၃၀ နှင့် အမြင့် ၁၈ ပေဖြစ်သည်။ ယာဉ်တစ်စီးချင်း ၇၅ တန် ခံနိုင်ဝန်ရှိသည့် တံတားကြီးအဖြစ် တည်ဆောက်နေခြင်းဖြစ်သည်။

**၈၂ ရာခိုင်နှုန်းပြီးစီး**

ယခုအခါ ရန်ကုန်ဘက်ကမ်း ချဉ်းကပ်တံတားတည်ဆောက်ရေးလုပ်ငန်းများ ရာခိုင်နှုန်း ၉၀၊ သန်လျင်ဘက်ကမ်း ချဉ်းကပ်တံတား တည်ဆောက်ရေးလုပ်ငန်းများ ၈၅ ရာခိုင်နှုန်း၊ ပင်မတံတား တည်ဆောက်ရေးလုပ်ငန်းများ ရာခိုင်နှုန်း ၇၀ ပြီးစီးနေပြီး စီမံကိန်းတစ်ခုလုံးအနေဖြင့် ၈၂ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်သည်။

**ပြန်လည်ရောက်ရှိ**

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ဧရာဝတီတိုင်း၏ တည်ဆောက်ရေးလုပ်ငန်းများနှင့် ရန်ကုန်–သန်လျင်တံတား အမှတ်(၂) တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများကို လှည့်လည် ကြည့်ရှုစစ်ဆေးပြီး ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**



**အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင် အဖွဲ့ဝင်များ၊ ညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြစဉ်။**

(သတင်းစဉ်)

# နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့နှင့် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့မှ အကြံပြုချက်စာတမ်းများ ဆက်လက်ဖော်ပြသွားပါမည်

ရန်ကုန် နိုဝင်ဘာ ၂၉

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ၂၀၀၆ ခုနှစ် **နိုဝင်ဘာ ၂၈ ရက်တွင် ကျင်းပသော အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ရွေးကောက် တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေးပါတီများအခန်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံ ရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ တင်ပြသည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှ ညီလာခံ ကိုယ်စားလှယ်များ ဖြစ်ကြသော လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ဦးကျာရှီး ဖတ်ကြားတင်ပြသည့် လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ အကြံပြုချက် စာတမ်း၊ ပြည်ထောင်စု ကရင်အမျိုးသားများအဖွဲ့ချုပ်မှ ဦးစောစံရွှေ ဖတ်ကြားတင်ပြသည့် ပြည်ထောင်စု ကရင်အမျိုးသားများ အဖွဲ့ချုပ်၏ အကြံပြုချက်စာတမ်း၊ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီမှ ဦးယန် ကျင့်ကန် ဖတ်ကြားတင်ပြသည့် ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ၏ အကြံပြုချက်စာတမ်းနှင့် ‘ဝ’အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ဦးညီပလုပ် ဖတ်ကြားတင်ပြသည့် ‘ဝ’အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ အကြံပြု ချက်စာတမ်းတို့နှင့် နိုဝင်ဘာ၂၉ရက်တွင် ကျင်းပသော အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင် မည့် ရွေးကောက်တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေးပါတီများ အခန်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံ စုံညီ အစည်းအဝေးသို့ တင်ပြသည့် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သည့် ညီလာခံကိုယ်စားလှယ်များ ဖြစ်ကြသော ချင်းပြည်နယ် ထန်တလန်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ် ဒေါက်တာမှုထန်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ရွာငံမြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးအောင်သိန်းနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးထွန်းကျော်တို့၏ အကြံပြုချက်စာတမ်းတို့ကို သတင်းစာများတွင် ဆက်လက်ဖော်ပြသွားပါမည်။** (သတင်းစဉ်)

❐ *ကျောဖုံးမှ*

လယ်သမား ကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တောင်သူလယ်သမား ကိုယ်စားလှယ်များ၊ အလုပ်သမား ကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ အလုပ်သမားကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များဖြစ်ကြသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အစိုးရအဖွဲ့ရုံး၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကျင်းပရေး ကော်မရှင်ရုံး၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ဝန်ကြီးဌာနအသီးသီးမှ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များတွင် တစ်ဦးချင်း ဖိတ်ကြားထားသူများနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြသည့် တိုင်းရင်းသား အဖွဲ့အစည်းများဖြစ်ကြသော ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၁)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၂)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၃)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အထူးဒေသ(၄)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၅)၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အထူးဒေသ(၆)၊ ကချင်ပြည်နယ် အထူးဒေသ(၁)၊ ကချင်ပြည်နယ် အထူးဒေသ(၂)၊ ကယားပြည်နယ် အထူးဒေသ(၁)၊ ကယားပြည်နယ် အထူးဒေသ(၂)၊ ကယားပြည်နယ် အထူးဒေသ(၃)၊ ကရင်နီအမျိုးသား ဒီမိုကရက်တစ်ပါတီ (KNDP) (နဂါး)အဖွဲ့၊ ကရင်နီ အမျိုးသားတိုးတက်ရေးပါတီ (KNPP) (ဟိုယာ)၊ ကရင်နီ အမျိုးသားစည်းလုံးညီညွတ်ရေးပါတီ(ကမစည)၊ တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသား အစည်းအရုံး(DKBA)၊ ပေါင်သရော အထူးဒေသအဖွဲ့၊ လက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ်ခဲ့ကြသည့် ကရင်ပြည်နယ် ဘားအံမြို့နယ် ငြိမ်းချမ်းရေးမြို့သစ်အဖွဲ့၊ ဗမာပြည်ကွန်မြူနစ်ပါတီ (ရခိုင်ပြည်နယ်အဖွဲ့)၊ ရခိုင်တပ်မတော် (AA)အဖွဲ့၊ ဟိုမိန်းဒေသ ဖွံ့ဖြိုးရေးနှင့် သက်သာချောင်ချိရေးအဖွဲ့၊ ရွှေပြည်အေး(MTA) အလင်းဝင်အဖွဲ့၊ မန်ပန်ဌာနေပြည်သူ့စစ်အဖွဲ့၊ မွန်လက်နက်ကိုင်ငြိမ်းချမ်းရေးအဖွဲ့ (ချောင်ချိဒေသ) နှင့် မွန်နိုင်စိုက်ချမ်းအဖွဲ့တို့မှ အမျိုးသား ညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေး မစတင်မီ နံနက် ၇ နာရီခွဲမှ စတင်၍ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီ အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှု ကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များ၊ အလုပ်သမား ကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များနှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များသည် အမျိုးသားညီလာခံ စုံညီအစည်းအဝေး ကျင်းပရာ ပြည်ထောင်စုခန်းမနှင့် ကိုယ်စားလှယ်များ နားနေဆောင်ခန်းမတို့၌ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းတင် လက်မှတ်ရေးထိုးကြသည်။

## သဘာပတိ

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် သဘာပတိအဖြစ် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးမောင်ကြီးက ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဝင် ဦးမျိုးသန့်(မောင်ဆုရှင်)၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးစောဖီးလစ်(ခေါ်) ဦးဖီးလစ်ဆမ်၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးမောင်လှ(ခေါ်) ဦးလှမြင့်၊ တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးကံညွန့်၊ အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးကျော်ဝင်းထွန်း၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒေါက်တာမောင်မောင်ဝင့်၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးတင်ခနှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့မှ ဒေါက်တာမနန်းတူးဂျာတို့က ဆောင်ရွက်ကြသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီရုံး ညွှန်ကြားရေးမှူး(အစည်းအဝေး) ဦးသန်းအောင်က ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်က ဆောင်ရွက်သည်။

ရှေးဦးစွာ အခမ်းအနားမှူးက အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၁၀၈၀ ရှိပြီး ညီလာခံကိုယ်စားလှယ် ၁၀၆၆ ဦးတို့ တက်ရောက်ကြသည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၈ ဒသမ ၇ ရှိ၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အမျိုးသားညီလာခံ စုံညီအစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

## အကြံပြုချက်စာတမ်းများအပ်နှံ

ထို့နောက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ရွေးကောက်တင်မြှောက်ခြင်း အခန်း၊ နိုင်ငံရေးပါတီများအခန်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တင်ပြသည့် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ကိုယ်စားလှယ်များ၏ အကြံပြုချက်စာတမ်းနှင့်စပ်လျဉ်း၍ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ဧရာဝတီတိုင်း အင်္ဂပူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ ရွေးချယ်ခံကိုယ်စားလှယ် ဦးသိန်းထွန်းက ယခု မိမိ ဖတ်ကြားတင်ပြမည့် အကြံပြုချက်စာတမ်းသည် ၂၀၀၆ ခုနှစ် နိုဝင်ဘာ ၂၇ ရက်တွင် ကျင်းပခဲ့သည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့တွင် ပါဝင်သည့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီမှ ဦးထွန်းရီ ဖတ်ကြားတင်ပြသွားသည့် အကြံပြုချက်စာတမ်းနှင့် ထပ်တူထပ်မျှ ဖြစ်ပါသောကြောင့် အချိန်ကို လေးစားသောအားဖြင့် ဖတ်ကြားတင်ပြခြင်း မပြုတော့ဘဲ သဘာပတိအဖွဲ့ထံ အပ်နှံသွားမည်ဖြစ်ကြောင်းဖြင့် တင်ပြပြီး သဘာပတိထံ အပ်နှံသည်။

ဆက်လက်၍ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့၏ အကြံပြုချက်စာတမ်းနှင့်စပ်လျဉ်း၍ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့မှ ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ ရွေးချယ်ခံ ကိုယ်စားလှယ် ဦးစံသာအောင်က ယခု မိမိ ဖတ်ကြားတင်ပြမည့် အကြံပြုချက်စာတမ်းသည် ၂၀၀၆ ခုနှစ် နိုဝင်ဘာ ၂၇ ရက်တွင် ကျင်းပခဲ့သည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့တွင် ပါဝင်သည့် မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့မှ ဦးစိန်ထွန်း ဖတ်ကြားတင်ပြသွားသည့် အကြံပြုချက်စာတမ်းနှင့် ထပ်တူထပ်မျှ ဖြစ်ပါသောကြောင့် အချိန်ကို လေးစားသောအားဖြင့် ဖတ်ကြားတင်ပြခြင်း မပြုတော့ဘဲ သဘာပတိအဖွဲ့ထံ အပ်နှံသွားမည်ဖြစ်ကြောင်းဖြင့် တင်ပြပြီး သဘာပတိထံ အပ်နှံသည်။

## ဖတ်ကြားတင်ပြ

ယင်းနောက် ချင်းပြည်နယ် ထန်တလန်မြို့နယ် မဲဆန္ဒနယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ရွာငံမြို့နယ် မဲဆန္ဒနယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်တို့မှ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်သုံးဦး စုပေါင်းတင်ပြသည့် အကြံပြုချက်စာတမ်းကို ချင်းပြည်နယ် ထန်တလန်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ် ဒေါက်တာမှုထန်က ဖတ်ကြားတင်ပြပြီး အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက် ၉ နာရီ မိနစ် ၅၀ တွင် ခေတ္တရပ်နားသည်။

ဆက်လက်၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက် ၁၀ နာရီ ၅ မိနစ်တွင် ပြန်လည်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ရွေးကောက်တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေးပါတီများအခန်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များ အခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံ ရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသား ညီလာခံ စုံညီအစည်းအဝေးသို့ တင်ပြသည့် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့တွင် ပါဝင်သည့် ချင်းပြည်နယ် ထန်တလန်မြို့နယ် မဲဆန္ဒနယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ရွာငံမြို့နယ် မဲဆန္ဒနယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်တို့မှ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်သုံးဦး စုပေါင်းတင်ပြသည့် အကြံပြုချက်စာတမ်းကို ရှမ်းပြည်နယ်(တောင်ပိုင်း) ရွာငံမြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ် ဦးအောင်သိန်းက လည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီး ပုဂ္ဂလကိုယ်စားလှယ် ဦးထွန်းကျော်က လည်းကောင်း ဖတ်ကြားတင်ပြကြသည်။

**(ချင်းပြည်နယ် ထန်တလန်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဒေါက်တာမှုထန်၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ရွာငံမြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးအောင်သိန်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီး ပုဂ္ဂလကိုယ်စားလှယ် ဦးထွန်းကျော် တို့၏ အကြံပြုချက်စာတမ်းများကို ဆက်လက်ဖော်ပြသွားပါမည်။)**

ထို့နောက် အမျိုးသားညီလာခံ စုံညီ အစည်းအဝေးကို နံနက် ၁၁ နာရီတွင် ရပ်နားလိုက်သည်။

အမျိုးသားညီလာခံ စုံညီအစည်း အဝေးကို နိုဝင်ဘာ ၃၀ ရက် နံနက် ၉ နာရီတွင် ဆက်လက်ကျင်းပသွားမည် ဖြစ်သည်။ **(သတင်းစဉ်)**

# မပွလင်ကျောက်ထုတ်အလုပ်စခန်းရှိ အကျဉ်းကျရဲဘက်များအတွက် ပြည်တွင်း လူမှုရေးအသင်းအဖွဲ့မှ ပစ္စည်းများ သွားရောက်လှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၂၉**

ပြည်တွင်း လူမှုရေးအသင်းအဖွဲ့မှ ဦးမျိုးညွန့်နှင့် အဖွဲ့ဝင် ၁၂ ဦးသည် မပွလင် ကျောက်ထုတ်အလုပ်စခန်းသို့ နိုဝင်ဘာ ၂၂ ရက်တွင် သွားရောက်၍ အမျိုးသား အကျဉ်းသား ရဲဘက်များအတွက် ငွေကျပ် ၁၀၄၁၇၅ တန်ဖိုးရှိ မာမီးကြက်သားခေါက်ဆွဲ ၇၀၅ ထုပ်၊ ကာဘော်လစ်ဆပ်ပြာ အတုံး ၇၅၀ နှင့် စာအုပ်စာတမ်းမျိုးစုံ ၂၄၀ ကိုလည်းကောင်း၊ အမျိုးသမီး အကျဉ်းသူ ရဲဘက်များ အတွက် ငွေကျပ် ၁၀၀၄၄၅ ကျပ်တန်ဖိုးရှိ မာမီးကြက်သားခေါက်ဆွဲ၊ ကာဘော် လစ်ဆပ်ပြာ၊ သနပ်ခါးတုံး၊ သကြားလုံး၊ ခေါင်းလျှော်ရည်နှင့် အမျိုးသမီး အသုံးအဆောင်များကိုလည်းကောင်း ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံက ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ဦးစားပေးအရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိ ယခင်ကမရှိခဲ့သည့် အမျိုးသားမှိုင်းမြင်ပြုတီဘီဓာတ်ခွဲဌာနကို ၂၀၀၁ ခုနှစ်တွင် ဖွင့်လှစ်ဖော်ဆောင်နိုင်ခဲ့ ၂၀၀၅ခုနှစ်မှာ ရောဂါရှာဖွေတွေ့ရှိနှုန်း (၉၅)ရာခိုင်နှုန်း၊ ကုသအောင်မြင်မှုနှုန်း(၈၄)ရာခိုင်နှုန်းအထိတိုးတက်





**နိုင်ငံတော်၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲတွင် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် ရှင်းလင်းပြောကြားစဉ်။** (သတင်းစဉ်)

နေပြည်တော် နိုဝင်ဘာ ၂၉

**နိုင်ငံတော်၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍဆောင်ရွက်ချက်များနှင့်စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲတွင် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၏ ရှင်းလင်းပြောကြားချက်မှာ အောက်ပါအတိုင်းဖြစ်သည်—**

လူကြီးမင်းများ သိရှိပြီးဖြစ်တဲ့အတိုင်း မကြာမီက မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးပြဿနာ၊ အေအိုင်ဒီအက်စ်နှင့် အခြားရောဂါများဖြစ်ပွားမှု ပြဿနာစသည့်ပြဿနာများသည် ဒေသတွင်းမတည်ငြိမ်မှု ဖြစ်ပွားစေပြီး၊ နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိခိုက်လာနိုင်သဖြင့် လုံခြုံရေးကောင်စီ အာဂျင်ဒါမှာထည့်သွင်းဆွေးနွေးဖို့ ပြည်တွင်း ပြည်ပဆန့်ကျင်ဖက် အဖွဲ့အစည်းများနှင့် မြန်မာနိုင်ငံ၏ အကျိုးကိုမလိုလားကြတဲ့ အဖျက်သမားများက စွပ်စွဲဆောင်ရွက်လာမှုများရှိလာပါတယ်။ ဤစွပ်စွဲချက်ဟာ ကြောင်းကျိုးခိုင်လုံမှုမရှိတဲ့ တစ်ဖက်သတ်စွပ်စွဲချက်သာဖြစ်ကြောင်းကို အားလုံးသိရှိ နိုင်စေဖို့ ကျန်းမာရေးကဏ္ဍရဲ့ အမှန်တကယ် ဖြစ်ထွန်းအောင်မြင်မှုများကို ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။

ကျန်းမာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနဲ့ ပတ်သက်ပြီး **"တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး"**ဟူသော လူမှုရေးဦးတည်ချက်၊ အမျိုးသားကျန်းမာရေးမူဝါဒများနဲ့အညီ အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိရာမှာ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် လူတိုင်း သက်တမ်းစေ့အသက်ရှည်စွာနေနိုင်ရေး၊ လူတိုင်းရောဂါဘယကင်းရှင်းရေးဟူသော ရည်မှန်းချက်(၂)ရပ်ချမှတ်ကာ ကျေးလက်ဒေသအောက်ခြေအထိ ကျန်းမာရေးအသိပညာပေးခြင်း၊ ရောဂါကာကွယ်တားဆီးခြင်းနဲ့ ရောဂါဖြစ်ပွားလျှင် ထိရောက်စွာကုသမှုပေးခြင်းဟူသော နည်းဗျူဟာသုံးရပ်ဖြင့် ကျယ်ပြန့်စွာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

အာဆီယံနိုင်ငံများဟာ ASEAN Vision 2020 နဲ့ ရေရှည်မျှော်မှန်းချက်ချမှတ်ပြီး ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံဟာ အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်တဲ့အလျောက် Myanmar Vision 2030 ဖြင့် ရေရှည်မျှော်မှန်းချက်ချမှတ်ပြီး ဆောင်ရွက်ရန် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် **"မြန်မာ့ကျန်းမာရေးဆိုင်ရာ မျှော်မှန်းချက်"** Myanmar Health Vision 2030 **နှစ်(၃၀)နှစ်ရှည် ကျန်းမာရေးစီမံကိန်း(၂၀၀၁-၂၀၃၀)ကို** ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

နှစ်ရှည် နှစ်(၃၀)စီမံကိန်းမှာ ပြည်သူလူထုရဲ့ ကျန်းမာရေးအဆင့်အတန်းမြင့်မားလာစေရန်၊ ကူးစက်ရောဂါများကို ပြည်သူ့ကျန်းမာရေးပြဿနာအဖြစ်မှ ဖယ်ရှားပြီး လုံးဝပပျောက်ရန်၊ အခြားကျန်းမာရေးပြဿနာများ လျော့နည်းကျဆင်းလာရန်နဲ့ ပြည်သူ့ကျန်းမာရေးပြဿနာအဖြစ် ပေါ်ပေါက်လာနိုင်တဲ့ရောဂါများနဲ့ ကျန်းမာရေးပြဿနာများ ဖြေရှင်းနိုင်ရေးအတွက် ကြိုတင်စီမံဆောင်ရွက်နိုင်ရန်စတဲ့ ရည်မှန်းချက်များ ချမှတ်အကောင်အထည်ဖော်လျက်ရှိပါတယ်။

ယခုအခါ နိုင်ငံတော်ရဲ့ စတုတ္ထနှစ်ကို ငါးနှစ်စီမံကိန်းနဲ့ လိုက်လျောညီထွေစွာ **အမျိုးသားကျန်းမာရေးစီမံကိန်း(၂၀၀၆-၂၀၁၁)**ကို စီမံချက်ကြီး ၁၂ ခုနှင့် လုပ်ငန်းစီမံချက် ၆၆ ခုတို့ဖြင့် ရေးဆွဲအကောင်အထည်ဖော်လျက်ရှိပါတယ်။

အမျိုးသားကျန်းမာရေးစီမံကိန်းမှာ အရည်အသွေးပြည့်ဝတဲ့ ကျန်းမာရေးစောင့်ရှောက်မှုနဲ့ လွှမ်းခြုံမှု ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရန်နဲ့ ကျေးလက်ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရန်စတဲ့ ရည်မှန်းချက်များထားရှိကာ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာနိုင်ငံရဲ့ ဆေးပညာသင်ကြားရေးနဲ့ ကျန်းမာရေးစောင့်ရှောက်မှုကို အာဆီယံထိပ်တန်းနိုင်ငံများနဲ့ ရင်ပေါင်တန်းနိုင်စေဖို့ **အမျိုးသား ပညာရည်မြင့်မားရေးအထူး (၄)နှစ်စီမံကိန်း (၂၀၀၀-၂၀၀၁ ခုနှစ်မှ ၂၀၀၃-၂၀၀၄ ခုနှစ်)**ကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါတယ်။ ပညာရည်မြင့်မားရေးအထူးလေးနှစ်စီမံကိန်းမှာ ပညာရှင်နဲ့ ကျွမ်းကျင်ဝန်ထမ်းများ ဖြည့်တင်းရေး၊ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုအဆင့်မြှင့်တင်ရေး၊ သင်ကြားရေးဆေးရုံများတိုးချဲ့ခြင်းနဲ့ အဆင့်မြှင့်တင်ရေး၊ တက္ကသိုလ်ကျောင်းများ အဆင့်မြှင့်တင်ရေး၊ တိုင်းရင်းဆေးပညာ အဆင့်မြှင့်တင်ရေးနဲ့ ဆေးသုတေသနလုပ်ငန်းများ အဆင့်မြှင့်တင်ရေးစတဲ့ လုပ်ငန်းကြီးခြောက်ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ပြီး ဖြစ်ပါတယ်။

နိုင်ငံတော်၏ လူဦးရေအများစုနေထိုင်ရာ ကျေးလက်ရှိပြည်သူများရဲ့ လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားလာစေဖို့ ကျေးလက်ဒေသ ဘက်စုံဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲဆောင်ရွက်ရန် နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်မှုနဲ့အညီ **ကျေးလက်ကျန်းမာရေးဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း(၂၀၀၁-၂၀၀၆)**ကို ရေးဆွဲ အကောင်အထည်ဖော်ခဲ့ပါတယ်။

ခုခံအားကျဆင်းမှုကူးစက်ရောဂါ၊ တီဘီရောဂါနဲ့ ငှက်ဖျားရောဂါစတဲ့ ကူးစက်ရောဂါများဟာ တိုင်းပြည်အတွက် ကုန်ထုတ်စွမ်းအားပေးနိုင်တဲ့ အလုပ်လုပ်နိုင်တဲ့အရွယ်များမှာ အများဆုံးဖြစ်ပွားလျက်ရှိပါတယ်။ ဒါ့ကြောင့် အဲဒီရောဂါသုံးမျိုးဟာ ပြည်သူလူထုရဲ့ လူမှုစီးပွားရေးဘဝများရဲ့ ဖွံ့ဖြိုးတိုးတက်ရေးများကို ထိခိုက်နိုင်သည့်အလျောက် ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ နိုင်ငံတော်အတွင်း အဓိကဦးစားပေးတိုက်ဖျက်ရမည့်ရောဂါများအဖြစ် သတ်မှတ်ထားပြီး အမျိုးသားရေးအသွင်ဖြင့် တိုက်ဖျက်လျက်ရှိပါတယ်။ ရောဂါဖြစ်ပွားမှု လျော့နည်းစေရန်သာမက ရောဂါကြောင့် အသက်ဆုံးရှုံးရမှုလျော့နည်းစေဖို့၊ ပြည်သူ့ကျန်းမာရေးပြဿနာတစ်ခုအဖြစ် ရှိနေရာမှ ကွယ်ပျောက်သွားစေဖို့သာမက ကုလသမဂ္ဂထောင်စုနှစ် ဖွံ့ဖြိုးရေးရည်မှန်းချက်များ (MDG) ပြည့်မီစေရေးအတွက်ပါ ဦးတည်ချက်ထားပြီး ဆောင်ရွက်လျက်ရှိပါတယ်။ **ခုခံအားကျဆင်းမှု ကူးစက်ရောဂါ** တိုက်ဖျက်ရေးလုပ်ငန်းဖြစ်စဉ် မှတ်တိုင်များမှာ–

* ရောဂါကာကွယ်တားဆီးရေးလုပ်ငန်းများနှင့် ပတ်သက်၍ လိုအပ်သည့် လေ့လာမှုများကို ၁၉၈၅ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ပါတယ်။
* ခုခံအားကျဆင်းမှုကူးစက်ရောဂါကာကွယ်တားဆီးရေးနှင့် တိုက်ဖျက်ရေးဗဟိုအဖွဲ့ကို အမျိုးသားကျန်းမာရေးကော်မတီ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ၁၉၈၉ခုနှစ်တွင် စတင်ဖွဲ့စည်း ဆောင်ရွက်နိုင်ခဲ့ပါသည်။ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးမှ ဥက္ကဋ္ဌအဖြစ်ပါဝင်ပြီး နီးနွယ်နေသည့် ဝန်ကြီးဌာနများ၊ လူမှုရေး အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ အဖွဲ့ဝင်အဖြစ်ပါဝင်ပါတယ်။
* ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ ရောဂါနှိမ်နင်းရေးဌာနခွဲအောက်တွင် ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးစီမံချက်ကို ၁၉၈၉ခုနှစ်မှ စတင်၍ ဖွဲ့စည်းဆောင်ရွက်ခဲ့ပါတယ်။
* လုပ်ငန်းများစနစ်တကျနှင့် နည်းစနစ်မှန်ကန်စွာ ဆောင်ရွက်နိုင်စေရေးအတွက် နှစ်တိုစီမံချက်တစ်ရပ်ကို ၁၉၈၉ခုနှစ်တွင် ရေးဆွဲ လုပ်ဆောင်ခဲ့ပါသည်။ တစ်ချိန်တည်းမှာပင် လုပ်ငန်းကော်မတီနှင့် ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့်မြို့နယ်အဆင့်ကော်မတီများကိုလည်း ဖွဲ့စည်းဆောင်ရွက်နိုင်ခဲ့ပါတယ်။
* နိုင်ငံတော်အတွင်း အိပ်ချ်အိုင်ဗွီပိုးကူးစက်ပြန့်ပွားမှု အခြေအနေကို စနစ်တကျလေ့လာသည့် လုပ်ငန်း(HIV Sentinel Surveillance)ကို ၁၉၉၂ခုနှစ်မှ စတင်ဆောင်ရွက်နိုင်ခဲ့ပါတယ်။
* မိခင်မှကလေးသို့ အိပ်ချ်အိုင်ဗွီရောဂါကူးစက်မှုကာကွယ်ရေးလုပ်ငန်းကို ၂၀၀၀ပြည့်နှစ်တွင် စတင်ဆောင်ရွက်နိုင်ခဲ့ပါတယ်။
* ဦးတည်အုပ်စုများတွင် ရာနှုန်းပြည့် ကွန်ဒုံးသုံးစွဲရေးလုပ်ငန်းကို ၂၀၀၁ ခုနှစ်တွင် စတင်ဆောင်ရွက်နိုင်ခဲ့ပါတယ်။
* ဗိုင်းရပ်စ်ပိုးပွားများမှုကို ဟန့်တားစေသည့်လုပ်ငန်း (Antiretroviral Therapy)ကို ၂၀၀၅ခုနှစ်တွင် စတင်ဆောင်ရွက်နိုင်ခဲ့ပါတယ်။
* ပိုးမွှားကင်းစင်သော သွေးရရှိစေရေးအတွက် တစ်နိုင်ငံလုံးလွှမ်းခြုံမှုကို ၂၀၀၄ခုနှစ်တွင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။
* နိုင်ငံတော်အဆင့် ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေး ဆိုင်ရာလှုပ်ရှားမှုပြပွဲများကို ၂၀၀၃ ခုနှစ်နှင့် ၂၀၀၄ ခုနှစ်တို့တွင် စတင်ဆောင်ရွက်နိုင်ခဲ့ပါတယ်။
* ရောဂါကာကွယ်တားဆီးရေးနှင့် တိုက်ဖျက်ရေးအတွက် လုပ်ငန်းဆောင်ရွက်ချက်များကို ပြင်ပမှကျွမ်းကျင်သူ ပညာရှင်များဖြင့် လေ့လာဆန်းစစ်သည့်လုပ်ငန်းကို ၂၀၀၆ခုနှစ်တွင် စတင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။
* ၂၀၀၆ခုနှစ်မှ ၂၀၁၀ပြည့်နှစ်ကာလအတွင်း နိုင်ငံတော်၌ ခုခံအားကျဆင်းမှုကူးစက်ရောဂါနှင့်ပတ်သက်၍ ကဏ္ဍစုံဘက်စုံမှ ပူးပေါင်းဆောင်ရွက်မှု စီမံချက်(National Strategic Plan)ကို ၂၀၀၆ခုနှစ်တွင် ရေးဆွဲ အတည်ပြုနိုင်ခဲ့ပါတယ်။

အခြားနိုင်ငံများသို့ အကြောင်းအမျိုးမျိုးဖြင့် သွားလာခဲ့ခြင်းကြောင့် အေအိုင်ဒီအက်စ်ရောဂါဝေဒနာရှင်ကို ၁၉၉၁ခုနှစ်တွင် စတင်တွေ့ရှိခဲ့ပါတယ်။ ၂၀၀၄ခုနှစ် စက်တင်ဘာလတွင် ပြုလုပ်သည့် ကျန်းမာရေးဝန်ကြီးဌာနနှင့် ဂျနီဗာမြို့ရှိ UNAIDSနှင့် WHOဌာနချုပ်မှ ကျွမ်းကျင်သူများနှင့် ပူးပေါင်းဆောင်ရွက်သော ခန့်မှန်းတွက်ဆခြင်း အလုပ်ရုံဆွေးနွေးပွဲ၏ ခန့်မှန်းတွက်ချက်မှုအရ မြန်မာနိုင်ငံတွင် အိပ်ချ်အိုင်ဗွီရောဂါပိုး ကူးစက်ခံထားရနိုင်သူနှင့် အေအိုင်ဒီအက်စ်ဝေဒနာခံစားနေရသူ စုစုပေါင်း ၃၃၈၉၁၁ဦး ရှိပါတယ်။ ၂၀၀၅ခုနှစ် စက်တင်ဘာလတွင် ပြုလုပ်သည့် ကျန်းမာရေးဦးစီးဌာနနှင့် အခြားဦးစီးဌာနများ၊ WHO, UNAIDS မှကျွမ်းကျင်သူများပါဝင်သော အိပ်ချ်အိုင်ဗွီပိုးကူးစက်ပြန့်ပွားမှုနှင့် ရရှိမည့်အကျိုးဆက်များကို ခန့်မှန်းတွက်ဆခြင်းအလုပ်ရုံဆွေးနွေးပွဲရလဒ်အရ မြန်မာနိုင်ငံတွင် ၂၀၀၀ပြည့်နှစ်တွင် အိပ်ချ်အိုင်ဗွီဖြစ်ပွားမှုနှုန်း ၁ဒသမ၅ရာခိုင်နှုန်း ရှိခဲ့ရာမှ ၂၀၀၅ခုနှစ်တွင် ၁ဒသမ၃ရာခိုင်နှုန်းသို့ လျော့ကျသွားပါတယ်။ ထောင်စုနှစ်ရည်မှန်းချက်၏ အညွှန်းကိန်း နံပါတ်(၆)ဖြစ်သည့် အသက်(၁၅)နှစ်မှ (၂၄)နှစ်ရှိသည့် ကိုယ်ဝန်ဆောင် မိခင်များအကြား အိပ်ချ်အိုင်ဗွီပိုးတွေ့နှုန်းမှာ ၂၀၀၀ပြည့်နှစ်တွင် ၂ဒသမ၇၈ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၀၅ခုနှစ်တွင် ၁ဒသမ၃၁ရာခိုင်နှုန်းသို့ လျော့ကျသွားကြောင်း တွေ့ရပါတယ်။ အိပ်ချ်အိုင်ဗွီသည် အေအိုင်ဒီအက်စ်ရောဂါကို ဖြစ်စေနိုင်သော ဗိုင်းရပ်စ်ပိုးတစ်မျိုးဖြစ်ပါတယ်။ လူတစ်ဦးသည် အိပ်ချ်အိုင်ဗွီပိုးကူးစက်ခံရပြီးနောက် ကိုယ်ခံအားများကျဆင်းလာကာ ရောဂါလက္ခဏာများဖြစ်ပေါ်လာပြီး အေအိုင်ဒီအက်စ်ဝေဒနာရှင်အဖြစ် ရောက်ရှိရန် ပျမ်းမျှခြင်းအားဖြင့် ခုနစ်နှစ်မှ ၁၀နှစ်ခန့် ကြာတတ်ပါတယ်။ မြန်မာနိုင်ငံတွင် ရောဂါကူးစက်ပြန့်ပွားမှုကို သုံးသပ်ကြည့်ရှုပါက မြန်မာနိုင်ငံ၏ အရှေ့ခြမ်းဒေသများတွင် ရောဂါကူးစက်ဖြစ်ပွားမှုနှုန်းသည် မြန်မာနိုင်ငံ အလယ်ပိုင်းနှင့် အနောက်ပိုင်းဒေသများထက် များစွာပိုမိုကြောင်းတွေ့ရှိရပါတယ်။

အေအိုင်ဒီအက်စ်/ ကာလသားရောဂါတိုက်ဖျက်ရေးစီမံချက်ကို အောက်ပါ အဓိကလုပ်ငန်းစဉ်ကြီး ၁၀ရပ် ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။

အေအိုင်ဒီအက်စ်/ကာလသားရောဂါ **ပညာပေးခြင်းလုပ်ငန်းများ**ကို ပြည်သူလူထုနဲ့ ဦးတည်အုပ်စုများတွင် ပညာပေးခြင်းလုပ်ငန်းဟူ၍ လုပ်ငန်းစဉ်ကြီးနှစ်ရပ်ခွဲခြားကာ ပညာပေးအစီအစဉ်အမျိုးမျိုးကို ကျန်းမာရေးဦးစီးဌာနရှိ အခြေခံကျန်းမာရေးဝန်ထမ်းများမှ ပြည်တွင်းလူမှုရေးအဖွဲ့အစည်းများ ဖြစ်ကြတဲ့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများနဲ့ အပြည်ပြည်ဆိုင်ရာ လူမှုရေးအဖွဲ့အစည်းများရဲ့ ပူးပေါင်းဆောင်ရွက်မှုတို့နဲ့ ကျေးလက်ဒေသအဆင့်အထိ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ရာမှာ ၂၀၀၅ခုနှစ် အတွင်း ပြည်သူလူထု ငါးသိန်းကျော်အား ကျန်းမာရေးပညာပေးဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဒါ့အပြင် ကျန်းမာရေးပညာပေးအချက်အလက်များအား လစဉ်စာစောင် အမျိုးပေါင်း ၃၀ကျော်မှတစ်ဆင့် ထည့်သွင်းဖော်ပြ ပညာပေးလျက်ရှိပါတယ်။

ကျောင်းနေလူငယ်များအတွက် ပညာရေးဝန်ကြီးဌာနနဲ့ UNICEF တို့ ပူးပေါင်းပြီး ၁၉၉၈ခုနှစ်မှ စတင်၍ SHAPE (School Based Healthy Living HIV/AIDS Prevention Education) စီမံချက်ဖြင့် ကျောင်းများမှာ စတုတ္ထတန်းမှ နဝမတန်းအထိ အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ဆိုင်ရာ ပညာပေးသင်ခန်းစာများကို တွဲဖက်သင်ရိုးအဖြစ် မြို့နယ်ပေါင်း ၁၃၄မြို့နယ်မှာ ဆောင်ရွက်နိုင်ခဲ့ပြီး ၂၀၀၅ခုနှစ်အတွင်း ကျောင်းသူ ကျောင်းသား ၂ဒသမ၄သန်းခန့်အား ပညာပေးနိုင်ခဲ့ပါတယ်။ ယခုအခါ စာသင်ကျောင်းအားလုံးတွင် National life skill curriculumဘဝတွက်တာ ကျွမ်းကျင်စရာ သင်ရိုးအဖြစ်

*စာမျက်နှာ ၅ ကော်လံ ၁*

*စာမျက်နှာ ၄ မှ*

အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ် ပညာပေးသင်ခန်းစာများကို သင်ကြားလျက်ရှိပါတယ်။

ကျန်းမာရေးပညာပေးလုပ်ငန်းနဲ့ ပတ်သက်ပြီး နိုင်ငံတော်အဆင့် ခုခံအားကျဆင်းမှုကူးစက်ရောဂါဆိုင်ရာပြပွဲကြီးများကို ၂၀၀၃ခုနှစ်နဲ့ ၂၀၀၄ခုနှစ်များမှာ ပြုလုပ်နိုင်ခဲ့ပါတယ်။ ဤဆောင်ရွက်ချက်ဟာ အရှေ့တောင်အာရှနိုင်ငံများအကြား ထူးခြားစွာ ဆောင်ရွက်နိုင်ခြင်းဖြစ်ပါတယ်။ ဒါ့အပြင် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ (World AIDS Day)ကို မြန်မာနိုင်ငံတွင် နှစ်စဉ်ဆောင်ရွက်လျက်ရှိရာမှာ ယခုနှစ်ဟာ (၁၅)ကြိမ်မြောက် ဖြစ်ပါတယ်။ အဲဒီအခမ်းအနားများမှာ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ ကိုယ်တိုင်တက်ရောက်ပြီး မိန့်ခွန်းပြောကြား ချီးမြှင့်ပေးခဲ့ပါတယ်။

ကာလသားရောဂါကာကွယ်ကုသရေးလုပ်ငန်းများကို ဆောင်ရွက်ရာမှာ ၁၉၈၈ခုနှစ် မတိုင်မီက အေအိုင်ဒီအက်စ်/ကာလသားရောဂါတိုက်ဖျက်ရေးအဖွဲ့ ၃၆ဖွဲ့သာရှိခဲ့သော်လည်း ယခုအခါမှာ အဖွဲ့ပေါင်း ၄၅ဖွဲ့ဖြင့် လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။

၁၉၈၈ခုနှစ် မတိုင်မီက **ဦးတည်အုပ်စုများတွင် ရာနှုန်းပြည့် ကွန်ဒုံးအသုံးပြုရေးစီမံချက်**မရှိခဲ့သော်လည်း ယခုအခါ မြို့နယ်ပေါင်း ၁၆၅မြို့နယ်မှာ စီမံချက်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ဤသို့ဆောင်ရွက်ရာမှာ ကျန်းမာရေးဦးစီးဌာန၊ ပြည်တွင်းလူမှုရေးအဖွဲ့အစည်းများနဲ့အတူ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်း လေးခုနဲ့အပြည်ပြည်ဆိုင်ရာလူမှုရေးအဖွဲ့အစည်း ၁၅ဖွဲ့တို့မှ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။ ၁၉၉၉ခုနှစ်မှာ ကွန်ဒုံး ၁၁သန်းခန့်သာ ဖြန့်ဖြူးပေးနိုင်ရာမှ ၂၀၀၅ခုနှစ်အတွင်း ကွန်ဒုံး သန်း ၄၀ခန့် ဖြန့်ဖြူးနိုင်ခဲ့ပါတယ်။

ကျန်းမာရေးဝန်ကြီးဌာနဟာ မူးယစ်ဆေးဝါးသုံးစွဲမှုမှတစ်ဆင့် အိပ်ချ်အိုင်ဗွီရောဂါ ကူးစက်ပြန့်ပွားမှု ကာကွယ်တဲ့လုပ်ငန်းကို ပြည်ထဲရေးဝန်ကြီးဌာန မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်ကာကွယ်တားဆီးရေးအဖွဲ့(ဗဟို)(CCDAC)နဲ့အတူ မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(MANA)၊ UNODCတို့နဲ့ပါ ပူးပေါင်းလျက် ဆောင်ရွက်လျက်ရှိပါတယ်။

**မူးယစ်ဆေးအကြောထဲထိုးသွင်းသူများအတွက် အန္တရာယ်လျှော့ချရေးလုပ်ငန်း** (Harm Reduction)တစ်ခုဖြစ်တဲ့ Methadoneဆေးရည် အစားထိုးတိုက်ကျွေးရေးစီမံချက်ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ အထောက်အပံ့နဲ့ ကျန်းမာရေးဝန်ကြီးဌာနက ၂၀၀၆ခုနှစ် ဖေဖော်ဝါရီလမှာ ရှေ့ပြေးစီမံချက်အဖြစ် စီမံချက်ဝင်မူးယစ်ဆေးစွဲရောဂါကုသရေးဌာန လေးခုဖြစ်ကြတဲ့ ရန်ကုန်၊ မန္တလေး၊ မြစ်ကြီးနား၊ လားရှိုးမြို့တို့မှာ စတင်အကောင်အထည်ဖော်ခဲ့ပါတယ်။ အဲဒီလုပ်ငန်းဆောင်ရွက်မှုများကို ပြည်ထဲရေးဝန်ကြီးဌာန၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် ကာကွယ်တားဆီးရေးအဖွဲ့(ဗဟို)(CCDAC)နဲ့ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်ခဲ့မှုများကို အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းတစ်ခုဖြစ်တဲ့ Aus AIDS အဖွဲ့မှ အသိအမှတ်ပြုချီးကျူးခဲ့ပါတယ်။ ၂၀၀၅ခုနှစ်အတွင်း မူးယစ်ဆေးဝါးအကြောတွင်းထိုးသွင်းသုံးစွဲသူပေါင်း ၁၀၀၀၀ကျော်အား ပညာပေးလုပ်ငန်းဆောင်ရွက်နိုင်ခဲ့ပြီး ဆေးထိုးအပ်နှင့် ဆေးထိုးပြွန် ၁ဒသမ၁သန်းဖြန့်ဝေနိုင်ခဲ့ပါတယ်။

**မိခင်မှကလေးသို့ အိပ်ချ်အိုင်ဗွီကူးစက်မှုတားဆီးရေးအစီအစဉ်(PMCT)**ကို ၂၀၀၀–၂၀၀၁ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ရာမှာ ၂၀၀၆ခုနှစ် နိုဝင်ဘာလကုန်အထိ ပြည်သူလူထုအခြေပြု(Community Based PMCT)မြို့နယ် ၁၉မြို့နယ်နဲ့ ဆေးရုံအခြေပြု(Hospital Based PMCT)ဆေးရုံကြီး ၃၇ရုံတို့မှာ ကျန်းမာရေးဝန်ကြီးဌာနနဲ့အတူ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ ပြည်တွင်းနဲ့ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၀၅ခုနှစ်အတွင်း ကိုယ်ဝန်ဆောင်မိခင် ၁ဒသမ၃သိန်းအား စီမံချက်လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

၁၉၈၈ခုနှစ်တွင် **ပိုးမွှားကင်းစင်သော သွေးရရှိစေရေး** အတွက် ဆေးရုံများသို့ အိပ်ချ်အိုင်ဗွီ Test Kitဖြန့်ဖြူးနိုင်ခြင်းမရှိသေးသော်လည်း ယခုအခါ တစ်နိုင်ငံလုံးရှိ ၃၂၄မြို့နယ်တွင် အိပ်ချ်အိုင်ဗွီ Test Kit များဖြန့်ဖြူးအသုံးပြုလျက်ရှိပါတယ်။

အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ရောဂါနှင့်ပတ်သက်ပြီး ပညာပေးခြင်း၊ ကာကွယ်၊ ကုသပြုစုစောင့်ရှောက်မှုပေးခြင်းစတဲ့ လုပ်ငန်းများကို Access for allမူအရ လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာမှာ ရောဂါကူးစက်ခံထားရတဲ့ ဝေဒနာရှင်များနဲ့ မိသားစုဝင်များအား နှစ်သိမ့်ဆွေးနွေးပညာပေးခြင်း၊ ART ဆေးတိုက်ကျွေးခြင်းနဲ့ အိမ်တွင်းပြုစုစောင့်ရှောက်မှု လုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။

၂၀၀၅ ခုနှစ်အတွင်းမှာ **နှစ်သိမ့်ဆွေးနွေးပညာပေးခြင်း(VCCT)လုပ်ငန်း** ဆောင်ရွက်နိုင်တဲ့နေရာ ၁၂၂ ခုမှ လူနှစ်သိန်းခန့်ကို နှစ်သိမ့်ဆွေးနွေးပညာပေးနိုင်ခဲ့ပါတယ်။ ဒါ့အပြင် ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ ART ဆေးတိုက်ကျွေးမှုကို ရန်ကုန်မြို့ရှိ ဝေဘာဂီအထူးကုဆေးရုံကြီး၊ မင်္ဂလာဒုံအထူးကုဆေးရုံကြီးအပါအဝင် ဆေးရုံကြီးပေါင်း ၁၃ ရုံမှာ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနနဲ့အတူ AZG, MSF(Switzerland)အစရှိတဲ့ NGO ငါးခုတို့မှလည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

၂၀၀၆ ခုနှစ်မှာ အေအိုင်ဒီအက်စ်လူနာပေါင်း ၂၅၀၀ ကျော်ကို ART ဆေးတိုက်ကျွေးခဲ့ပြီး ရောဂါကူးစက်ခံထားရသူ တစ်သောင်းကျော်ကို အိမ်တွင်းပြုစုစောင့်ရှောက်မှုပေးနိုင်ခဲ့ပါတယ်။ ၂၀၀၇–၂၀၀၈ ခုနှစ်မှာ လူနာ ၄၀၀၀ ကျော်အထိ ဆေးတိုက်ကျွေးရန်စီစဉ်လျက်ရှိပါတယ်။ ပြည်နယ်နဲ့တိုင်း ပြည်သူ့ဆေးရုံကြီးအားလုံးတို့မှာ အေအိုင်ဒီအက်စ်လူနာများကို ARTဆေးတိုက်ကျွေးမှုနဲ့ အခွင့်အရေးယူဝင်ရောက်လာသော ရောဂါများအတွက် ဆေးဝါးများအား ဖြန့်ဖြူးပေးလျက် ကုသမှုများကိုဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့အပြင် **အိမ်တွင်းစနစ်တကျပြုစုစောင့်ရှောက်ပေး**ဖို့လိုအပ်တဲ့ အေအိုင်ဒီအက်စ် နာတာရှည်၊ တီဘီရောဂါသည်များအား ကုသမှုနဲ့ ပြုစုစောင့်ရှောက်မှုလုပ်ငန်းများကို ကျန်းမာရေးဝန်ကြီးဌာန၊ အခြားနီးနွယ်သောဝန်ကြီးဌာနများနဲ့ ပြည်တွင်းပြည်ပလူမှုရေးအဖွဲ့အစည်းများပူးပေါင်းပြီးဆောင်ရွက်လျက်ရှိပါတယ်။ လူထုလှုပ်ရှားမှုအသွင်ဖြင့် ပြည်တွင်းလူမှုရေးအဖွဲ့အစည်းဖြစ်ကြတဲ့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ မြန်မာနိုင်ငံဆရာဝန်အသင်း၊ မြန်မာနိုင်ငံသူနာပြုအသင်း၊ မြန်မာနိုင်ငံလက်ထောက်ကျန်းမာရေးမှူးအသင်းနဲ့ အရန်မီးသတ်တပ်ဖွဲ့တို့မှ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၀၆ ခုနှစ်အတွင်း ရန်ကုန်တိုင်းနဲ့ မကွေးတိုင်းတို့မှာ စတင်ဆောင်ရွက်ခဲ့ပြီး ယခုအခါတစ်နိုင်ငံလုံး ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန်စီစဉ်လျက်ရှိပါတယ်။

ကျန်းမာရေးဝန်ကြီးဌာနဟာ ပညာရေးဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာန၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ပုဂ္ဂလိကလုပ်ငန်းကဏ္ဍများ၊ လူထုအခြေပြုအဖွဲ့အစည်းများနဲ့ပူးပေါင်းပြီး အေအိုင်ဒီအက်စ်/ ကာလသားရောဂါကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာနိုင်ငံအနေနဲ့ ဒေသဆိုင်ရာနဲ့ နိုင်ငံတကာဆိုင်ရာရောဂါကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းများမှာ ပါဝင်လျက်ရှိပါတယ်။ ASEAN Task Force on AIDS(ATFOA)၊ **မဲခေါင်ဒေသဆိုင်ရာပူးပေါင်းဆောင်ရွက်ခြင်း** လုပ်ငန်းများမှာ ပါဝင်ဆောင်ရွက်ခဲ့ပါတယ်။

ကျန်းမာရေးဝန်ကြီးဌာနဟာ ခုခံအားကျဆင်းမှုရောဂါ ကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းများကို ပြည်တွင်းလူမှုရေးအသင်းအဖွဲ့ ၁၇ဖွဲ့၊ နိုင်ငံတကာလူမှုရေးအသင်းအဖွဲ့၁၉ဖွဲ့၊ နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုအဖွဲ့တစ်ဖွဲ့နှင့် ကုလသမဂ္ဂအဖွဲ့အစည်းခုနစ်ဖွဲ့တို့နဲ့ပူးပေါင်းပြီး ဆောင်ရွက်လျက်ရှိပါတယ်။

အေအိုင်ဒီအက်စ်/ကာလသားရောဂါကာကွယ်တိုက်ဖျက်ရေးလုပ်ငန်း များကို အထူးစီမံကိန်းတစ်ရပ်အနေဖြင့် TB-HIVပူးပေါင်းဆောင်ရွက်မှုစီမံချက်လုပ်ငန်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံတို့နဲ့ နယ်စပ်ဒေသဆိုင်ရာ ကျန်းမာရေးပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာမှာ မြန်မာ–ထိုင်း ရှာဖွေစစ်ဆေး အခမဲ့ကုသပေးလျက်ရှိပါတယ်။ တီဘီ HIV ပူးပေါင်းကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းများကို မြို့နယ်ခုနစ်မြို့နယ်တွင် ၂၀၀၅ခုနှစ်မှာ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါတယ်။ မန္တလေးငါးမြို့နယ်တွင် HIV ပိုးတွေ့သည့် တီဘီလူနာများကို ART ဆေးဖြင့် ၂၀၀၅ခုနှစ် မေလမှစ၍ ကုသပေးလျက်ရှိပါတယ်။

တီဘီရောဂါကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းအနေနဲ့ ၁၉၈၈ခုနှစ်မှာ တီဘီဝေဒနာရှင် ၉၃၄၈ဦး ရှာဖွေဖော်ထုတ်ပြီး ၇၄၇၈ဦးကုသအောင်မြင်ခဲ့၍ ရောဂါကုသအောင်မြင်နှုန်း၇၈ရာခိုင်နှုန်းရရှိခဲ့ပါတယ်။ ၂၀၀၅ခုနှစ်တွင် တီဘီဝေဒနာရှင်ပေါင်း ၁၀၇၉၉၁ဦးရှာဖွေဖော်ထုတ်ပြီး ၉၀၇၁၂ဦး ကုသအောင်မြင်နိုင်ခဲ့၍ ရောဂါကုသအောင်မြင်နှုန်း ၈၄ရာခိုင်နှုန်းရရှိလျက်ရှိပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဟာ တီဘီရောဂါနှင့်ပတ်သက်ပြီး ရောဂါရှာဖွေတွေ့ရှိနှုန်း အနည်းဆုံး၇၀ရာခိုင်နှုန်းနဲ့ ရောဂါကုသ အောင်မြင်နှုန်းအနည်းဆုံး ၈၅ရာခိုင်နှုန်း ရရှိရန် ရည်မှန်းချက် ချမှတ်ထားပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ၁၉၉၄ ခုနှစ်မှာ ရောဂါရှာဖွေတွေ့ရှိနှုန်း ၃၂ဒသမ၄ရာခိုင်နှုန်းနဲ့ ရောဂါကုသ အောင်မြင်နှုန်း ၇၈ရာခိုင်နှုန်း ရှိခဲ့ရာမှ ၂၀၀၅ ခုနှစ်မှာ ရောဂါရှာဖွေတွေ့ရှိနှုန်း ၉၅ရာခိုင်နှုန်းနဲ့ ရောဂါကုသအောင်မြင်နှုန်း ၈၄ရာခိုင်နှုန်း အထိ တိုးတက်ရရှိနေပြီး ဖြစ်ပါတယ်။

**ငှက်ဖျားရောဂါ** နဲ့ပတ်သက်ပြီး ကမ္ဘာတစ်ဝန်းမှာ ပြန်လည် ဦးမော့လာတဲ့ ငှက်ဖျားရောဂါကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက Global Malaria Program ဖြင့် ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို အရှိန်အဟုန်တိုးမြှင့် ဆောင်ရွက်လျက်ရှိသကဲ့သို့ မြန်မာနိုင်ငံအနေဖြင့်လည်း ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ဦးစားပေး အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိပါတယ်။ လက်ရှိအခြေအနေမှာ

# ငှက်ဖျားရောဂါကုထုံးသစ်ကို ၂၀၀၂ခုနှစ်တွင် စတင်ကျင့်သုံးခဲ့ ၂၀၀၆ခုနှစ်မှာ တစ်နိုင်ငံလုံးရှိ မြို့နယ်အားလုံး လွှမ်းခြုံပေး

နယ်စပ်ဒေသများရှိ မြို့နယ် ၁၆ ခုတွင် အေအိုင်ဒီအက်စ်/ကာလသားရောဂါ၊ တီဘီရောဂါနဲ့ ငှက်ဖျားရောဂါကာကွယ်တားဆီးရေးလုပ်ငန်းများကို ၂၀၀၀ ပြည့်နှစ်မှစတင်ကာ နှစ်နိုင်ငံညှိနှိုင်းပြီး ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာနိုင်ငံဟာ HIV/AIDSရောဂါနှင့်ပတ်သက်၍ ထိရောက်စွာအရေးယူဆောင်ရွက်ခြင်းမရှိဘဲ လျစ်လျူရှုထားသည်ဟု စွပ်စွဲမှုများ ပြုနေကြပါတယ်။ မြန်မာနိုင်ငံရဲ့ ဆောင်ရွက်ချက်များကို သံအမတ်ကြီးများနှင့် ပြည်တွင်းပြည်ပသတင်းစာဆရာများအား အသေးစိတ်တင်ပြပြီးဖြစ်ပါတယ်။ ဒါ့အပြင် UN G.A Special Session on HIV/AIDS နှစ်ကြိမ်လုံး တက်ရောက်ခဲ့ပါတယ်။ ဆရာဝန်နှင့် သူနာပြုများကိုလည်း ဒေသပြင်ပနှင့် ဒေသတွင်း အစည်းအဝေးများကိုလည်း တက်ရောက်စေခဲ့ပါတယ်။ ပြည်တွင်းမှာလည်း ဝန်ထမ်းများစွာကို သင်တန်းမျိုးစုံကို အကြိမ်ပေါင်းများစွာ ဖွင့်လှစ်သင်ကြားပေးခဲ့ပါတယ်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကုလသမဂ္ဂအေအိုင်ဒီအက်စ် အစီအစဉ်အဖွဲ့တို့က ပူးတွဲထုတ်ဝေသော AIDS Epidemic Update, December 2006ကို ကိုးကားတင်ပြရလျှင် မြန်မာနိုင်ငံတွင် HIV/AIDS ရောဂါကူးစက်ဖြစ်ပွားနှုန်းမှာ ကျဆင်းလာနေသည့်အထောက်အထားများတွေ့ရှိနေရပါသည်။ ကိုယ်ဝန်ဆောင်မိခင်များအတွင်း ဖြစ်ပွားမှုနှုန်းမှာ ၂၀၀၀ ပြည့်နှစ်တွင် ၂ ဒသမ ၂ ရာခိုင်နှုန်းရှိရာမှ ယခုအခါ ၁ ဒသမ ၃ ရာခိုင်နှုန်းသို့ လျော့နည်းကျဆင်းသွားကြောင်း တွေ့ရှိရပါသည်။ အမျိုးသားကာလသားရောဂါဝေဒနာရှင်များအကြားတွင်လည်း ၂၀၀၁ခုနှစ်တွင် ၈ ရာခိုင်နှုန်းရှိရာမှ ၂၀၀၅ ခုနှစ်တွင် ၄ ရာခိုင်နှုန်းသို့လျော့နည်းကျဆင်းသွားကြောင်း တွေ့ရှိရပါသည်။

ဆက်လက်ပြီး **တီဘီရောဂါ**နဲ့ပတ်သက်ပြီးတင်ပြရလျှင် တီဘီရောဂါဟာ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်းဦးထောင်ခေါင်းမော့လာတဲ့ရောဂါဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ တီဘီလူနာတစ်သိန်းခန့်ရှိပြီး ငါးသောင်းခန့်ဟာ ကူးစက်နိုင်တဲ့ သလိပ်ပိုးတွေ့ လူနာများဖြစ်တယ်လို့ ခန့်မှန်းကြပါတယ်။

ယခင်ကတီဘီရောဂါကို ကာလကြာရှည်စွာ ဆေးဝါးကုသခဲ့ရသော်လည်း အသစ်ပေါ်ပေါက်လာတဲ့ ကုသမှုနည်းဗျူဟာဖြစ်တဲ့ တိုက်ရိုက်ကြည့်ရှုအချိန်တိုကုနည်းဗျူဟာ(Directly Observed Treatment Short Course)DOTS ကို ၁၉၉၇ ခုနှစ်မှစတင်ပြီး အကောင်အထည်ဖော်ခဲ့ရာမှာ အချိန်တိုအတွင်း ကုသပျောက်ကင်းနိုင်ပြီဖြစ်ပါတယ်။ တီဘီရောဂါ ကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းမှာ ကျန်းမာရေးပညာပေးခြင်း၊ ဘီစီဂျီကာကွယ်ဆေးထိုးခြင်း၊ အောက်ခြေအထိ DOTS နည်းဗျူဟာဖြင့် ကုသခြင်း၊ တီဘီသံသယလူနာများအား သလိပ်စစ်ဆေးခြင်းဖြင့် တီဘီရောဂါရှာဖွေခြင်းနှင့် တီဘီလူနာများနှင့်အတူတကွနေထိုင်သူများအား ရောဂါရှာဖွေစစ်ဆေးပေးခြင်း၊ လုပ်ငန်းဆောင်ရွက်မှုများကို ပုံမှန်ဆန်းစစ်ခြင်း၊ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ခြင်း၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းကို တိုးမြှင့်ဆောင်ရွက်ခြင်း၊ ကျွမ်းကျင်မှုဆိုင်ရာ ပြည်တွင်းပြည်ပသင်တန်းများပေးခြင်း၊ သုတေသနလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ခြင်းစတဲ့ နည်းဗျူဟာများနဲ့ ဆောင်ရွက်လျက်ရှိပါတယ်။

တီဘီရောဂါကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းကို ၂၀၀၂ခုနှစ်တွင် မြို့နယ် ၃၀၀မှာ DOTS ကိုအကောင်အထည်ဖော်ခဲ့ပါတယ်။ နှစ်စဉ် မြို့နယ်တိုးချဲ့ပြီးဆောင်ရွက်ခဲ့ရာမှာ ၂၀၀၃ခုနှစ်မှာ နောက်ဆုံးကျန်ရှိတဲ့ မြို့နယ်ဖြစ်တဲ့ ချင်းပြည်နယ်၊ မတူပီမြို့နယ်မှာ တိုးချဲ့ဆောင်ရွက်ခြင်းဖြင့် တစ်နိုင်ငံလုံးရှိ ၃၂၄မြို့နယ်၌ လွှမ်းခြုံမှုရာနှုန်းပြည့်ပြီးဖြစ်ပါတယ်။

တီဘီရောဂါကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းမှာ ယခင်က မရှိခဲ့တဲ့အမျိုးသားမှီငြမ်းပြု တီဘီဓာတ်ခွဲဌာနကို ၂၀၀၁ခုနှစ်မှာ ဖွင့်လှစ်အကောင်အထည်ဖော်နိုင်ခဲ့ပါတယ်။ ယခင်က ပြည်နယ်/တိုင်း တီဘီတိုက်ဖျက်ရေးဌာနခြောက်ခုတွင်သာ ဓာတ်မှန်စက်ရှိခဲ့ရာမှ ၂၀၀၆ ခုနှစ်မှာ ပြည်နယ်/တိုင်းအားလုံးတွင် ဓာတ်မှန်စက်များ တပ်ဆင်ဆောင်ရွက်ပေးနေပြီဖြစ်ပါတယ်။ ရပ်ကွက်/ကျေးရွာအောက်ခြေအထိ အခြေခံကျန်းမာရေးဝန်ထမ်းများ၊ ပြည်တွင်းလူမှုရေးအဖွဲ့အစည်းများဖြစ်ကြတဲ့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များမှလည်း ကျန်းမာရေးပညာပေးလျက်ရှိပြီး သံသယတီဘီလူနာများကို ကျန်းမာရေးဌာနများသို့ ညွှန်းပို့ပေးလျက်ရှိပါတယ်။ ရောဂါရှာဖွေတွေ့ရှိတဲ့ ဝေဒနာသည်များကိုလည်း တိုက်ရိုက်ကြည့်ရှုပြီး ဆေးတိုက်ကျွေးလျက်ရှိပါတယ်။ အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်းဟာ ရပ်ကွက်၊ ကျေးရွာများ၊ စက်ရုံ၊ အလုပ်ရုံများသို့ ရောဂါရှာဖွေရန် ဓာတ်ခွဲပစ္စည်းများ၊ နယ်လှည့်ဓာတ်မှန်ကားများနဲ့အတူ သွားရောက်ပြီး ရောဂါ ငှက်ဖျားရောဂါဟာ ကျန်းမာရေးပြဿနာတစ်ရပ် အဖြစ်ရှိနေပါသေးတယ်။ ငှက်ဖျားရောဂါ တိုက်ဖျက်ရေး လုပ်ငန်းမှာ ကျေးလက်ဒေသအောက်ခြေအထိ ငှက်ဖျားရောဂါဆိုင်ရာ ကျန်းမာရေးပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ခြင်ထောင် ဆေးစိမ်ခြင်ထောင်သုံးစွဲခြင်းဖြင့် တစ်ကိုယ်ရည် ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ခြင်နှိမ်နင်းရေးအတွက် ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ စောစီးစွာရောဂါရှာဖွေပြီး ထိရောက်စွာကုသမှုပေးခြင်း၊ ကပ်ရောဂါ အသွင်ဖြစ်ပွားမှု တားဆီးကာကွယ်ခြင်း၊ ကျန်းမာရေးဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း၊ နီးနွယ်ဌာနများ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့ အစည်းများ ပြည်တွင်းနှင့်နိုင်ငံတကာလူမှုရေး အဖွဲ့အစည်းများ ဒေသခံပြည်သူလူထုများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ သုတေသနလုပ်ငန်းများဆောင်ရွက်ခြင်း စတဲ့ နည်းဗျူဟာများ ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။

ကျေးလက်ဒေသအောက်ခြေအထိ ငှက်ဖျားရောဂါဆိုင်ရာ ကျန်းမာရေးပညာပေးလုပ်ငန်းများကို ဆောင်ရွက်ရာမှာ တစ်ဦးချင်းနဲ့အုပ်စုလိုက် ကျန်းမာရေးပညာပေးဟောပြောခြင်း၊ ပိုစတာနဲ့ လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ အသိပေးဆွေးနွေးပွဲများ ကျင်းပပြုလုပ်ခြင်း၊ ရေဒီယို၊ ရုပ်မြင်သံကြားနဲ့ စာနယ်ဇင်းများမှတစ်ဆင့် ပညာပေးခြင်း၊ နယ်စပ်ဒေသများမှာ နေထိုင်ကြတဲ့ တိုင်းရင်းသားလူမျိုးစုများအတွက် ကျန်းမာရေးပညာပေး အထောက်အကူပြုပစ္စည်းများ ထုတ်လုပ်ဖြန့်ဝေခြင်း စတဲ့လုပ်ငန်းများကိုဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာနိုင်ငံမှာ ငှက်ဖျားရောဂါကုထုံးသစ် (New Antimalarial Treatment Policy)ကို ၂၀၀၂ ခုနှစ်မှာ စတင်ကျင့်သုံးခဲ့ပြီး ၂၀၀၆ ခုနှစ်မှာ တစ်နိုင်ငံလုံးရှိ မြို့နယ်အားလုံးကို လွှမ်းခြုံမှု ပေးခဲ့ပါတယ်။ အနုကြည့်မှန်ဘီလူးနဲ့ ငှက်ဖျားသွေးစစ်ခြင်းလုပ်ငန်းကို ၁၉၈၈ခုနှစ်မတိုင်မီက မြို့နယ်ဆေးရုံများတွင်သာ ဆောင်ရွက်နိုင်ခဲ့ရာမှ ၂၀၀၀ ပြည့်နှစ်မှာ ကျေးလက်ကျန်းမာရေးဌာနပေါင်း ၆၀၀ခန့်မှာ ဆောင်ရွက် နိုင်ခဲ့ပါတယ်။ ၂၀၀၆ခုနှစ်မှာ ကုထုံးသစ်အရအသုံးပြုရမည့် အလျင်အမြန် သွေးဖောက်စစ်ဆေးနိုင်တဲ့ ကိရိယာ (Rapid Diagnostic Test)များနဲ့ Artemisinin အခြေပြုတဲ့ကုထုံးသစ်(Artemisinin based Combination Therapy)ကို ကျေးလက်ကျန်းမာရေးဌာနခွဲများအားလုံးအထိ ဖြန့်ဝေသုံးစွဲခဲ့ပါတယ်။

ငှက်ဖျားရောဂါကာကွယ်ရေးလုပ်ငန်းရပ်များအနေနဲ့ ခြင်ထောင်များ ဆေးစိမ်ခြင်းလုပ်ငန်းကို ၁၉၈၈ခုနှစ်မတိုင်မီက မဆောင်ရွက်နိုင်ခဲ့သော်လည်း ၂၀၀၀ပြည့်နှစ်မှစပြီး ငှက်ဖျားထူထပ်တဲ့ ဝေးလံခက်ခဲတဲ့နယ်စပ်ဒေသများသို့ နှစ်စဉ်တာရှည်ခံ ပိုးသတ်ဆေးစိမ်ခြင်ထောင်အလုံး၅၀၀၀၀ခန့် ဖြန့်ဝေနိုင်ခဲ့ပါတယ်။ ငှက်ဖျားဖြစ်ပွားသေဆုံးမှုအများဆုံးဖြစ်တဲ့ ကယားပြည်နယ် အတွင်းရှိ ဝေးလံခက်ခဲတဲ့နယ်စပ်ဒေသများအပါအဝင် ကျေးရွာများမှာ ၂၀၀၀ ပြည့်နှစ်တွင် ဆေးစိမ်ခြင်ထောင်အလုံးပေါင်း၇၀၀၀၀ကို ဖြန့်ဝေခဲ့ပါတယ်။ ဒါ့အပြင် ရိုးရိုးခြင်ထောင်လုံးရေသုံးသိန်းမှ လေးသိန်းခန့်ကို နှစ်စဉ်ပိုးသတ်ဆေးစိမ်ပြီး ငှက်ဖျားရောဂါဖြစ်ပွားသေဆုံးမှုများပြားတဲ့ဒေသများအတွင်း နေထိုင်ကြတဲ့ ပြည်သူလူထုအား ကာကွယ်မှုပေးခဲ့ရာမှာ ၂၀၀၆ခုနှစ်မှာ ခြင်ထောင်အလုံးရေပေါင်း၆၇၉၀၀၀ပိုးသတ်ဆေး စိမ်ပေးနိုင်ခဲ့ပါတယ်။

'ဝ'ကိုးကန့်အထူးဒေသများအပါအဝင် နယ်စပ်ဒေသများမှာ ၂၀၀၀ ပြည့်နှစ်နဲ့ ၂၀၀၆ခုနှစ်များမှာ ငှက်ဖျားကပ်ရောဂါနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ တာရှည်ခံဆေးစိမ်ခြင်ထောင်များဖြန့်ဝေခြင်း၊ ငှက်ဖျားအဖွဲ့များကွင်းဆင်းပြီး ဆေးကုသမှုပေးခြင်း၊ ကျန်းမာရေးပညာပေးခြင်းစတဲ့ လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါတယ်။

ဤသို့ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ငှက်ဖျားရောဂါဖြင့် ဆေးရုံများသို့ အတွင်းလူနာအဖြစ်တက်ရောက်သူဦးရေမှာ ၁၉၉၀ပြည့်နှစ်မှစတင်ပြီး ကျဆင်းလာပါတယ်။ ပြင်းထန်တဲ့ငှက်ဖျားရောဂါဖြစ်ပွားမှုလည်း ကျဆင်းလာပါတယ်။ **ငှက်ဖျားရောဂါဖြစ်ပွားမှုနှုန်း**မှာ ၁၉၈၈–၈၉ခုနှစ်က လူဦးရေတစ်ထောင်လျှင် ၂၄ဒသမ၅ဦးရှိခဲ့ရာမှ ၂၀၀၂–၂၀၀၃ခုနှစ်မှာ ၁၄ဦး၊ ၂၀၀၄–၂၀၀၅ခုနှစ်မှာ ၁၁ဦး၊ ၂၀၀၅–၂၀၀၆ခုနှစ်မှာ ၉ဒသမ၃ဦး၊ သေဆုံးမှုနှုန်းမှာ ၁၉၈၈–၈၉ ခုနှစ်က လူဦးရေတစ်သိန်းလျှင် ၁၀ဒသမ၄ဦးရှိခဲ့ရာမှ ၂၀၀၃–၂၀၀၄ခုနှစ်မှာ ၄ဒသမ၇ဦး၊ ၂၀၀၄–၂၀၀၅ခုနှစ်မှာ ၃ဒသမ၆၅ဦး၊ ၂၀၀၅–၂၀၀၆ခုနှစ်မှာ ၃ဒသမ၁ဦးသို့ လျှော့ချနိုင်ခဲ့ပါတယ်။

*စာမျက်နှာ ၆ ကော်လံ ၁*

30-11 (05) 1 11/30/06, 6:01 PM

# ကလေးသူငယ်များ ပိုလီယိုရောဂါကင်းဝေးစေရန် ပုံမှန်ကာကွယ်ဆေးတိုက်ကျွေးခြင်း အမျိုးသားကာကွယ်ဆေးတိုက်နေ့များကျင်းပပြီး ကောက်သင်းကောက်တိုက်ကျွေးခဲ့

စာမျက်နှာ ၅ မှ

ငှက်ဖျားရောဂါကပ်အသွင်ဖြစ်ပွားမှုမှာ ယခင်က ၁၂ကြိမ်ခန့် ဖြစ်ပွားခဲ့သော်လည်း ယခုအခါ ကပ်ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ခြင်းကြောင့် ၂၀၀၂ခုနှစ်မှာ နှစ်ကြိမ်၊ ၂၀၀၅ခုနှစ်မှာ တစ်ကြိမ်သာဖြစ်ပွားသည်အထိ ကျဆင်းလာပါတယ်။

ယခုလို ရောဂါဖြစ်ပွားမှုကျဆင်းပြီး ရောဂါကာကွယ်ရေး၊ ကုသရေးလုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်မှုများဟာ နိုင်ငံတော်အစိုးရ၊ ပြည်သူလူထုများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနဲ့ ပြည်တွင်းပြည်ပ စေတနာရှင်အဖွဲ့အစည်းများက ပူးပေါင်းကူညီဆောင်ရွက်မှုများကြောင့် ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ ဆောင်ရွက်လျက်ရှိတဲ့ အဓိကရောဂါကြီးသုံးမျိုးဖြစ်ကြတဲ့ အေအိုင်ဒီအက်စ်၊ တီဘီနဲ့ ငှက်ဖျားရောဂါများကာကွယ်နှိမ်နင်းရေးလုပ်ငန်းကို ပိုမိုတိုးချဲ့ဆောင်ရွက်နိုင်ဖို့ **ကမ္ဘာလုံးဆိုင်ရာ အေအိုင်ဒီအက်စ်၊ တီဘီနှင့် ငှက်ဖျားရောဂါတိုက်ဖျက်ရေးလုပ်ငန်း ရန်ပုံငွေအဖွဲ့(Global Fund)**က ငါးနှစ်တာကာလအတွက် အမေရိကန်ဒေါ်လာ ၉၈ ဒသမ ၄သန်း ထောက်ပံ့ကူညီရန် ခွင့်ပြုခဲ့ပါတယ်။

သို့သော်လည်း ပြည်တွင်းပြည်ပဆန့်ကျင်ဘက်အဖွဲ့အစည်းများရဲ့ သွေးထိုးလှုံ့ဆော်မှုကြောင့် ၂၀၀၅ခုနှစ် ဩဂုတ်လ ၁၈ရက်နေ့မှာ ကြောင်းကျိုးခိုင်မာမှုမရှိတဲ့ အကြောင်းပြချက်များနဲ့ Global Fund၏ရန်ပုံငွေကို တစ်ဖက်သတ်ရပ်ဆိုင်းခဲ့ပါတယ်။ ဤသို့ရပ်ဆိုင်းလိုက်ခြင်းဟာ ပြည်သူများအတွက် များစွာထိခိုက်နစ်နာစေပြီး ကမ္ဘာ့ကုလသမဂ္ဂရဲ့ ထောင်စုနှစ် ဖွံ့ဖြိုးရေးကြေညာစာတမ်းပါ တန်ဖိုးထားမှုများ၊ မူများနဲ့ပါဆန့်ကျင်နေပါတယ်။ မည်သို့ပင်ဖြစ်စေ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပစေတနာရှင် လူမှုရေးအဖွဲ့အစည်းများနဲ့ ကျယ်ပြန့်စွာပူးပေါင်းပြီး စီမံချက်များကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

ဤသို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိနေစဉ် မြန်မာနိုင်ငံမှာ ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို အသိအမှတ်ပြု၊ နားလည်သဘောပေါက်ပြီး ကူညီလိုတဲ့ UK၊ European Commission၊ Netherlands၊ Sweden၊ Norway နဲ့ Australia တို့ပါဝင်တဲ့ ခြောက်နိုင်ငံမှ အလှူရှင်များက **ရောဂါသုံးမျိုးအတွက် ရန်ပုံငွေတစ်ရပ်(Three Disease Funds)**ကိုထူထောင်ပြီး မြန်မာနိုင်ငံသို့ အကူအညီပေးရန် ဆွေးနွေးညှိနှိုင်းခဲ့ပါတယ်။ အဲဒီရန်ပုံငွေများနဲ့ ရောဂါသုံးမျိုးအတွက် ရေးဆွဲထားတဲ့ အမျိုးသားမဟာဗျူဟာ စီမံကိန်းများ(National Strategic Plans)အရ ဆောင်ရွက်မည့်လုပ်ငန်းများကို ထောက်ပံ့ပေးမှာ ဖြစ်ပါတယ်။ လုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရန် ငါးနှစ်တာကာလအတွက် အမေရိကန်ဒေါ်လာ ၉၉ ဒသမ ၅သန်း အကူအညီပေးမည့် **နှစ်ဖက်နားလည်မှုစာချွန်လွှာ (MoU)**ကို ၂၀၀၆ခုနှစ် အောက်တိုဘာလ ၁၂ရက်နေ့က လက်မှတ်ရေးထိုးနိုင်ခဲ့ပြီ ဖြစ်ပါတယ်။

ဒီလို အောင်မြင်မှုရရှိခဲ့ခြင်းဟာ ကျန်းမာရေးဝန်ကြီးဌာနနှင့်တကွ နီးနွယ်ဆက်စပ်နေသော ဝန်ကြီးဌာနများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ မိတ်ဖက်စေတနာရှင် လူမှုရေးအဖွဲ့အစည်းများရဲ့ ကြိုးပမ်းဆောင်ရွက်မှုကြောင့် ရရှိခဲ့ခြင်းဖြစ်ပါတယ်။ မည်သည့်ဆန့်ကျင်ဖက် နိုင်ငံရေးအဖွဲ့အစည်းများ၊ ပါတီများရဲ့ ကူညီမှုကြောင့် ရရှိခြင်းမဟုတ်ကြောင်း အသိပေးတင်ပြအပ်ပါတယ်။

ဆက်လက်ပြီး အနာကြီးရောဂါတိုက်ဖျက်ရေးလုပ်ငန်းများနဲ့ ပတ်သက်ပြီး တင်ပြရရင် **အနာကြီးရောဂါ**ဟာ မြန်မာနိုင်ငံမှာ ရှေးနှစ်ပေါင်းများစွာကပင် ထူပြောတဲ့ရောဂါတစ်ခုအဖြစ် တွေ့ရှိခဲ့ရပါတယ်။ အဲဒီရောဂါရဲ့နောက်ဆက်တွဲ ပြဿနာတစ်ခုဖြစ်တဲ့ ကိုယ်အင်္ဂါပျက်စီးမှုနဲ့ ချို့ယွင်းမှုများကြောင့် ရောဂါဖြစ်သူကို အကြီးမားဆုံးလူမှုရေးနဲ့ စီးပွားရေးပြဿနာများ ဖြစ်ပေါ်စေပါတယ်။ နိုင်ငံတော်အစိုးရဟာ အနာကြီးရောဂါတိုက်ဖျက်ရေးလုပ်ငန်းကို ဆောင်ရွက်ခဲ့ရာမှာ ယခုအခါ ဆေးပေါင်းကျွေးတိုက်ကျွေးမှုစနစ်(MDT)နဲ့ ကုသပေးလျက်ရှိသဖြင့် ရောဂါပျောက်ကင်းသူများ နှစ်စဉ်တိုးတက်များပြားလာခဲ့ပါတယ်။

အနာကြီးရောဂါတိုက်ဖျက်ရေးလုပ်ငန်းကို အားသွန်ခွန်စိုက် ဘက်ပေါင်းစုံမှကြိုးပမ်းဆောင်ရွက်နိုင်ခဲ့သဖြင့် အနာကြီးရောဂါဖြစ်ပွားမှုမှာ လူဦးရေ ၁၀၀၀၀ လျှင် ၁၉၈၇ခုနှစ်တွင် ၅၃ ဒသမ ၄ဦး၊ ၁၉၉၀ပြည့်နှစ်တွင် ၂၇ ဒသမ ၆ဦး ရှိခဲ့ရာမှ ၂၀၀၂ခုနှစ်တွင် ၁ ဒသမ ၀၄ဦး၊ ၂၀၀၃ခုနှစ်တွင် ၀ ဒသမ ၅၁ဦး၊ ၂၀၀၄ခုနှစ်တွင် ၀ ဒသမ ၄၉ဦး၊ ၂၀၀၅ခုနှစ်တွင် ၀ ဒသမ ၄၈ဦးသို့ အသီးသီး လျော့နည်းသွားပြီဖြစ်တဲ့အတွက် **အနာကြီးရောဂါကို ပြည်သူ့ကျန်းမာရေး ပြဿနာတစ်ရပ်အဖြစ်မှ ဖယ်ရှားနိုင်ပြီ** ဖြစ်ပါတယ်။

ရန်ကုန်မြို့မှာ ၂၀၀၃ခုနှစ် ဖေဖော်ဝါရီလ ၆ရက်နေ့မှ ၈ရက်နေ့အထိ ကျင်းပခဲ့တဲ့ တတိယအကြိမ်မြောက် ကမ္ဘာလုံးဆိုင်ရာ အနာကြီးရောဂါ ကင်းဝေးရေးညီလာခံကြီး (The 3rd Meeting of the Global Alliance for Elimination of Leprosy-GAEL)မှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဝင် နိုင်ငံများနဲ့ စေတနာရှင် နိုင်ငံတကာအဖွဲ့အစည်းများရဲ့ရှေ့မှာ မြန်မာနိုင်ငံအနေဖြင့် အနာကြီးရောဂါသည် ပြည်သူ့ကျန်းမာရေး ပြဿနာတစ်ရပ်အဖြစ်မှ ကင်းဝေးသည့်နိုင်ငံတစ်နိုင်ငံအဖြစ် အသိအမှတ်ပြုခံရပြီဖြစ်ကြောင်းကို ဂုဏ်ယူဝင့်ကြွားစွာ ကြေညာနိုင်ခဲ့ပါတယ်။ အဲဒီအစည်းအဝေးမှာ ထုတ်ပြန်ခဲ့တဲ့ **ရန်ကုန်ကြေညာချက်စာတမ်း** (Yangon Declaration)မှာ WHO နဲ့ နိုင်ငံတကာ အဖွဲ့အစည်းများမှ ပံ့ပိုးခဲ့တဲ့ အရင်းအနှီးများကို ကုန်ကျစရိတ်အနည်းဆုံးနဲ့ အထိရောက်ဆုံးဆောင်ရွက်နိုင်ခဲ့တဲ့နိုင်ငံအဖြစ် မြန်မာနိုင်ငံကို အသိအမှတ်ပြုကြောင်း ထည့်သွင်းဖော်ပြခြင်းခံခဲ့ရပါတယ်။ မြန်မာနိုင်ငံဟာ **အနာကြီးရောဂါ ကင်းဝေးသောနိုင်ငံအဖြစ်** ကမ္ဘာ့ကျန်းမာရေးသမိုင်းမှာ မှတ်ကျောက်တင်နိုင်ခဲ့ပြီဖြစ်ပါတယ်။ ယခုအခါ အနာကြီးရောဂါကင်းဝေးရေး ရေရှည်တည်တံ့အောင် ဆက်လက်ထိန်းသိမ်းဆောင်ရွက်လျက်ရှိပြီး ကိုယ်အင်္ဂါချို့ယွင်းမှု ကာကွယ်ရေးနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။

ကူးစက်ရောဂါများဟာ ဖွံ့ဖြိုးဆဲနိုင်ငံများမှာ ဖြစ်ပွားမှုများပြားပါတယ်။ များသောအားဖြင့်ကလေးသူငယ်များမှာ အဖြစ်များပြီး သေဆုံးမှုနှုန်းလည်း မြင့်မားပါတယ်။ ဒါ့ကြောင့် ကာကွယ်ဆေးနဲ့ကာကွယ်၍ ရတဲ့ရောဂါများမှ ကလေးငယ်များကင်းဝေးစေဖို့ တိုးချဲ့ ကာကွယ်ဆေးထိုးလုပ်ငန်းကို ဆောင်ရွက်လျက်ရှိပါတယ်။ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းအနေနဲ့ ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ ပိုလီယို၊ ဝက်သက်၊ အဆုတ်၊ အသည်းရောင်အသားဝါဘီရောဂါ ခုနစ်မျိုးကာကွယ်ဆေးကို ကလေးသူငယ်များကို ထိုးနှံတိုက်ကျွေးပေးရာမှာ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ လွှမ်းခြုံမှုမှာ ၉၀ရာခိုင်နှုန်းကျော် ရရှိနေပြီဖြစ်ပါတယ်။

ကလေးသူငယ်များအားလုံး **ပိုလီယိုရောဂါ** ကင်းဝေးစေရန် ပုံမှန်ကာကွယ်ဆေးတိုက်ကျွေးခြင်း၊ အမျိုးသားကာကွယ်ဆေးတိုက်နေ့များ ကျင်းပခြင်း၊ ကောက်သင်းကောက် ကာကွယ်ဆေးတိုက်ကျွေးခြင်းနှင့် လတ်တလောပျော့ခွေ အကြောသေရောဂါထောက်လှမ်းခြင်း လေးမျိုးစလုံးကို တစ်ပြိုင်နက် ဟန်ချက်ညီညီ ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ပိုလီယိုရောဂါပပျောက်ရေးလုပ်ငန်းရဲ့ အမျိုးသားကာကွယ်ဆေး တိုက်ကျွေးခြင်းနည်းဗျူဟာကို ၁၉၉၆ခုနှစ်မှစတင်ပြီး အသက်ငါးနှစ်အောက် ကလေးခြောက်သန်းကျော်ကို ပိုလီယိုကာကွယ်ဆေး အပိုဆောင်းနှစ်ကြိမ် တိုက်ကျွေးခဲ့ရာ ၂၀၀၂ခုနှစ်အထိ ရှစ်ကြိမ်တိုက်ကျွေးနိုင်ခဲ့ပြီး ၉၅ရာခိုင်နှုန်းနဲ့အထက် နှစ်စဉ် နှစ်ကြိမ်စလုံးမှာရရှိအောင် ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ပါတယ်။

ဝေးလံခက်ခဲဒေသများနဲ့ နယ်စပ်ဒေသများမှာ ပိုလီယိုအရိုင်းပိုးတွေ့ရှိမှုကို အခြေပြုပြီး ကောက်သင်းကောက် ကာကွယ်ဆေးတိုက်ကျွေးခြင်းဖြင့် မြန်မာ–တရုတ်၊ မြန်မာ–ဘင်္ဂလားဒေ့ရှ်နဲ့ မြန်မာ–အိန္ဒိယနယ်စပ်မြို့နယ်များကို ရွေးချယ်ဖော်ထုတ်ပြီး ကောက်သင်းကောက် ပိုလီယိုကာကွယ်ဆေး ခြောက်ကြိမ်တိုက်ကျွေးခဲ့ရာ ၉၅ရာခိုင်နှုန်းနဲ့အထက် လွှမ်းခြုံနိုင်ခဲ့ပါတယ်။

အမျိုးသားကာကွယ်ဆေးတိုက်နေ့များ ရှစ်ကြိမ်နဲ့ ကောက်သင်းကောက် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးမှု ခြောက်ကြိမ်တိုက်ကျွေးခြင်းအပြင် လတ်တလော ပျော့ခွေအကြောသေရောဂါထောက်လှမ်းခြင်းကိုပါ ၁၉၉၆ခုနှစ်မှ စတင်ပြီး အားဖြည့်ဆောင်ရွက်နိုင်ခဲ့တဲ့အတွက် ၂၀၀၃ခုနှစ် ဖေဖော်ဝါရီလ ၁၃ရက်နေ့တွင် **ပိုလီယိုကင်းစင်သော နိုင်ငံအဖြစ်** ကြေညာနိုင်ခဲ့ပါတယ်။

အမျိုးသားကာကွယ်ဆေးတိုက်နေ့များအတွက် နိုင်ငံတော်မှ လိုအပ်သော ပံ့ပိုးမှုများပေးခဲ့ပါတယ်။ အထူးသဖြင့် ကာကွယ်ရေး ဝန်ကြီးဌာနမှ ရဟတ်ယာဉ်များဖြင့် ဝေးလံခက်ခဲသော ဒေသများဖြစ်တဲ့ ကချင်ပြည်နယ် ပူတာအိုခရိုင်နဲ့ စစ်ကိုင်းတိုင်း နာဂတောင်တန်းဒေသများသို့ ကာကွယ်ဆေးနဲ့အအေးလမ်းကြောင်းဆိုင်ရာပစ္စည်းများ သယ်ပို့ပေးခဲ့တဲ့အတွက် အောင်မြင်မှုများ ရရှိခဲ့ခြင်းဖြစ်ပါတယ်။

**လူတွင်ဖြစ်ပွားတတ်သော ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ကုသနှိမ်နင်းလုပ်ငန်းများ** ဆောင်ရွက်ချက်နှင့်ပတ်သက်ပြီး ဆက်လက်တင်ပြရရင် ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ကုသနှိမ်နင်းရေးလုပ်ငန်းများကို လက်ဦးမှုရရှိအောင် ဆောင်ရွက်နိုင်ရန် ၂၀၀၄ ခုနှစ် ဇန်နဝါရီလကတည်းကစတင်ပြီး စီမံချက်များရေးဆွဲခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနနဲ့ နီးနွယ်ဝန်ကြီးဌာန ပေါင်းစုံပါဝင်တဲ့ ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများဖွဲ့စည်းခဲ့ပြီး လိုအပ်သည့် အစီအမံများကို ကြိုတင်ဆောင်ရွက်ထားခဲ့ပါတယ်။

၂၀၀၆ခုနှစ် မတ်လနဲ့ ဧပြီလအတွင်း မြန်မာနိုင်ငံအလယ်ပိုင်းဒေသ စစ်ကိုင်းတိုင်းနဲ့ မန္တလေးတိုင်းတို့ရှိ မြို့နယ် ၁၃မြို့နယ်များအတွင်း ကြက်ငှက်တုပ်ကွေးရောဂါ ကျရောက်ဖြစ်ပွားမှုရှိခဲ့ရာ ရောဂါဖြစ်ပွားသော ကြက်ခြံများမှ ကြက်များကို သုတ်သင်ဖျက်ဆီးခဲ့ပါတယ်။ ကြက်ခြံနဲ့ငုံးခြံ ၅၄၅ခြံတို့မှ ကြက်ကောင်ရေ ၆ ဒသမ ၅သိန်း၊ ကြက်ဥ ၁ ဒသမ ၈သိန်းကို သုတ်သင်ဖျက်ဆီးမြှုပ်နှံခြင်း၊ ကြက်ခြံများကို ပိုးသတ်ဆေးဖျန်းခြင်းတို့ကို ဆောင်ရွက်ခဲ့ပါတယ်။

စစ်ကိုင်းတိုင်းနဲ့ မန္တလေးတိုင်းအတွင်း ကြက်ခြံများမှာ ကြက်ငှက်တုပ်ကွေးဖြစ်ပွားမှုအတွက် ဓာတ်ခွဲခန်းအဖြေအတည်ပြုချက်ရရှိတာနဲ့ တစ်ပြိုင်နက် OIE၊ FAO၊ WHO အစရှိတဲ့ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများသို့ သတင်းပေးပို့ခဲ့ပါတယ်။

ကျန်းမာရေးဝန်ကြီးဌာနနဲ့ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနတို့ ပူးပေါင်းပြီး ရောဂါဖြစ်ပွားရာ မြို့နယ်များသို့ ၂၄နာရီအတွင်းကွင်းဆင်းပြီး ရောဂါဖြစ်ပွားမှု အချိန်မီထိန်းချုပ်နိုင်ရေးလုပ်ငန်းများကို ညှိနှိုင်းဆောင်ရွက်ခဲ့ပါတယ်။

ကြက်ငှက်များကို ထိတွေ့ကိုင်တွယ်ခဲ့သူများအနက် နာမကျန်းဖြစ်ပွားသူ ၁၀ဦး တွေ့ရှိရတဲ့အတွက် လူနာများရဲ့ ဓာတ်ခွဲနမူနာများကို ဂျပန်နိုင်ငံရှိ ကြက်ငှက်တုပ်ကွေးရောဂါအတည်ပြုဓာတ်ခွဲခန်းသို့ပေးပို့ပြီး ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းများပြုလုပ်ခဲ့ရာ ကြက်ငှက်တုပ်ကွေးရောဂါမဟုတ်ကြောင်း အတည်ပြုချက်ရရှိခဲ့ပါတယ်။

ရောဂါဖြစ်ပွားသောလူနာများကို စနစ်တကျ ထိရောက်စွာကုသနိုင်ရေးအတွက် ဆေးရုံများမှာ သီးသန့်လူနာဆောင်များစီစဉ်ဆောင်ရွက်ခြင်း၊ ရောဂါအကာအကွယ်ပစ္စည်း(Personal Protective Equipment)၊ ဗိုင်းရပ်စ်ပိုးသတ်ဆေးဝါး Antiviral (Tamiflu)၊ ဓာတ်ခွဲစမ်းသပ်ပစ္စည်းများ (Rapid Test Kits) ကို ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားတဲ့နေရာများသို့ ဖြန့်ဖြူးပေးခဲ့ပါတယ်။

ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နိုင်ခဲ့မှုကြောင့် ၂၀၀၆ခုနှစ် ဧပြီလ ၆ရက်နေ့မှစပြီး ကြက်ခြံများမှာ ရောဂါဖြစ်ပွားမှုမရှိတော့သဖြင့် ၂၀၀၆ခုနှစ် ဧပြီလ ၂၆ရက်နေ့မှာ ရောဂါဖြစ်ပွားခဲ့တဲ့ မြို့နယ်နဲ့တိုင်းများမှာ ကြက်၊ ဘဲအဝင်အထွက် ပိတ်ပင်ထားခြင်းကို ရပ်ဆိုင်းခဲ့ပါတယ်။ ၂၀၀၆ခုနှစ် စက်တင်ဘာလ ၁၁ရက်နေ့မှာ ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့က မြန်မာနိုင်ငံမှာ **ကြက်ငှက်များ၌ ရောဂါဖြစ်ပွားမှုကင်းစင်ပြီဖြစ်ကြောင်း** ကြေညာပေးခဲ့ပါတယ်။

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းမှ UN System Senior Coordinator for Avian and Human Influenza ဖြစ်တဲ့ **ဒေါက်တာဒေးဗစ်နာဘာရိုး**ဟာ အရှေ့တောင်အာရှနိုင်ငံများသို့ ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးနဲ့ ကမ္ဘာ့တုပ်ကွေးကပ်ရောဂါ ကြိုတင်ပြင်ဆင်မှုနှင့် တုံ့ပြန်ဆောင်ရွက်မှုလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုခဲ့ရာမှာ မြန်မာနိုင်ငံသို့ ၂၀၀၆ခုနှစ် အောက်တိုဘာလ ၁၈ရက်နေ့တွင်ရောက်ရှိခဲ့ပြီး ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။

အဲဒီခရီးစဉ်နှင့်ပတ်သက်ပြီး သတင်းစာရှင်းလင်းပွဲတစ်ရပ် ကျင်းပပြုလုပ်ရာ ဒေါက်တာဒေးဗစ်နာဘာရိုးက မြန်မာနိုင်ငံရဲ့ ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးနဲ့ ကမ္ဘာ့တုပ်ကွေးကပ်ရောဂါ ကြိုတင်ပြင်ဆင်မှုနှင့် တုံ့ပြန်ဆောင်ရွက်မှုလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုသည် ကျေနပ်အားရဖွယ်ရှိကြောင်း၊ မြန်မာနိုင်ငံရှိ ရောဂါစောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းဆောင်ရွက်မှုသည် အဆင့်မြင့်ကြောင်းနှင့် ရောဂါထိန်းချုပ်မှုလုပ်ငန်းဆောင်ရွက်ရာတွင် လျင်မြန်သွက်လက်စွာ ဆောင်ရွက်နိုင်ကြောင်း တွေ့ရှိရသဖြင့် မြန်မာနိုင်ငံ၏ ကမ္ဘာ့တုပ်ကွေးရောဂါ ကြိုတင်ပြင်ဆင်မှုနှင့် တုံ့ပြန်ဆောင်ရွက်မှုလုပ်ငန်းများဆောင်ရွက်ထားရှိမှုများကို အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ ကောင်းစွာအသိအမှတ်ပြုပါကြောင်း ပြောကြားသွားပါတယ်။

ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်မှုကိုတင်ပြရရင် ပြည်သူလူထုအား ရောဂါကြိုတင်ကာကွယ်ခြင်း၊ အခြေခံကျန်းမာရေးစောင့်ရှောက်ပေးခြင်း၊ မိခင်နှင့်ကလေးကျန်းမာရေးနဲ့ အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများကို နယ်စပ်ဒေသများအပါအဝင် နိုင်ငံတစ်ဝန်းလုံးမှာ ကျေးလက်ကျန်းမာရေးဌာနများ၊ မိခင်နှင့်ကလေးကျန်းမာရေးဌာနများနဲ့ ဒေသန္တရ ကျန်းမာရေးဌာနများဖွင့်လှစ်ပြီး ဆောင်ရွက်ပေးလျက်ရှိပါတယ်။

နိုင်ငံတစ်ဝန်းလုံးမှာ **ကျေးလက်ကျန်းမာရေးဌာန**အနေဖြင့် ၁၉၈၈–၈၉ ခုနှစ်မှာ ၁၃၃၇ခုရှိခဲ့ရာမှာ ၂၀၀၅–၀၆ခုနှစ်မှာ ၁၄၅၆ခု၊ ဒေသန္တရ ကျန်းမာရေးဌာန အနေဖြင့် ၁၉၈၈–၈၉ခုနှစ်မှာ ၆၄ခုရှိခဲ့ရာမှ ၂၀၀၅–၀၆ခုနှစ်မှာ ၈၆ခုသို့ အသီးသီး တိုးတက်ဖွင့်လှစ်နိုင်ခဲ့ပါတယ်။

**အိုင်အိုဒင်းချို့တဲ့ ရောဂါကာကွယ်ရေး**အတွက် တစ်နိုင်ငံလုံးရှိ ပြည်သူလူထုများအားလုံး စားသုံးနိုင်ရေးအတွက် အိုင်အိုဒင်းဖြည့် ဆားဖြန့်ဖြူးခြင်း အစီအစဉ်ကို ၁၉၉၆ခုနှစ်မှစတင်ပြီး သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုပစ္စည်း ထုတ်လုပ်ရောင်းဝယ်ရေးလုပ်ငန်းတို့နဲ့ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါတယ်။ ကာကွယ်ရေးလုပ်ငန်းများ အကောင်အထည်ဖော်နိုင်မှု၊ အောင်မြင်မှုအခြေအနေကို အသက်ခြောက်နှစ်မှ (၁၁)နှစ်အရွယ် ကျောင်းသားများတွင် မြင်သာသော လည်ပင်းကြီးရောဂါ တွေ့ရှိမှုအခြေအနေဖြင့် တိုင်းတာခဲ့ရာမှာ ၁၉၈၈ခုနှစ်မတိုင်မီက ၃၃ရာခိုင်နှုန်းရှိခဲ့ရာ ၁၉၉၇ခုနှစ်မှာ ၂၅ ရာခိုင်နှုန်း၊ ၂၀၀၀ပြည့်နှစ်မှာ ၁၂ရာခိုင်နှုန်း၊ ၂၀၀၃ခုနှစ်မှာ ငါးရာခိုင်နှုန်းနဲ့ ၂၀၀၆ခုနှစ်မှာ ငါးရာခိုင်နှုန်းအောက်သို့ လျော့နည်းကျဆင်းသွားတာကို လေ့လာတွေ့ရှိရပါတယ်။

ပညာပေးလုပ်ငန်းများ၊ စောင့်ကြပ်ကွပ်ကဲခြင်းလုပ်ငန်းများ ပိုမိုထိရောက်ပီပြင်စေဖို့ နိုင်ငံတော်အစိုးရရဲ့ လမ်းညွှန်ပံ့ပိုးမှု၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများရဲ့ဦးဆောင်မှု၊ ပညာရေးဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာနတို့နဲ့အတူ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများရဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်မှုတို့ကြောင့် များမကြာမီအိုင်အိုဒင်းချို့တဲ့မှုသည် ပြည်သူ့ကျန်းမာရေးပြဿနာမဟုတ်တော့ဘဲ **အိုင်အိုဒင်းချို့တဲ့မှုကင်းစင်ကြောင်း ကြေညာနိုင်မည့်အခြေအနေသို့ ရောက်ရှိနေပြီ** ဖြစ်ပါတယ်။

**မူးယစ်ဆေးဝါးသုံးစွဲမှု ပပျောက်ရေးလုပ်ငန်း**နဲ့ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာန ဆေးကုသရေးအဖွဲ့မှ နှစ်ရှည်စီမံကိန်းအနေဖြင့် ၁၅နှစ်စီမံကိန်း (၁၉၉၉–၂၀၁၃)ကို ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဥပဒေအရ မြန်မာနိုင်ငံမှာ အဓိကဆေးကုဌာနကြီး ၂၆ခု၊ ဆေးကုဌာနငယ် ၄၀၊ ဘက်စုံ ပြန်လည်ထူထောင်ရေးစခန်း နှစ်ခုဖွင့်လှစ်ထားပြီးဖြစ်ပါတယ်။ အဓိကဆေးကုဌာနများဖြစ်တဲ့ ရန်ကုန်၊ မန္တလေး၊ မြစ်ကြီးနား၊ လားရှိုး၊ တောင်ကြီး၊ ကျိုင်းတုံတို့မှာ ကုသရေး၊ သင်ကြားရေးနဲ့ သုတေသနလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ ဆေးကုဌာနမရှိတဲ့ဒေသများမှာ မြို့နယ်ဆေးရုံများက တာဝန်ယူကုသပေးလျက်ရှိပါတယ်။

မူးယစ်ဆေးစွဲကုသရေးအဖွဲ့ရဲ့ မူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေး ၁၅နှစ်စီမံကိန်း (၁၉၉၉–၂၀၁၃)အတွင်း အဓိကဆေးကုသဌာန လေးခု၊ ဆေးကုသဌာနငယ် ၂၅ခု၊ ဆေးကုသဌာနသစ် ၁၅ခုတို့ တိုးချဲ့ဖွင့်လှစ်ခြင်း၊ မြို့နယ်ဆေးရုံ ၃၀တို့ကို အားဖြည့်ဆောင်ရွက်ခြင်းတို့ဖြင့် ဆေးကုသရေးနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းကို ရာနှုန်းပြည့်ဆောင်ရွက်သွားမည် ဖြစ်ပါတယ်။

ကျန်းမာရေးဖွံ့ဖြိုးတိုးတက်မှုရဲ့ အထင်ရှားဆုံးမှတ်ကျောက်မှာ ပြည်သူလူထုရဲ့ **မျှော်မှန်းနိုင်သော** သက်တမ်း(Life Expectancy) တိုးတက်မြင့်မားလာခြင်းပဲဖြစ်ပါတယ်။ မွေးစအရွယ် မျှော်မှန်းသက်တမ်းဟာ ၁၉၈၈ခုနှစ်က ကျေးလက်ဒေသမှာ အမျိုးသား(၅၆ဒသမ၂)နှစ်၊ အမျိုးသမီး(၆၀ဒသမ၄)နှစ်နဲ့ မြို့ပြဒေသမှာ အမျိုးသား(၅၉ဒသမ၀)နှစ်၊ အမျိုးသမီး(၆၃ဒသမ၂)နှစ်ရှိခဲ့ရာမှ ၂၀၀၃ခုနှစ်တွင် ကျေးလက်ဒေသမှာ အမျိုးသား(၆၁ဒသမ၅)နှစ်၊ အမျိုးသမီး(၆၄ဒသမ၀)နှစ်နဲ့ မြို့ပြဒေသမှာ အမျိုးသား(၆၂ဒသမ၁)နှစ်၊ အမျိုးသမီး(၆၆ဒသမ၂)နှစ်အထိ တိုးတက်ခဲ့ပါတယ်။

ကုသရေးလုပ်ငန်းများနဲ့ပတ်သက်ပြီး ဆက်လက်တင်ပြလိုပါတယ်။ တိုးတက်လာတဲ့လူဦးရေနဲ့ နည်းပညာအခြေအနေများအရ ၁၉၈၈ခုနှစ်နောက်ပိုင်း ဗဟိုနှင့် ပြည်နယ်/တိုင်းအပါအဝင် မြို့ကြီးများမှာ ဆေးရုံသစ်များ တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင်ခြင်း တို့ကိုဆောင်ရွက်လျက်ရှိပါတယ်။ ပညာရှင်နဲ့ ခေတ်မီဆေးရုံသုံး စက်ပစ္စည်းကိရိယာများ၊ ဆေးဝါးများ ဖြည့်ဆည်းပေးခြင်းတို့ကိုလည်း ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒါ့အပြင် နယ်စပ်ဒေသမှ တိုင်းရင်းသား ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုကို **နယ်စပ်ဒေသ ကျန်းမာရေးစီမံချက်** ရေးဆွဲပြီး ဆေးရုံ၊ ဆေးခန်းများဖွင့်လှစ်ခြင်း၊ ကျန်းမာရေးဝန်ထမ်းများ ခန့်ထားခြင်း၊ ဆေးဝါးနဲ့ ဆေးပစ္စည်းကိရိယာများ ဖြည့်တင်းပေးခြင်းတို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။

နိုင်ငံတစ်ဝန်းလုံးတွင် ၁၉၈၈–၈၉ခုနှစ်မှာ ဆေးရုံစုစုပေါင်း ၆၃၁ရုံရှိခဲ့ရာမှ ၂၀၀၆ခုနှစ် အောက်တိုဘာလအထိ **ဆေးရုံစုစုပေါင်း ၈၃၂ရုံ**အထိ တိုးတက်ဖွင့်လှစ်နိုင်ခဲ့ပါတယ်။

ယခုအခါ နယ်စပ်ဒေသများမှာ မြို့နယ်ခွဲဆေးရုံ စုစုပေါင်း၆၀ ရှိနေပြီး၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးအစီအစဉ်နဲ့ ဆေးရုံပေါင်း ၇၉ရုံ၊ ဆေးခန်းပေါင်း ၁၀၅ခန်း၊ ကျေးလက်ကျန်းမာရေးဌာန ၅၈ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၁၄၀တို့ကို ဖွင့်လှစ်ပေးနိုင်ခဲ့ပါတယ်။

နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်မှုအရ ပြည်နယ်/တိုင်းများအားလုံး ဟန်ချက်ညီညီ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်က ဖွံ့ဖြိုးရေးဇုန် ၂၄ခု သတ်မှတ်ပြီး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာမှာ ကျန်းမာရေးဝန်ကြီးဌာနကလည်း **ဖွံ့ဖြိုးရေးဇုန် ၂၄ခုမှာ အနည်းဆုံး ခုတင်(၂၀၀)ဆံ့ ဆေးရုံတစ်ရုံစီ** ဖွင့်လှစ်ကာ ပညာရှင်၊ ကျွမ်းကျင်ဝန်ထမ်း၊ ဆေးဝါးနဲ့ ခေတ်မီဆေးရုံသုံး စက်ပစ္စည်းကရိယာများ ပြည့်စုံစွာဖြည့်တင်းထားပြီး ဒေသခံပြည်သူများအား အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှု ပေးလျက်ရှိပါတယ်။

စာမျက်နှာ ၈ ကော်လံ ၃ သို့

# ပညာရေးဝန်ကြီးဌာနသည် နိုင်ငံသားတိုင်း အခြေခံပညာသင်ယူနိုင်သော အခွင့်အလမ်းများရရှိအောင် ကြိုးပမ်းလျက်ရှိ နယ်စပ်ဒေသကနေ မြို့နေလူထုအထိ ကလေးများ မူကြိုအဆင့်မှ တက္ကသိုလ်ဝင်တန်းအဆင့်ထိ ပညာသင်ယူခွင့်ရရှိ ဖွံ့ဖြိုးတိုးတက်မှုဖြစ်တဲ့ ပညာသင်ယူမှုများ လျစ်လျူရှုပြီး ဆန့်ကျင်ဘက်ပုဂ္ဂိုလ်များက နယ်စပ်မှာ မရှိဘူးလို့ တစ်အော်တည်းအော်နေ

နေပြည်တော် နိုဝင်ဘာ ၂၉

**နိုင်ငံတော်၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍဆောင်ရွက်ချက်များနှင့်စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲတွင် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း၏ ရှင်းလင်းပြောကြားချက်မှာ အောက်ပါအတိုင်းဖြစ်သည်–**

ပြည်ထောင်စုမြန်မာနိုင်ငံတော်ရဲ့ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှု အခြေအနေကို ရှင်းလင်းတင်ပြခွင့်ရတဲ့အတွက် ဂုဏ်ယူဝမ်းမြောက်မိပါတယ်။ နိုင်ငံတော်အစိုးရနဲ့ ပြည်သူတွေရဲ့ကြိုးပမ်းအားထုတ်လုပ်ဆောင်မှုတွေနဲ့ တကယ့် တိုးတက်မှုအခြေအနေတွေကို လျစ်လျူရှုပြီး အနောက်နိုင်ငံကြီးတစ်ခုက ကုလသမဂ္ဂလုံခြုံရေးကောင်စီ အစည်းအဝေးအစီအစဉ်မှာ မြန်မာနိုင်ငံအရေးကို ထည့်သွင်းဆွေးနွေးသင့်ကြောင်း စွပ်စွဲပြောဆိုခဲ့ပါတယ်။ မြန်မာနိုင်ငံဟာ လူမှုစီးပွားရေးကဏ္ဍမှာ ဘယ်တုန်းကမှ မရရှိခဲ့ဖူးတဲ့ အောင်မြင်တိုးတက်မှုတွေကို ရရှိအောင်လုပ်ဆောင်နေသလို ဒေသတွင်း ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်ရေးကို ထိန်းသိမ်းရာမှာလည်း အကူအညီပေးလျက်ရှိပါတယ်။ ဒီရှင်းလင်းပွဲမှာ နိုင်ငံတော်အစိုးရနဲ့ ပြည်သူတွေရဲ့ လူမှုရေးကဏ္ဍတိုးတက်မှု အစစ်အမှန်ကို ပညာရေးရှုထောင့်ကနေပြီး တင်ပြသွားမှာဖြစ်ပါတယ်။

မြန်မာ့ပညာရေး မျှော်မှန်းချက်ကတော့ "မျက်မှောက်ကာလဖြစ်သော ပညာရေးခေတ်၏စိန်ခေါ်မှုကို ရင်ဆိုင်နိုင်မည့် အစဉ်လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းကို ဖန်တီးပေးနိုင်သည့် ပညာရေးစနစ်တစ်ခု ဖြစ်ထွန်းလာစေရန်" ဖြစ်ပါတယ်။

ကျွန်တော်တို့ရဲ့ "ပညာရေးဆောင်ပုဒ်" ကတော့ "ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့"လို့ ချမှတ်ထားပါတယ်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအတွက် လမ်းညွှန်ချက်(၅)ရပ် ချမှတ်ပေးခဲ့ပါတယ်။ အဲဒီ လမ်းညွှန်ချက်တွေကတော့–

(၁) ဆရာ၊ ဆရာမများ၏ အရည်အသွေးပြည့်ဝရေး
(၂) သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများကို နိုင်ငံတကာအဆင့်မီ မြှင့်တင်ဆောင်ရွက်ရေး
(၃) သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများကို ထိရောက်စွာ အသုံးပြုသင်ကြားရေး
(၄) ဥပဒေစည်းမျဉ်း၊ စည်းကမ်းသတ်မှတ်ချက်များကို လေးစားလိုက်နာရေး
(၅) မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ခိုင်မာရေး

တို့ပဲ ဖြစ်ပါတယ်။

ဆက်လက်ပြီးတော့ အခြေခံပညာသင်ယူမှု အခွင့်အလမ်းတွေ တိုးတက်ရရှိစေဖို့အတွက် မြန်မာနိုင်ငံအတွင်း အခြေခံအဆင့်ကျောင်းသစ်များ ဖွင့်လှစ်ပေးခြင်းကို တင်ပြပါမယ်။

ကျောင်းနေအရွယ်ကလေးအားလုံး အလွယ်တကူအခြေခံပညာများ သင်ယူနိုင်ရန် နေရာဒေသအလိုက် အခြေခံပညာကျောင်းများ မြန်မာနိုင်ငံတစ်ဝန်း၌ ဖွင့်လှစ်ပေးခဲ့ပါတယ်။

၁၉၈၈ ခုနှစ်နှင့် ယခုလက်ရှိ အခြေခံပညာကျောင်းများ အရေအတွက် တိုးတက်လာပုံအခြေအနေကို နှိုင်းယှဉ်ကြည့်မယ်ဆိုရင် ၁၉၈၈ခုနှစ်မှာ အခြေခံပညာအထက်တန်းကျောင်း ၇၂၂ ကျောင်းရှိရာမှ ၂၀၀၆ ခုနှစ်မှာ ၂၀၄၅ ကျောင်းအထိ တိုးတက်လာပါတယ်။ သုံးဆတိုးတက်လာတယ်လို့ ဆိုနိုင်ပါတယ်။

၁၉၈၈ ခုနှစ်မှာ အခြေခံပညာအလယ်တန်းကျောင်း ၁၆၉၆ ကျောင်းရှိရာမှ ၂၀၀၆ ခုနှစ်မှာ ၂၆၀၁ ကျောင်းအထိ တိုးမြှင့်လာခဲ့ပါတယ်။ တစ်ဆခွဲတိုးတက်လာတယ်လို့ ဆိုနိုင်ပါတယ်။

၁၉၈၈ ခုနှစ်မှာ အခြေခံပညာမူလတန်းကျောင်း ၃၁၃၂၉ ကျောင်းရှိရာမှ ၂၀၀၆ ခုနှစ်မှာ ၃၅၈၉၃ ကျောင်းအထိ တိုးမြှင့်လာခဲ့ပါတယ်။

စုစုပေါင်း အခြေခံပညာကျောင်းပေါင်း ၄၀၅၄၈ ကျောင်းဖွင့်လှစ်ပြီးဖြစ်လို့ မြန်မာနိုင်ငံရဲ့ ကျေးရွာငါးရွာမှာ ကျောင်းသုံးကျောင်းနှုန်းရှိနေပြီး ၁ ဒသမ ၄ မိုင် အကွာအဝေးတိုင်းတွင် ကျောင်းတစ်ကျောင်း ရှိနေပါတယ်လို့ ဆိုနိုင်ပါတယ်။

နယ်စပ်ဒေသများတွင် အခြေခံပညာကျောင်းများ ဖွင့်လှစ်နိုင်ရေးအတွက် အထူးအလေးပေးပြီး ဆောင်ရွက်ခဲ့ပါတယ်။ နယ်စပ်ဒေသများမှာ အခြေခံပညာကျောင်းပေါင်း ၁၀၃၄ကျောင်းရှိပြီး ဆရာ၊ ဆရာမအင်အား ၅၈၇၅ ဦးနဲ့ ကျောင်းသား ကျောင်းသူပေါင်း ၁၈၃၂၆၄ ဦး ပညာသင်ကြားလျက် ရှိပါတယ်။

ယခုတင်ပြခဲ့တဲ့ အခြေခံပညာကျောင်းများနှင့် ပတ်သက်တဲ့ စာရင်းဇယားတွေအရ ကျောင်းဦးရေသိပ်သည်းမှုကို ထင်ရှားစွာ သိမြင်နိုင်သလို မြန်မာနိုင်ငံအစိုးရရဲ့ လမ်းညွှန်မှုအောက်မှာ ပညာရေးဝန်ကြီးဌာနဟာ နိုင်ငံသားတိုင်း အခြေခံပညာသင်ယူနိုင်တဲ့ အခွင့်အလမ်းကိုရရှိအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြလိုပါတယ်။

နိုင်ငံတော်အစိုးရအနေနဲ့ အခြေခံပညာကဏ္ဍမှာ တိုးတက်အောင် လုပ်ဆောင်နေသလို အဆင့်မြင့်ပညာကဏ္ဍမှာလည်း တက္ကသိုလ်၊ ကောလိပ်နဲ့ ဆေးရုံသစ်ကြီးတွေကို တိုးချဲ့ဖွင့်လှစ်ပေးပြီး ပြည်သူလူထုအတွက်နဲ့ ကျန်းမာရေးကဏ္ဍအတွက် ဆောင်ရွက်ပေးနေလျက် ရှိပါတယ်။

အခြေခံပညာမူလတန်းအဆင့်မှ အခြေခံပညာအလယ်တန်းအဆင့်သို့ တိုးမြှင့်ကူးပြောင်းပညာသင်ကြားနိုင်ဖို့အတွက် မူလတန်းလွန်ကျောင်းတွေကိုလည်း ဖွင့်လှစ်ပေးခဲ့ပါတယ်။ လိုအပ်ချက်ရှိတဲ့ဒေသတွေမှာ မူလတန်းကျောင်းတွေကို မူလတန်းလွန်ကျောင်းတွေအဖြစ် တိုးမြှင့်ဖွင့်လှစ်ပေးနိုင်ခဲ့ပါတယ်။ မူလတန်းလွန်ကျောင်းတွေ တိုးမြှင့်ဖွင့်လှစ်ပေးခဲ့တဲ့အတွက် အခြေခံပညာမူလတန်းအဆင့်မှ အခြေခံပညာအလယ်တန်းအဆင့်သို့ ကူးပြောင်းသင်ယူနိုင်တဲ့နှုန်းဟာ ၂၀၀၀ပြည့်နှစ်မှာ ၆၈ ဒသမ ၅ ရာခိုင်နှုန်းရှိခဲ့ရာက ယခု ၂၀၀၆ခုနှစ်မှာ ၇၈ ဒသမ ၃ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ပါတယ်။



ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

အခြေခံပညာမူလတန်းမှ အခြေခံပညာအလယ်တန်းအဆင့်နှင့် အခြေခံပညာအလယ်တန်းမှ အခြေခံပညာအထက်တန်းအဆင့်သို့ အတန်းကူးပြောင်းသင်ယူနိုင်မှုနှုန်း မြင့်မားလာစေရေးအတွက်လည်း တွဲဖက်ကျောင်းတွေနဲ့ ကျောင်းခွဲတွေကို ဖွင့်လှစ်ပေးခဲ့ပါတယ်။ ဒါကြောင့် ကျောင်းသားတွေဟာ တစ်ဆင့်မြင့်အတန်းများကို မူရင်းကျောင်းမှာပဲ ဆက်လက်သင်ယူနိုင်တဲ့ အခွင့်အလမ်းများ ရရှိနေကြပြီဖြစ်ပါတယ်။

မူလတန်းပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်တာနဲ့အမျှ ၁၉၉၈ခုနှစ်ကစပြီး မူကြိုကျောင်းများကို ဖွင့်လှစ်ပေးနိုင်ခဲ့ပါတယ်။ မူကြိုကျောင်းတွေဟာ မူလတန်းပညာရေးအတွက် အဆင်သင့်ဖြစ်စေရန် ပြင်ဆင်ပေးခြင်းဖြစ်တဲ့အတွက် ကျောင်းသားမိဘများကြားမှာ ခေတ်စားလာပါတယ်။ ပညာရေးဝန်ကြီးဌာနလက်အောက်မှာ မူကြိုကျောင်းပေါင်း ၁၅၃၄ကျောင်းနဲ့ ကျောင်းသားကျောင်းသူပေါင်း ၂၉၄၉၇ဦး တက်ရောက်ပညာသင်ကြားလျက်ရှိပါတယ်။

ပညာသင်ယူမှုအခွင့်အလမ်းတွေအနေနဲ့ ကျေးလက်ကနေ မြို့ပြအထိ၊ နယ်စပ်ဒေသတွေကနေ မြို့နေလူထုအထိ ကလေးတွေဟာ မူကြိုအဆင့်မှ တက္ကသိုလ်ဝင်တန်းအဆင့်အထိ ပညာသင်ယူနိုင်ခွင့် ရရှိနေကြတာကို လူကြီးမင်းတို့အမြင်ပဲဖြစ်ပါတယ်။ ခုလို အင်မတန်အရေးပါသော ဖွံ့ဖြိုးတိုးတက်မှုဖြစ်တဲ့ ပညာသင်ယူနိုင်မှု အခွင့်အလမ်းတွေကို လျစ်လျူရှုထားပြီး မသိကျိုးကျွန်ပြုနေကြတဲ့ ဆန့်ကျင်ဘက်ပုဂ္ဂိုလ်တွေကတော့ နယ်စပ်ဒေသတွေမှာ ပညာသင်ယူနိုင်ဖို့ အခွင့်အလမ်းလုံလောက်မှုမရှိဘူးလို့ပဲ တစ်အော်တည်း အော်နေကြပါတယ်။

မြန်မာပြည်တစ်ဝန်း ကျောင်းတွေတည်ဆောက်ဖွင့်လှစ်ပေးပြီး နောက်တစ်ဆင့်ကတော့ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေနိုင်ကြစေဖို့ပဲ ဖြစ်ပါတယ်။ ပညာရေးပြက္ခဒိန်အရ မြန်မာနိုင်ငံမှာရှိတဲ့ ကျောင်းအားလုံး နှစ်စဉ်ဇွန်လ ၁ရက်နေ့မှာ ပညာသင်နှစ်စတင်ပါတယ်။ နှစ်စဉ်မေလရဲ့ နောက်ဆုံးရက်သတ္တပတ်ကို "ကျောင်းအပ်နှံရေးသီတင်းပတ်" အဖြစ်သတ်မှတ်ထားပြီး ကျောင်းအပ်နှံရေးလုပ်ငန်းကို အမျိုးသားရေးအတိုင်းအတာအရ လူထုလှုပ်ရှားမှုအသွင်ဖြင့် ဆောင်ရွက်ကြပါတယ်။ ပညာရေးဝန်ကြီးဌာနက တာဝန်ရှိသူတွေ၊ ဒေသအာဏာပိုင်တွေ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်တွေ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်တွေ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်တွေ စုပေါင်းပြီး "ကျောင်းအပ်နှံရေး သီတင်းပတ်"လှုပ်ရှားဆောင်ရွက်ကြတာ ဖြစ်ပါတယ်။ ဒီသီတင်းပတ်အတွင်း ပညာရေးကိုလိုလားကြတဲ့ စေတနာရှင်တွေ၊ လူမှုရေးအသင်းအဖွဲ့တွေက ဝင်ကြေးနဲ့ ကျောင်းသုံးပစ္စည်းအမျိုးမျိုး လှူဒါန်းခဲ့ကြပါတယ်။ ဒီလိုကြိုးပမ်းအားထုတ်မှုတွေကြောင့် အသက်ငါးနှစ်ပြည့်ပြီးတဲ့ကလေးတွေ ကျောင်းဝင်ရောက်မှုနှုန်းဟာ ၂၀၀၀ပြည့်နှစ်မှာ ၉၁ရာခိုင်နှုန်းသာရှိခဲ့ရာက ၂၀၀၆ခုနှစ်မှာ ၉၇ ဒသမ ၈၄ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့ပါတယ်။

ပုံမှန်ကျောင်းတွေကို တက်ရောက်သင်ယူနိုင်စွမ်းမရှိတဲ့ အင်္ဂါချို့ယွင်းသူ၊ အမြင်အာရုံချို့ယွင်းသူကလေးတွေကို "လူတိုင်းအကျုံးဝင်ပညာရေးအစီအစဉ်" အောက်မှာ အထူးတလည် ထိန်းသိမ်းပြုစုသင်ကြားပေးဖို့ အရေးကြီးပါတယ်။ ဒီလိုပဲ အကြောင်းအမျိုးမျိုးကြောင့် ပုံမှန်ကျောင်းတွေကို မတက်ရောက်နိုင်ကြတဲ့ ကလေးတွေအတွက် "ကျောင်းပြင်ပပညာရေးအစီအစဉ်"အောက်က စာသင်ဝိုင်းတွေမှာ သင်ယူမှုအခွင့်အလမ်းတွေ ဖွင့်လှစ်ပေးခဲ့ပါတယ်။ "လူတိုင်းအကျုံးဝင်ပညာရေးအစီအစဉ်"အောက်က အထူးပညာရေးအစီအစဉ်တွေအောက်မှာ ကျောင်းသူ၊ ကျောင်းသား ၂၁၅၂၀ ပညာသင်ယူနေကြပါတယ်။

သစ်တောလုပ်သားကဲ့သို့သော အချို့လုပ်သားများတွေဟာ လုပ်ငန်းသဘာဝအရ တစ်နေရာမှတစ်နေရာသို့ ရွှေ့ပြောင်းနေထိုင်ကြရပါတယ်။ အဲဒီလုပ်သားတွေရဲ့ ကလေးတွေဟာလည်း မိသားစုနဲ့အတူ ရွှေ့ပြောင်းလိုက်ပါသွားရပါတယ်။ ဒီကလေးတွေအတွက် ရွှေ့လျားကျောင်းများဖွင့်လှစ်ပေးရခြင်း ဖြစ်ပါတယ်။ ယခုအခါ မြို့နယ်ပေါင်း၁၅မြို့နယ်မှာ ရွှေ့လျားကျောင်း ၄၃ကျောင်း၊ ဆရာ၅၈ဦးနဲ့ ကျောင်းသား ၁၆၀၃ ဦးကို သင်ကြားပေးလျက်ရှိပါတယ်။

နိုင်ငံတော်အစိုးရနဲ့ ပညာရေးဝန်ကြီးဌာနဟာ ကျောင်းပညာရေးသာမက လူတိုင်းအတွက်ပညာရေး အစီအစဉ်များကိုပါ တန်းတူအလေးပေး ဆောင်ရွက်လျက်ရှိပါတယ်။ စာတတ်မြောက်ရေးလုပ်ငန်းတွေကို လွန်ခဲ့တဲ့ဆယ်စုနှစ်များကပင် ကြိုးပမ်းဆောင်ရွက်လာခဲ့ရာ နိုင်ငံ၏စာတတ်မြောက်မှုနှုန်း မြင့်မားလာခဲ့ပါတယ်။

မြန်မာနိုင်ငံရဲ့စာတတ်နှုန်းတိုးတက်မှုနဲ့ ဆုတ်ယုတ်မှုတို့ကို ပြီးခဲ့တဲ့ရာစုနှစ်ကစပြီး တင်ပြလိုပါတယ်။ ၁၉၄၇ခုနှစ် ယူနီဆက်အစီရင်ခံစာအရ မြန်မာမင်းများလက်ထက် ၁၈၈၆ခုနှစ် မတိုင်မီက စာတတ်မြောက်မှုနှုန်းဟာ ၈၅ရာခိုင်နှုန်းရှိခဲ့ပါတယ်။ ကိုလိုနီခေတ်မှာတော့ ၃၅ရာခိုင်နှုန်းအထိ ဆိုးဆိုးရွားရွား ကျဆင်းသွားခဲ့ရပါတယ်။ လွတ်လပ်ရေးရပြီး ကာလမှာတော့ ၆၃ရာခိုင်နှုန်းခန့် ပြန်လည်မြင့်တက်လာခဲ့ပါတယ်။ လွတ်လပ်ရေးရပြီးနောက်ပိုင်းမှာ နိုင်ငံတော် အစိုးရအဆက်ဆက်ရဲ့ ဆက်တိုက်ကြိုးပမ်းအားထုတ်မှုကြောင့် စာတတ်မြောက်မှုနှုန်းဟာ တစ်နှစ်ထက်တစ်နှစ် ပုံမှန်မြင့်တက်လာခဲ့ပါတယ်။ ယခုဆိုလျှင် စာတတ်မြောက်မှုနှုန်း ၉၄ ဒသမ ၃၅ရာခိုင်နှုန်းအထိ ရှိနေပြီဖြစ်ပါတယ်။ ဒါကြောင့် မြန်မာ့ပညာရေးအတွက် ဘယ်သူတွေက ဆောင်ရွက်ခဲ့ကြတယ်။ ဘယ်သူတွေက မြန်မာ့ပညာရေးကို အကျိုးမဲ့အောင် လုပ်ခဲ့ကြတယ်။ လျစ်လျူရှုခဲ့ကြတယ်ဆိုတာကို ရှင်းရှင်းလင်းလင်း မြင်နိုင်ကြရပါပြီ။

နိုင်ငံတော်အစိုးရရဲ့ ကြိုးပမ်းမှု၊ ပြည်သူလူထုနှင့်တကွ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့တို့ရဲ့ ပူးပေါင်းပါဝင်မှုတွေနဲ့ စာတတ်မြောက်ရေးလုပ်ငန်း လူထုလှုပ်ရှားမှုများကို နှစ်စဉ်နွေရာသီမှာ လုပ်အားပေးဆရာ၊ ဆရာမ ထောင်ပေါင်းများစွာဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ အင်မတန်အောင်မြင်ခဲ့တဲ့ စာတတ်မြောက်ရေး လူထုလှုပ်ရှားမှုတွေကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဟာ ၁၉၇၁ခုနှစ်မှာ "မိုဟာမက်ရီဇာပါလာဗီ"ဆုနဲ့ ၁၉၈၃ခုနှစ်မှာ "နိုမာ" ဆုတွေကို ရရှိခဲ့ပါတယ်။

နိုင်ငံတော်အစိုးရနဲ့ ပညာရေးဝန်ကြီးဌာနဟာ အခြေခံနဲ့အဆင့်မြင့် ပညာရေးအဆင့်အသီးသီးမှာ အရည်အသွေးရှိတဲ့ ပညာရေးကိုပေးနိုင်ရေးအတွက် အထူးကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုကြိုးပမ်းဆောင်ရွက်ရာမှာ ဆရာအတတ်သင်တန်းဖွင့်လှစ်ခြင်းနှင့် ဘာသာရပ်မွမ်းမံသင်တန်းများ ပို့ချခြင်း၊ သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများ အဆင့်မြှင့်တင်ခြင်းနှင့် ခေတ်နှင့်အမီဖြစ်စေခြင်း၊ ခေတ်မီသင်ထောက်ကူပစ္စည်းများ အသုံးပြုစေခြင်း၊ ခေတ်မီ သင်ကြားသင်ယူနည်းများနှင့် အကဲဖြတ်မှုနည်းလမ်းများကို အသုံးပြုခြင်းစတဲ့ လုပ်ငန်းတွေကို ဆောင်ရွက်စေလျက်ရှိပါတယ်။

ဆရာအတတ်သင်တန်းပို့ချရန် ပညာရေးတက္ကသိုလ်နှစ်ခု၊ ပညာရေးကောလိပ် ၂၀ ရှိပါတယ်။ ပညာရေးတက္ကသိုလ်ဟာ ပထမပညာရေးဘွဲ့မှသည် မဟာပညာရေးဘွဲ့၊ ပါရဂူဘွဲ့များအထိ ပို့ချလေ့ကျင့်ပေးလျက်ရှိပါတယ်။ ပညာရေးတက္ကသိုလ်မှ ဘွဲ့ရအရည်အသွေးပြည့်ဆရာတွေဟာ အခြေခံပညာကျောင်းများရဲ့ အထက်တန်း၊ အလယ်တန်းအဆင့်များတွင် တာဝန်ပေးအပ်လျက်ရှိပါတယ်။ ဒါ့အပြင် ပညာရေးကောလိပ် ၂၀ က လေ့ကျင့်ပေးလိုက်တဲ့ ပညာရေးဒီပလိုမာရရှိသူတွေကို မူလတန်းပြဆရာများအဖြစ် လုပ်ငန်းတာဝန်ပေးအပ်လျက်ရှိပါတယ်။ တက္ကသိုလ်တစ်ခုခုမှ မဟာဘွဲ့ရရှိပြီးသူများအတွက် ပညာရေးနည်းပညာသင်တန်း (CET)ကို ဖွင့်လှစ်လေ့ကျင့်ပေးပြီး သင်တန်းဆင်းတွေကို အထက်တန်းပြများ၊ အလယ်တန်းပြများအဖြစ် လုပ်ငန်းခွင်တာဝန် ပေးအပ်လျက်ရှိပါတယ်။ ဒါ့အပြင် နွေရာသီမွမ်းမံသင်တန်းများဖြင့် ဆရာများ၏ အရည်အသွေးကို မြှင့်တင်ပေးခဲ့ပါတယ်။

ထိရောက်တဲ့ပညာရေးစနစ်ဖြစ်ဖို့အတွက် ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်မှုတွေနဲ့ နိုင်ငံတော်ရဲ့ လိုအပ်ချက်တွေအရ သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာတွေကို ခေတ်မီအောင်လုပ်ဆောင်ရမှာ ဖြစ်ပါတယ်။ ပညာရေးသင်ရိုးညွှန်းတမ်းနှင့်သင်ရိုးမာတိကာတွေကို နှစ်စဉ်ပြန်လည်သုံးသပ်ပြီး လိုအပ်တဲ့နေရာ၊ လိုအပ်တဲ့အခါတိုင်းမှာ ခေတ်မီရေး၊ အဆင့်မြှင့်တင်ရေးဆောင်ရွက်ခဲ့ပါတယ်။ ကြုံကြိုက်တုန်းပြောလိုတာကတော့ အသုံးပြုနေတဲ့ အခြေခံပညာသင်ရိုးညွှန်းတမ်းနဲ့ သင်ရိုးမာတိကာတွေဟာ နိုင်ငံတကာက ကျယ်ကျယ်ပြန့်ပြန့် လက်ခံထားကြတဲ့ GCE သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာတွေနဲ့ တစ်ပြေးညီဖြစ်ကြောင်း ပြောကြားလိုပါတယ်။ အချို့သိပ္ပံဘာသာရပ်တွေမှာဆိုရင် မြန်မာနိုင်ငံရဲ့ သင်ရိုးညွှန်းတမ်းနဲ့ သင်ရိုးမာတိကာတွေဟာ GCE-Oအဆင့်ထက်ပိုပြီး မြင့်မားတယ်လို့ ဆိုပါရစေ။

စာပေဘာသာရပ်တွေအပြင် ကာယပညာ၊ အားကစား၊ ရသ (ပန်းချီ/ ဂီတ)၊ စာရိတ္တပညာရေး၊ ပြည်ထောင်စုစိတ်ဓာတ်၊ ကျန်းမာရေးပညာ (HIV/ AIDS)စတဲ့ ဘဝတွက်တာ ကျွမ်းကျင်စရာတွေနဲ့ အကြိုသက်မွေးဘာသာရပ်တွေကိုလည်း အလေးထားပြီး တွဲဖက်သင်ကြားလျက်ရှိပါတယ်။ ဒီအချက်တွေက မြန်မာ့ပညာရေးစနစ်ဟာ ဒေသတွင်းအဆင့်၊ နိုင်ငံတကာအဆင့်တွေနဲ့ တစ်တန်းတည်းဆိုတာ ပြသနေရုံမျှမက စာပေဘာသာရပ်တွေသာမကဘဲ ကျန်းမာစွာနေထိုင်ရေး၊ အကျင့်စာရိတ္တကောင်းမွန်ရေး၊ ပြည်ထောင်စုစိတ်ဓာတ်နဲ့ ဘဝတွက်တာ ကျွမ်းကျင်စရာတွေပေါ်မှာလည်း အလေးထားသင်ကြားလျက်ရှိကြောင်း ပြသနေပါတယ်။

သင်ကြားမှု၊ သင်ယူမှုအရည်အသွေးမြှင့်တင်ဖို့အတွက် နိုင်ငံတော်အစိုးရရဲ့ လမ်းညွှန်မှုအောက်မှာ ဝန်ကြီးဌာနက ဆရာအရည်အသွေးမြင့်မားရေးကို ဆောင်ရွက်နေရုံသာမက ခေတ်မီသင်ထောက်ကူပစ္စည်းများ အသုံးပြုသင်ကြားရေးကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ သူငယ်တန်းမှအစ မူလတန်းဆင့်ကလေးတွေအတွက် အခြေခံပညာကျောင်းတွေမှာ ခေတ်မီသင်ထောက်ကူပစ္စည်းတွေ တပ်ဆင်ပေးထားပါတယ်။ မူလတန်းကျောင်းအားလုံးနီးပါးမှာ အနည်းဆုံး အသံပိုင်းဆိုင်ရာ သင်ထောက်ကူပစ္စည်းတွေ တပ်ဆင်ပေးထားပြီး အချို့ကျောင်းတွေမှာ မာလ်တီမီဒီယာ သင်ထောက်ကူပစ္စည်းတွေ တပ်ဆင်ပေးခဲ့ပါတယ်။ အလယ်တန်းကျောင်းအချို့နဲ့ အထက်တန်းကျောင်းအားလုံးနီးပါးမှာ အသံပိုင်းဆိုင်ရာ သင်ထောက်ကူပစ္စည်းတွေ၊ ဗီဒီယို၊ ကွန်ပျူတာနှင့် မာလ်တီမီဒီယာ သင်ထောက်ကူပစ္စည်းတွေ တပ်ဆင်ပေးထားပြီးဖြစ်ပါတယ်။ အထက်တန်းကျောင်းတွေမှာလည်း သိပ္ပံလက်တွေ့ခန်းများထားရှိပြီး လက်တွေ့သင်ကြားပို့ချပေးလျက်ရှိပါတယ်။

*စာမျက်နှာ ၈ ကော်လံ ၁*

30-11 (07) 1 11/30/06, 6:01 PM

စာမျက်နှာ ၇ မှ

ခေတ်မီသင်ကြားမှုနည်းစနစ်တွေနဲ့အညီ ကလေးများရဲ့တီထွင်ဖန်တီးနိုင်စွမ်း၊ ခွဲခြမ်းစိတ်ဖြာနိုင်စွမ်း၊ စဉ်းစားတွေးခေါ်နိုင်စွမ်းနဲ့ ပြဿနာဖြေရှင်းနိုင်စွမ်းတွေ တိုးတက်စေရေးအတွက် ကလေးဗဟိုပြုချဉ်းကပ်နည်းများကို ၂၀၀၄–၂၀၀၅ ပညာသင်နှစ်ကတည်းက အစပျိုးလေ့ကျင့်သင်ကြားပေးလျက် ရှိပါတယ်။

ပညာရေးအရည်အသွေးကို အဆုံးအဖြတ်ပေးရာမှာ စစ်ဆေးအကဲဖြတ်ခြင်းဟာ အရေးကြီးတဲ့ အချက်တစ်ရပ် ဖြစ်ပါတယ်။ မြန်မာနိုင်ငံ ပညာရေးစနစ်မှာ ၁၉၉၁ခုနှစ်မှာ စတင်ပြီး CAPS ခေါ် စဉ်ဆက်မပြတ် အကဲဖြတ်တဲ့စနစ်ကို ကျင့်သုံးနေပါတယ်။ ဒီစနစ်ကို အကောင်အထည်ဖော်ရာမှာ UNICEF နဲ့ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ ဒီစနစ်ကို အလယ်တန်းအဆင့်အထိ အသုံးပြုလျက် ရှိပါတယ်။

ဒီစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ တကယ်လို့ ကျောင်းသားတစ်ယောက်ရဲ့ တတ်မြောက်မှုဟာ တိုးတက်မှုရှိမလာဘူးဆိုရင် ပြန်လည်ကုစား သင်ကြားခြင်းကို ချက်ချင်းဆောင်ရွက်နိုင်ရမှာဖြစ်ပါတယ်။ ဒီလိုနည်းနဲ့ ကျောင်းသားရဲ့သင်ယူမှုကို ပိုမိုထိရောက်စွာ တိုးတက်လာစေမှာ ဖြစ်ပါတယ်။

ပညာရေးကဏ္ဍမှာ ခက်ဖြာပညာရေးဟာ အရေးကြီးတဲ့ကဏ္ဍတစ်ရပ်အဖြစ် ပါဝင်နေပါတယ်။ အခြေခံပညာရေးကဏ္ဍမှာ ၂၀၀၁–၂၀၀၂ပညာသင်နှစ်ကစပြီး နဝမတန်းကျောင်းသားများအနေနဲ့ ဘာသာရပ်များရွေးချယ်သင်ယူခွင့် ရရှိခဲ့ပါတယ်။ ရူပဗေဒ၊ ဓာတုဗေဒ၊ ဇီဝဗေဒ၊ ပထဝီ၊ သမိုင်း၊ ဘောဂဗေဒနဲ့ စိတ်ကြိုက်မြန်မာစာဘာသာရပ်များမှာ ကြိုက်နှစ်သက်ရာ ဘာသာရပ်သုံးဘာသာကို ရွေးချယ်သင်ယူနိုင်ပါတယ်။

ကြွရောက်လာကြတဲ့ လူကြီးမင်းများ သိမြင်ခဲ့ပြီးဖြစ်တဲ့အတိုင်း နိုင်ငံတော်အစိုးရအနေနဲ့ မိမိနိုင်ငံသားများအတွက် အခွင့်အလမ်းပွင့်၊ အရည်အသွေးမြင့် ခက်ဖြာပညာရေးရရှိလာစေဖို့ နေရာအနှံ့ကျောင်းများ တိုးချဲ့ဖွင့်လှစ်ပေးခြင်း၊ ဆရာများရဲ့အရည်အသွေး တိုးတက်မြင့်မားလာအောင် ဆောင်ရွက်ခြင်း၊ ခေတ်မီသင်ပြနည်းများကို ခေတ်မီသင်ထောက်ကူပစ္စည်းများအသုံးပြု၍ သင်ကြားခြင်းများ ပြုလုပ်ဆောင်ရွက်လျက်ရှိနေပါတယ်။ ဒီအချက်က ဆန့်ကျင်ဘက် လုပ်နေသူတွေ့ရဲ့ စွပ်စွဲပြောဆိုချက်များဟာ လုံးဝမှားယွင်းကြောင်း သက်သေပြနေပါတယ်။

အဆင့်မြင့်ပညာကဏ္ဍရဲ့ ဖွံ့ဖြိုးတိုးတက်မှုနဲ့ပတ်သက်ပြီး အကျဉ်းချုပ်တင်ပြလိုပါတယ်။

ယခုလက်ရှိ အစိုးရမတိုင်မီက ကျွန်တော်တို့မှာ တက္ကသိုလ် ကောလိပ် ၃၂ခုသာရှိခဲ့ပါတယ်။ နိုင်ငံတော်ရဲ့ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက် လာတာနဲ့ အမျှ အဆင့်မြင့်ပညာရေးမှာ ကျောင်းသားအရေအတွက် များပြားလာသလို တက္ကသိုလ်နဲ့ ကောလိပ်များကိုလည်း တိုးချဲ့ဖွင့်လှစ်ပေးခဲ့ပါတယ်။ အခုဆိုရင် မြန်မာပြည်တစ်နံတစ်လျားမှာ တက္ကသိုလ်နဲ့ ဒီဂရီကောလိပ်ပေါင်း ၁၅၆ကျောင်း ဖွင့်လှစ်ပေးခဲ့ပြီး ဖြစ်ပါတယ်။

ဝန်ကြီးဌာနအလိုက် ဖော်ပြရမယ်ဆိုရင် ပညာရေးဝန်ကြီးဌာနမှာ တက္ကသိုလ်ကောလိပ်ပေါင်း၆၄ကျောင်း၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှာ ၅၆ကျောင်း၊ ကျန်းမာရေးဝန်ကြီးဌာနမှာ ၁၄ကျောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနနှင့် သမဝါယမဝန်ကြီးဌာနမှာ ငါးကျောင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာနမှာ နှစ်ကျောင်း၊ သစ်တောရေးရာဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနနှင့် ဝန်ထမ်းရွေးချယ်ရေးအဖွဲ့တို့မှာ တက္ကသိုလ်တစ်ခုစီ ဖွင့်လှစ်ပေးထားပါတယ်။ တိုင်းနဲ့ပြည်နယ်တိုင်းမှာ ဝိဇ္ဇာသိပ္ပံ၊ နည်းပညာ၊ ကွန်ပျူတာ ပညာရပ်များသင်ကြားပို့ချသော တက္ကသိုလ်(သို့)ဒီဂရီကောလိပ်တစ်ခုစီဖြင့် အနည်းဆုံး သုံးခုရှိနေကြပြီ ဖြစ်ပါတယ်။

ဖွံ့ဖြိုးရေးဇုန်အလိုက် ပြောရမယ်ဆိုရင် ဖွံ့ဖြိုးတိုးတက်မှုဇုန်၂၄ခု သတ်မှတ်ထားပြီး ဖွံ့ဖြိုးရေးဇုန်တစ်ခုချင်းမှာ ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်တစ်ခု၊ နည်းပညာကောလိပ်တစ်ခု၊ ကွန်ပျူတာကောလိပ်တစ်ခု၊ ခုတင်(၂၀၀)ဆံ့ အထူးကုဆေးရုံတစ်ရုံစီ ဖွင့်လှစ်ထားရှိပြီး ဖြစ်ပါတယ်။

ပညာရေးနဲ့ကျန်းမာရေးကဏ္ဍတွေမှာ ပြည်သူလူထုအတွက် နိုင်ငံတော်အစိုးရရဲ့ ကြိုးပမ်းမှုများကို အထင်အရှား တွေ့မြင်နိုင်မှာ ဖြစ်ပါတယ်။

အဆင့်မြင့်ပညာရေးမှာ ၁၉၈၈ခုနှစ်က ဆရာဦးရေ ၅၆၃၈ဦးရှိခဲ့ရာမှ ၂၀၀၆ခုနှစ်မှာ ၁၁၂၅၂ ဦးရှိလာပြီ ဖြစ်ပါတယ်။ ကျောင်းသားအရေအတွက်ကလည်း ၁၉၈၈ ခုနှစ်မှာ ၃၆၀၀၀ ရှိခဲ့ရာက ၂၀၀၆ခုနှစ်မှာ ၄၂၈၀၀၀အထိ တိုးတက်လာခဲ့ပါတယ်။ ဒီအချက်အလက်တွေက မြန်မာနိုင်ငံသားများအနေနဲ့ အဆင့်မြင့်ပညာရေးကို မိမိတို့နေထိုင်ရာဒေသအတွင်းမှာပဲ သင်ယူခွင့်၊ သင်ကြားခွင့်ရရှိနေကြောင်း အထင်အရှား သက်သေပြနေပါတယ်။

နယ်စပ်ဒေသရှိ ကျောင်းသားများ၊ ကျေးလက်ဒေသရှိ ကျောင်းသားများနဲ့ မြို့ပြဒေသရှိ ကျောင်းသားများဟာ တန်းတူအခွင့်အရေးရရှိနေကြပြီ ဖြစ်ပါတယ်။

ဘွဲ့ရအရေအတွက်ဟာဆိုရင်လည်း ၁၉၈၈ ခုနှစ်မှာ ၄၅၈၀၀၀ ရှိခဲ့ရာက ၂၀၀၆ ခုနှစ်မှာ ၁ဒသမ ၂၂သန်းသို့ တိုးတက်လာခဲ့ပါတယ်။

မြန်မာနိုင်ငံရှိ တက္ကသိုလ်နဲ့ ကောလိပ်တွေမှာ ပုံမှန်(ရိုးရိုး) ပညာရေးသင်တန်းများအပြင် အရည်အသွေးရှိတဲ့ ဘာသာရပ် ပေါင်းစပ်ပညာရေးသင်တန်းများကိုလည်း နိုင်ငံတော်နဲ့ ဒေသဆိုင်ရာ လိုအပ်ချက်တွေနဲ့အညီလည်းကောင်း၊ ကျောင်းသားများအသက်မွေးဝမ်းကျောင်းပညာတတ်မှု အခြေခံအတွက်လည်းကောင်း ဖွင့်လှစ်ပေးလျက်ရှိပါတယ်။ ပညာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်နဲ့ကောလိပ်တွေမှာ ပါရဂူဘွဲ့ ၂၁မျိုး၊ မဟာဘွဲ့ ၆၅ မျိုးအပါအဝင် ဘာသာရပ်သင်တန်း ၁၉၃ ခု ဖွင့်လှစ်သင်ကြားပို့ချလျက် ရှိပါတယ်။

လူ့စွမ်းအား အရင်းအမြစ် တိုးတက်ရေးအစီအစဉ်အောက်မှာ ဘာသာရပ်နဲ့ ကျွမ်းကျင်မှုဆိုင်ရာ ဖွံ့ဖြိုးမှု အစီအစဉ်တွေကို အသက်သတ်မှတ်ချက် မထားရှိဘဲ မိမိဝါသနာအလိုက် ဆက်လက်သင်ကြားနိုင်ရေးအတွက် ဖွင့်လှစ်ပေးထားလျက်ရှိပါတယ်။ အထက်ပါ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှု အစီအစဉ်ဟာ ပညာခေတ်ရဲ့ စိန်ခေါ်မှုတွေကို ရင်ဆိုင်ဖြေရှင်းနိုင်မယ့် အစဉ်လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းအဖြစ်သို့ ပြောင်းလဲပေးနေပါတယ်။

တက္ကသိုလ်တွေရဲ့ သုတေသနလုပ်ငန်းများနဲ့ သုတေသနဌာနတွေ အကြောင်းကိုလည်း အတိုချုပ်ပြောပြီး ရှင်းပြလိုပါတယ်။

တက္ကသိုလ်များ သိပ္ပံသုတေသနဌာနမှာ အီလက်ထရွန် မိုက်ခရိုစကုပ်၊ X-ray၊ Reflection Spectrometer၊ X-ray Diffraction Spectrometer Atomic Absorption Spectrometer ကဲ့သို့သော နောက်ဆုံးပေါ် ခေတ်မီသုတေသန ကိရိယာများ တပ်ဆင်ပေးထားပါတယ်။ ဒါကြောင့် တက္ကသိုလ်တွေနဲ့ အစိုးရအဖွဲ့အစည်းတွေက သုတေသန ပညာရှင်တွေဟာ သူတို့ရဲ့ သုတေသနလုပ်ငန်းများကို ဒီအထောက်အကူပစ္စည်းတွေနဲ့ ထိရောက်စွာ သုတေသနပြုအကောင်အထည်ဖော် ဆောင်ရွက်နေနိုင်ပြီ ဖြစ်ပါတယ်။

အာရှသုတေသနဌာနကိုလည်း ရန်ကုန်တက္ကသိုလ်မှာ ဘာသာရပ်အသီးသီး၌ အဆင့်မြင့် သုတေသနပြုလုပ်ဖို့နဲ့ သင်ကြားနိုင်ဖို့အတွက် ကိုရီးယား အဆင့်မြင့်ပညာလေ့လာမှု ဖောင်ဒေးရှင်းရဲ့ ပူးပေါင်းဆောင်ရွက်မှုနဲ့ တည်ထောင်ဖွင့်လှစ်ပေးခဲ့ပါတယ်။

အဏ္ဏဝါဗေဒသုတေသနလုပ်ငန်းများ တိုးမြှင့်လုပ်ဆောင်နိုင်ရေးအတွက် မော်လမြိုင်တက္ကသိုလ်မှာအဏ္ဏဝါဗေဒသုတေသနဌာနကိုတည်ထောင်ပေးခဲ့ပါတယ်။

ဇီဝမြေဩဇာ ထုတ်လုပ်ရေးနဲ့ ဆေးဖက်ဝင်အပင်များ သုတေသနပြုရေးတို့အတွက်နဲ့ တခြားဇီဝနည်းပညာ သုတေသနလုပ်ငန်းများ လုပ်ဆောင်နိုင်ရေးအတွက် ပုသိမ်တက္ကသိုလ်မှာ ဇီဝနည်းပညာ သုတေသနဌာနကို ၂၀၀၀ ပြည့်နှစ်က တည်ထောင်ဖွင့်လှစ်ပေးခဲ့ပါတယ်။

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုဟာ အဆင့်မြင့် ပညာကဏ္ဍနဲ့ ဒေသဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးကြီးတဲ့ ကဏ္ဍက ပါဝင်ပါတယ်။ အပြည်ပြည်ဆိုင်ရာနဲ့ ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အချို့ကို တင်ပြရမယ်ဆိုရင် ရန်ကုန်တက္ကသိုလ်နဲ့ ရန်ကုန်စီးပွားရေးတက္ကသိုလ်ဟာ အာဆီယံတက္ကသိုလ်များ ကွန်ရက်အဖွဲ့ဝင်များဖြစ်ပြီး ဒေသဆိုင်ရာ အဆင့်မြင့် ပညာရေး ဆောင်ရွက်မှုများကို ပူးပေါင်းဆောင်ရွက်လျက် ရှိပါတယ်။

အရှေ့တောင်အာရှ ပညာရေးဝန်ကြီးများအဖွဲ့ရဲ့ သမိုင်းနှင့် ရိုးရာယဉ်ကျေးမှုဆိုင်ရာဌာနကို ရန်ကုန်မှာ ၂၀၀၀ ပြည့်နှစ်က တည်ထောင်ခဲ့ပြီး အာဆီယံနိုင်ငံများရဲ့ သမိုင်းနှင့် ရိုးရာယဉ်ကျေးမှုဆိုင်ရာ သုတေသနများ ပြုလုပ်ဖို့နဲ့ ၎င်းနဲ့ဆက်နွယ်တဲ့ သင်တန်းများပို့ချဖို့အတွက် အဓိကဌာနအဖြစ်ထားရှိဖွင့်လှစ်ပေးခဲ့ပါတယ်။

ယခုလောလောဆယ် ကျင်းပခဲ့တဲ့ အပြည်ပြည်ဆိုင်ရာ ဆွေးနွေးပွဲများ၊ နှီးနှောဖလှယ်ပွဲများနဲ့ အလုပ်ရုံဆွေးနွေးပွဲတွေကတော့ (winter School in Physics)၊ မြန်မာ–ဂျာမနီ ဆွေးနွေးပွဲ၊ အပြည်ပြည်ဆိုင်ရာ နျူကလီးယားရူပဗေဒ အလုပ်ရုံဆွေးနွေးပွဲ၊ လူသားများအပေါ် ပတ်ဝန်းကျင်ဆိုင်ရာသက်ရောက်မှု ကွန်ဖရင့်၊ ပတ်ဝန်းကျင်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအတွက် စဉ်ဆက်မပြတ် အကဲဖြတ်မှု ကွန်ဖရင့်တို့ ဖြစ်ပါတယ်။

နိုင်ငံခြားကကျွမ်းကျင်ပညာရှင်တွေကို ပြင်ပစာစစ်သူများ(External Examiners)နဲ့ ပါရဂူဘွဲ့ ပူးတွဲကျမ်းကြီးကြပ်သူများအဖြစ် ဆောင်ရွက်ရန် ဖိတ်ခေါ်ခဲ့ပါတယ်။ အိန္ဒိယမှ ပါမောက္ခ ၂၈ဦး၊ ဂျာမနီမှ ပါမောက္ခရှစ်ဦး၊ ဂျပန်မှပါမောက္ခခြောက်ဦး၊ ကိုရီးယားမှ ပါမောက္ခနှစ်ဦး၊ အမေရိကန်မှ ပါမောက္ခတစ်ဦးတို့ကို ပါရဂူဘွဲ့သင်တန်းများအတွက် ဖိတ်ခေါ်ခဲ့ပါတယ်။ ယခုအချိန်အထိ ပါရဂူဘွဲ့ရရှိသူ ၇၀၆ဦးရှိပြီး ၂၉၄၂ဦးမှာ ပါရဂူဘွဲ့အတွက် ကျမ်းပြုနေဆဲ ဖြစ်ပါတယ်။

နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်မှုအောက်မှာ ပညာရေးဝန်ကြီးဌာနဟာ ကျောင်းများ၊ တက္ကသိုလ်များ၊ ကောလိပ်များကို တိုးချဲ့ဖွင့်လှစ်ပေးခြင်းဖြင့် အရည်အသွေးနဲ့ အရေအတွက် မြင့်မားရေးအတွက် တိုးချဲ့ဆောင်ရွက်လျက် ရှိပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံသားများဟာ မိမိဒေသမှာပဲ အခြေခံနဲ့ အဆင့်မြင့်ပညာရပ်တွေကို လွယ်လင့်တကူသင်ယူနိုင်ခွင့် အခွင့်အလမ်းများရရှိလျက်ရှိနေပါတယ်။ စဉ်ဆက်ပညာရေးကို သင်ယူနိုင်တဲ့ နိုင်ငံသားများဖြစ်ဖို့နဲ့ အနာဂတ်စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းနိုင်ဖို့အတွက် ဘဝတစ်သက်တာ ပညာရေးအခွင့်အလမ်းများကိုလည်း ဖန်တီးပေးလျက်ရှိပါတယ်။

မြန်မာ့ပညာရေးစနစ်ဟာ အခွင့်အလမ်းပွင့် အရည်အသွေးမြင့်ခြင်းကို ကန့်သတ်ထားတယ်ဆိုတာဟာ လုံးဝမှားယွင်းတဲ့ စွပ်စွဲချက်ဖြစ်ပါတယ်။ သူတို့ရဲ့လိမ်လည်စွပ်စွဲချက်တွေဟာ နိုင်ငံတော်အစိုးရနဲ့ မြန်မာပြည်သူပြည်သားတွေရဲ့ ရိုးရိုးသားသား ကြိုးစားမှုများကို သိက္ခာကျစေဖို့ ရည်ရွယ်ပြီး အခြေအမြစ်မရှိ၊ သက်သေအထောက်အထားမရှိ အပေါစားလိမ်ညာစွပ်စွဲခြင်းများသာ ဖြစ်ပါတယ်။ သူတို့ရဲ့ အဲဒီလိမ်ညာစွပ်စွဲချက်တွေဟာ မြန်မာ့ပညာရေးဖွံ့ဖြိုးမှုအတွက် ကြိုးစားနေမှုများအပေါ် လုံးဝအနှောင့်အယှက်ပေးနိုင်မှာမဟုတ်သလို ရရှိထားတဲ့ လူမှု၊ စီးပွားရေးကဏ္ဍ တိုးတက်မှုများကိုလည်း အရှိန်အဟုန်ကျစေမှာ မဟုတ်ပါကြောင်း နိဂုံးချုပ် ပြောကြားလိုပါတယ်။ ။

စာမျက်နှာ ၆ မှ

ရန်ကုန်မြို့မှာ ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုကို ၈–၅–၉၇ ရက်နေ့တွင် စတင်ပြုလုပ်ခဲ့ပြီး ယနေ့အထိ လူနာပေါင်း ၂၄ ဦးကို ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသပေးခဲ့ပြီးဖြစ်ပါတယ်။ မန္တလေးမြို့မှာလည်း ၂၅–၁–၂၀၀၂ ရက်နေ့မှ စတင်ကာ ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုကို ဆောင်ရွက်ခဲ့ရာ ယနေ့အထိ လူနာပေါင်းရှစ်ဦးကို ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသပေးခဲ့ပြီး ဖြစ်ပါတယ်။ ထို့အပြင် ရန်ကုန်မြို့ ကလေးဆေးရုံကြီးမှာ **ရင်ချင်းဆက်အမြွှာ** အေးအေးငြိမ်းနဲ့ အိအိငြိမ်း ညီအစ်မအား ၂၅–၇–၉၃ ရက်နေ့တွင် အောင်မြင်စွာ ခွဲစိတ်ကုသပေးနိုင်သကဲ့သို့ မန္တလေးမြို့ ကလေးဆေးရုံကြီးမှာ **တင်ပါးဆုံချင်းဆက်အမြွှာ** မိုးပပအောင်နှင့် မိုးမမအောင် ညီအစ်မတို့ကို ၁၁–၈–၂၀၀၂ ရက်နေ့မှာ အောင်မြင်စွာ ခွဲစိတ်ကုသပေးနိုင်ခဲ့ပါတယ်။

အသည်းရောဂါဝေဒနာရှင်လူနာ (အသက် ၃၅ နှစ်)အား အသည်းအစားထိုး ခွဲစိတ်ကုသမှုကို ရန်ကုန်အထွေထွေရောဂါကု ဆေးရုံသစ်ကြီးမှာ၂၅–၈–၂၀၀၄ ရက်နေ့၌ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါတယ်။

မြန်မာဆေးပညာရှင်များနဲ့ Germany Interplast၊ American Interplast၊ Singapore Interplast၊ Australia Interplast၊ Japan Cleft Palate Foundation၊ ကိုရီးယား Sae Moon An Medical Mission၊ ဘယ်လ်ဂျီယမ်နိုင်ငံ ခွဲစိတ်ကုအဖွဲ့၊ ဩစတြီးယားနိုင်ငံ ခွဲစိတ်ကုအဖွဲ့တို့မှ နိုင်ငံတကာ ဆေးပညာရှင်များနဲ့ ပူးပေါင်းပြီး ၁၉၉၈ ခုနှစ်မှ ယနေ့အထိ **မွေးရာပါ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ** လူနာပေါင်း ၂၄၈၆ဦးအား အောင်မြင်စွာ ခွဲစိတ်ကုသပေးခဲ့ပါတယ်။

မြန်မာ့ဆေးပညာရှင်များ သက်သက်ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံ ဆေးပညာရှင်များနဲ့ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍လည်းကောင်း၊ **နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ** လူနာပေါင်း ၄၅၂၇ ဦးကို အောင်မြင်စွာ ခွဲစိတ်ကုသပေးခဲ့ပါတယ်။

လူ့စွမ်းအားအရင်းအမြစ်မွေးထုတ်ရာတွင် ပြည်တွင်းမှာ ကျွမ်းကျင်တဲ့ ကျန်းမာရေးဝန်ထမ်းများဖြစ်ကြတဲ့ ဆရာဝန်၊ သူနာပြုနှင့် အခြေခံကျန်းမာရေး ဝန်ထမ်းများကို ရေရှည်ကျန်းမာရေးဖွံ့ဖြိုးမှု စီမံကိန်းလိုအပ်ချက်နဲ့အညီ လေ့ကျင့်မွေးထုတ်ပေးလျက် ရှိပါတယ်။

ဆေးသိပ္ပံပညာဦးစီးဌာန လက်အောက်မှာ ၁၉၈၈ခုနှစ် မတိုင်မီက ဆေးတက္ကသိုလ် သုံးခုရှိခဲ့ရာမှ ယခုအခါ ဆေးတက္ကသိုလ်လေးခုသို့လည်းကောင်း၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်တစ်ခုမှ နှစ်ခုသို့လည်းကောင်း တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ ၁၉၈၈ ခုနှစ်နောက်ပိုင်းမှာ သူနာပြုတက္ကသိုလ်နှစ်ခု၊ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်နှစ်ခု၊ ဆေးဝါးတက္ကသိုလ်နှစ်ခု၊ အခြေခံကျန်းမာရေး တက္ကသိုလ်တစ်ခု၊ တပ်မတော်ဆေးတက္ကသိုလ်တစ်ခု၊ တပ်မတော်သူနာပြုနှင့် ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်တစ်ခုနှင့် တိုင်းရင်းဆေးတက္ကသိုလ်တစ်ခု တို့ကို အသစ်တည်ထောင်ဖွင့်လှစ်နိုင်ခဲ့ပြီး စုစုပေါင်း ဆေးနှင့် ကျန်းမာရေး တက္ကသိုလ် ၁၆ ခုအထိ တိုးတက်လာခဲ့ပါတယ်။

၁၉၈၈ ခုနှစ်နောက်ပိုင်းမှာ ဆေးနှင့်ကျန်းမာရေးဆိုင်ရာတက္ကသိုလ်များ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့တဲ့အတွက် နှစ်စဉ်သင်တန်းသားအရေအတွက် တိုးမြှင့် လက်ခံပြီး လေ့ကျင့်မွေးထုတ်ပေးလျက် ရှိပါတယ်။ ၁၉၈၈ ခုနှစ်မတိုင်မီက ဆေးသိပ္ပံပညာဦးစီးဌာန အောက်ရှိ ဆေးတက္ကသိုလ်များမှာ သင်တန်းသား ၅၅၀ သာ လေ့ကျင့်မွေးထုတ်ပေးခဲ့ရာမှ ၁၉၈၈ နောက်ပိုင်းတွင် ၂၄၀၀သို့လည်းကောင်း၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်များမှာ ၆၀ မှ ၃၀၀ သို့ လည်းကောင်း တိုးမြှင့်မွေးထုတ်ပေးလျက်ရှိပါတယ်။ အလားတူ သူနာပြုသင်တန်းကျောင်းများမှလည်း ၃၀၀ မှ ၁၂၀၀ သို့လည်းကောင်း၊ သားဖွားသင်တန်းကျောင်းများမှလည်း ၄၀၀ မှ ၁၀၅၀ သို့လည်းကောင်း အသီးသီး တိုးမြှင့်မွေးထုတ်ပေးလျက်ရှိပါတယ်။

နိုင်ငံတကာအဆင့်မီ ဘွဲ့လွန်ဆေးပညာသင်တန်းများကို ပြည်တွင်းမှာ လေ့ကျင့်မွေးထုတ်လျက်ရှိရာမှာ ယခုအခါ ဆေးပညာမဟာသိပ္ပံသင်တန်း ၂၉ မျိုး၊ ဝန်ထမ်းဆရာဝန်များနဲ့ သွားဘက်ဆိုင်ရာဆရာဝန်များအတွက် ဒီပလိုမာသင်တန်း ၂၃ မျိုး၊ ပြင်ပဆရာဝန်နဲ့ သွားဘက်ဆိုင်ရာဆရာဝန်များအတွက် ဒီပလိုမာသင်တန်းနှစ်မျိုး၊ ပြင်ပဘွဲ့ရများအတွက် ဒီပလိုမာသင်တန်း သုံးမျိုးဖွင့်လှစ်ပြီး လေ့ကျင့်သင်ကြားပေးလျက် ရှိပါတယ်။ ဒါ့အပြင် အဆင့်မြင့်ဆေး လက်တွေ့ ပါရဂူဘွဲ့သင်တန်း၌ ဘာသာရပ် ၃၀၊ ဆေးလက်တွေ့ အခြေခံပါရဂူဘွဲ့၌ ဘာသာရပ်ခုနစ်မျိုးတို့ကို ၁၉၉၇ ခုနှစ်၌ ပြည်တွင်းမှာပင် စတင်ဖွင့်လှစ်ပို့ချပေးလျက် ရှိပါတယ်။

နိုင်ငံတော်အတွင်း စုစုပေါင်းဆရာဝန်အင်အား တိုးတက်လာမှုမှာ ၁၉၈၈–၈၉ ခုနှစ်မှာ ဆရာဝန်အင်အား ၁၂၂၆၈ ဦး ရှိခဲ့ရာမှ ၂၀၀၅–၂၀၀၆ ခုနှစ်တွင် ၁၈၇၂၅ ဦးအထိ တိုးတက်လာခဲ့ပါတယ်။

အလားတူ သူနာပြုနဲ့ သားဖွားဆရာမများကိုလည်း တိုးတက်လေ့ကျင့်မွေးထုတ်ပေးနိုင်ခဲ့ပါတယ်။ စုစုပေါင်းသူနာပြုအင်အားမှာ ၁၉၈၈–၈၉ ခုနှစ်မှာ ၈၃၄၉ ဦးရှိခဲ့ရာမှ ၂၀၀၅–၂၀၀၆ ခုနှစ်မှာ ၁၉၉၂၂ ဦးသို့လည်းကောင်း စုစုပေါင်း သားဖွားဆရာမအင်အားမှာ ၁၉၈၈–၈၉ ခုနှစ်မှာ ၈၁၂၁ဦး ရှိခဲ့ရာမှ ၂၀၀၅–၂၀၀၆ ခုနှစ်မှာ ၁၆၆၉၉ ဦးသို့လည်းကောင်း တိုးတက်လာခဲ့ပါတယ်။

နိဂုံးချုပ်အနေနဲ့ တင်ပြလိုတာကတော့ ဒီလိုအောင်မြင်စွာဆောင်ရွက်နေမှုများကို မနာလိုမရှုဆိတ်ကြတဲ့ ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အခြေအမြစ်မရှိတဲ့ စွပ်စွဲနှောင့်ယှက်မှုများကိုတုံ့ပြန်ပြီး မိမိတို့၏မှန်ကန်သောခံယူချက်၊ယုံကြည်ချက်ဖြင့် မိမိတို့အင်အားအပေါ် အခြေခံရပ်တည်လျက် မိမိတို့အပေါ် နားလည်သဘောပေါက်ပြီး စေတနာထား ပူးပေါင်းကူညီကြသော ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ စေတနာရှင်အဖွဲ့အစည်းများ၊ ပြည်သူလူထုတို့နှင့် လက်တွဲ ပူးပေါင်း၍ အောင်မြင်သည်ထက်ပိုမိုအောင်မြင်အောင် ဆက်လက်ကြိုးပမ်း အကောင်အထည်ဖော်သွားမည်ဖြစ်ပါကြောင်းတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ ။

# နိုင်ငံတော်၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲ ပြည်တွင်းပြည်ပ သတင်းစာဆရာများ မေးမြန်းချက်များကို သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များက ပြန်လည်ဖြေကြား

**နေပြည်တော် နိုဝင်ဘာ ၂၉**

နိုင်ငံတော်၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍဆောင်ရွက်ချက်များနှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကို ယနေ့နံနက် ၉ နာရီခွဲက နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း ဥက္ကဋ္ဌ ဦးစဝ်ကိုင်ဖ၊ အတွင်းရေးမှူး ဦးသစ္စာလှထွေးနှင့် အသင်းဝင် သတင်းထောက်များ၊ ပြည်တွင်းမဂ္ဂဇင်း ဂျာနယ်တိုက်များမှ စာတည်းအဖွဲ့ဝင်များနှင့် သတင်းထောက်များ တက်ရောက် သတင်းရယူကြသည်။

## ရှင်းလင်းပြောကြား

အဆိုပါသတင်းစာရှင်းလင်းပွဲတွင် ပြည်တွင်းပြည်ပသတင်းစာဆရာများ၊ ပြည်တွင်းဂျာနယ်မဂ္ဂဇင်းတိုက်များမှ တာဝန်ရှိသူများက ကျန်းမာရေး ဝန်ကြီးဌာနဝန်ကြီးဒေါက်တာကျော်မြင့်၊ ပညာရေး ဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်စိုးနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီတို့၏ရှင်းလင်းပြောကြားချက်များနှင့်စပ်လျဉ်း၍ လည်းကောင်း၊ အခြားသိရှိလိုရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ လည်းကောင်းမေးမြန်းကြရာ ယင်းမေးမြန်းချက်များကို တာဝန်ရှိပုဂ္ဂိုလ်များက ပြန်လည်ရှင်းလင်း ပြောကြားကြသည်။

**(အဆိုပါရှင်းလင်းပြောကြားချက်များကို သီးခြားဖော်ပြထားပါသည်။)**

## ကြည့်ရှုလေ့လာ

ထို့နောက် သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်လာကြသော နိုင်ငံခြားသံရုံးများမှ သံတမန်များ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှပုဂ္ဂိုလ်များ၊ ပြည်တွင်းပြည်ပ သတင်းစာ ဆရာများနှင့် စာနယ်ဇင်းများမှ ပုဂ္ဂိုလ်များသည် သတင်းစာရှင်းလင်းပွဲတွင် ခင်းကျင်းပြသထားသော နိုင်ငံတော်၏ ပညာရေး ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍ၌ နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက် (၅)ချက်၊ ပညာရေးမျှော်မှန်းချက်၊ ပညာရေး ဆောင်ပုဒ်၊ ပညာသင်ယူမှု အခွင့်အလမ်းများ တိုးချဲ့ခြင်း၊ ဘက်စုံပညာဖွံ့ဖြိုးရေး၊ သင်ကြားသင်ယူမှု အထောက်အကူ ပစ္စည်းများ အသုံးပြုသင်ကြားခြင်း၊ လူတိုင်းအတွက် ပညာရေး (Education for All)၊ ဆရာအတတ်ပညာအရည်အသွေးမြင့်မားရေး၊ သက်ကြီးစာတတ်မြောက်ရေး၊ အခြေခံပညာကဏ္ဍ၊ အမျိုးသားပညာရည် မြင့်မားရေး အနှစ် ၃၀ နှစ်ရှည်စီမံကိန်း လုပ်ငန်းစဉ် ၁၀ရပ်၊ အခြေခံပညာ အထက်တန်းအဆင့် သင်ရိုးမာတိကာ နှိုင်းယှဉ်ချက်၊ အသစ်ဖွင့်လှစ်သော တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၊ သင်ကြားရေး အစီအစဉ်များ၊ သုတေသနဌာနများနှင့် နိုင်ငံတကာဆွေးနွေးပွဲများ ဓာတ်ပုံမှတ်တမ်းများ၊ စာရင်းဇယား ကားချပ်များကိုလည်းကောင်း၊ ပြည်ထဲရေး ဝန်ကြီးဌာန၏ မြန်မာနိုင်ငံ၏ အကျဉ်းထောင်များ အခြေအနေ၊ အကျဉ်းသားများအား ဘာသာရေး၊ လူမှုရေး၊ ပညာရေးဖွံ့ဖြိုးမှု ဆောင်ရွက်ချက်များ၊ မြန်မာနိုင်ငံ လူကုန်ကူးမှု တိုက်ဖျက်ရေး ဆောင်ရွက်ချက်များနှင့် အကျဉ်းထောင် လက်မှုလုပ်ငန်း ထုတ်ကုန်ပစ္စည်းများ၊ ဓာတ်ပုံမှတ်တမ်းများ၊ စာရင်းဇယား ကားချပ်များကိုလည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဖြစ်စဉ် မှတ်တမ်းဓာတ်ပုံများ၊ စာရင်းဇယား ကားချပ်များကိုလည်းကောင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၏ နည်းပညာ တက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်နှင့် အစိုးရ နည်းပညာကောလိပ်များ တိုးချဲ့ဖွင့်လှစ်ထားရှိမှု မှတ်တမ်းဓာတ်ပုံများနှင့် ဇယားကားချပ်များကိုလည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာန နိုင်ငံတော်၏ ကျန်းမာရေး ဝန်ကြီးဌာန၊ နိုင်ငံတော်၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ၊ ငှက်ဖျားရောဂါ၊ ကာလသားရောဂါနှင့် တီဘီရောဂါ တိုက်ဖျက်ရေး ဆောင်ရွက်ချက်များ၊ အမျိုးသား အေအိုင်ဒီအက်စ် ကာကွယ်စောင့်ရှောက်ရေး အစီအစဉ်၊ ကာကွယ်ဆေး တိုက်ကျွေးခြင်း ဆောင်ရွက်မှုများ၏ မှတ်တမ်းဓာတ်ပုံများနှင့် စာရင်းဇယား ကားချပ်များကိုလည်းကောင်း လှည့်လည်ကြည့်ရှု လေ့လာကြရာ သက်ဆိုင်ရာ ကဏ္ဍအလိုက် တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းစဉ်များ အောင်မြင်နေမှုမျက်ကွယ်ပြုပြီး လွဲမှားစွာစွပ်စွဲ ပြည်တွင်းရေး ဝင်ရောက်စွက်ဖက်နိုင်ရန် ကုလကိုအသုံးချ၍ မြန်မာနိုင်ငံအပေါ် ဖိအားပေး ကြိုးစားလာခဲ့ နိုင်ငံတော်နှင့်ပြည်သူ ပူးပေါင်းပြီး တားဆီးရေးလုပ်ငန်းများ လက်တွေ့ဖော်ဆောင်နေမှု နားလည်စေလို၍ ရှင်းလင်း

နေပြည်တော် နိုဝင်ဘာ ၂၉

**နိုင်ငံတော်၏ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲတွင် မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၏ ရှင်းလင်းပြောကြားချက်မှာ အောက်ပါအတိုင်းဖြစ်သည်-**

မြန်မာနိုင်ငံအနေနဲ့ မူးယစ်ဆေးဝါးဟာ မြန်မာလူမျိုး တစ်မျိုးတည်းရဲ့ အန္တရာယ်သာမဟုတ်ဘဲကမ္ဘာ့လူသားမျိုးနွယ် တစ်ရပ်လုံး လူ့ညွန့်တုံးစေတဲ့ အန္တရာယ်ဆိုတာကို အထူးအလေးထားခံယူပြီး မူးယစ်ဆေးဝါး ပပျောက်ရေး လုပ်ငန်းတွေကို အမျိုးသားရေးတာဝန်တစ်ရပ်အနေနဲ့ သတ်မှတ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် မူးယစ်ဆေးဝါး ပပျောက်ရေးအတွက် ပြည်သူလူထုရဲ့ ထောက်ခံကူညီမှု၊ဒေသတွင်းသာမက နိုင်ငံတကာနဲ့ပါချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်မှုတွေကြောင့် မြန်မာနိုင်ငံရဲ့ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းစဉ်တွေဟာ စဉ်ဆက်မပြတ် အောင်မြင်မှုများ ရရှိနေတယ်ဆိုတာ ယခင်သတင်းစာရှင်းလင်းပွဲတွေမှာ ရှင်းပြပြီးဖြစ်လို့ အားလုံးအသိပဲ ဖြစ်ပါတယ်။

အခုလို မူးယစ်ဆေးဝါး တိုက်ဖျက်ရေးမှာ အောင်မြင်မှုတွေများစွာ ရရှိနေသော်လည်းပဲ မကြာသေးမီကာလ၂၀၀၆ ခုနှစ်စက်တင်ဘာလထဲမှာ ကုလသမဂ္ဂလုံခြုံရေးကောင်စီရဲ့ဆွေးနွေးမယ့်အစီအစဉ်မှာ မြန်မာနိုင်ငံရေးဆိုပြီး( Situation in Myanmar ) ခေါင်းစဉ်ကို ထည့်သွင်းဆွေးနွေးဖို့ စီစဉ်ဆောင်ရွက်ခဲ့ကြတယ်ဆိုတာကို သတင်းစာဆရာကြီးများနဲ့ ဧည့်သည်တော်ကြီးများအားလုံး အသိဘဲဖြစ်မှာပါ၊ အောင်မြင်နေတဲ့ မြန်မာနိုင်ငံရဲ့ မူးယစ်ဆေးဝါးပပျောက်ရေး လုပ်ငန်းစဉ်တွေကို မျက်ကွယ်ပြုပြီး လွဲမှားတဲ့ စွပ်စွဲချက်တွေနဲ့ မြန်မာနိုင်ငံရဲ့ ပြည်တွင်းရေးကိစ္စတွေမှာ ဝင်ရောက်စွက်ဖက်နိုင်ရေးအတွက် ကုလသမဂ္ဂကိုအသုံးချပြီး မြန်မာနိုင်ငံအပေါ် ဖိအားပေးရန် ကြိုးစားလာမှုများနှင့်ပတ်သက်၍ မြန်မာ့သမိုင်းစဉ်တစ်လျှောက် နိုင်ငံတော်အစိုးရနှင့် ပြည်သူများ ပူးပေါင်းလက်တွဲပြီး မူးယစ်ဆေးဝါးတားဆီးရေးလုပ်ငန်းတွေကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ဖြစ်ရပ်မှန်အတိုင်း နားလည်သဘောပေါက်စေလိုတဲ့အတွက် အခုလို ရှင်းလင်းပွဲပြုလုပ်ရခြင်းပဲ ဖြစ်ပါတယ်။

အနောက်အင်အားကြီးနိုင်ငံရဲ့ အမြဲတမ်းကိုယ်စားလှယ် တင်သွင်းတဲ့ မြန်မာနိုင်ငံအပေါ် စွပ်စွဲတဲ့ အချက်တွေထဲမှာ မူးယစ်ဆေးဝါး ပြဿနာကို အချက်တစ်ခုအနေနဲ့ ထည့်သွင်းစွပ်စွဲထားတာကို တွေ့ရပါတယ်။ ဒီစွပ်စွဲချက်တွေဟာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးနှင့် ပတ်သက်ပြီး ကွန်ဂရက်လွှတ်တော်သို့ နှစ်စဉ် တင်သွင်းတဲ့ အနောက်အင်အားကြီး နိုင်ငံသမ္မတရဲ့ ထုတ်ပြန်ကြေညာချက် "Presidential Determination"မှာ မြန်မာနိုင်ငံအပေါ် စွပ်စွဲထားတဲ့ အချက်တွေအပေါ် အခြေခံထားတာတွေ့ရပါတယ်။ အဲဒီအချက်တွေကတော့ မြန်မာနိုင်ငံဟာ-

- နိုင်ငံတကာ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးဆိုင်ရာ စာချုပ်စာတမ်းများ၌ ပါရှိသော တာဝန်ဝတ္တရားများကိုလိုက်နာရန် ပျက်ကွက်ခဲ့ကြောင်း၊
- ကမ္ဘာပေါ်တွင် ဒုတိယဘိန်းအများဆုံး ထုတ်လုပ်သည့်နိုင်ငံဖြစ်ကြောင်း၊
- စိတ်ကြွဆေးပြား ထုတ်လုပ်မှု တိုးမြင့်လာသည်ကို ထိရောက်စွာ တားဆီးနှိမ်နင်းမှု မရှိသဖြင့် အိမ်နီးချင်းနှင့် ပတ်ဝန်းကျင်နိုင်ငံများကို စိတ်ကြွဆေး အန္တရာယ်ဖြင့် ခြိမ်းခြောက်လျက်ရှိကြောင်း၊
- မူးယစ်ဆေးဝါးထုတ်လုပ်၊သယ်ဆောင် ဖြန့်ဖြူးရောင်းဝယ်မှု အဓိက ဆောင်ရွက်နေသော 'ဝ' ညီညွတ်ရေးတပ်ကို ထိရောက်စွာ တားဆီးဟန့်တားမှုမရှိဘဲ လျစ်လျူရှုထားကြောင်းနှင့် အမေရိကန်နိုင်ငံ တရားရုံးက တရားစွဲဆိုထားသည့် 'ဝ' တိုင်းရင်းသားခေါင်းဆောင် ရှစ်ဦးအား အရေးယူဆောင်ရွက်မှု မရှိကြောင်း၊
- ၂၀၀၂ ခုနှစ်တွင် ငွေကြေးခဝါချမှု တားဆီးသည့်ဥပဒေကို ပြဋ္ဌာန်းပြီးသော်လည်း ထိရောက်စွာ အကောင်အထည်ဖော်မှု မရှိသေးကြောင်း၊
- တရားရေးအဖွဲ့အစည်းများ၊ တားဆီးနှိမ်နင်းရေးအဖွဲ့အစည်းများနှင့် တပ်မတော်အရာရှိများ၊ အကျင့်ပျက် မသမာမှုများရှိနေသည်ကို ထိရောက်စွာ အရေးယူမှုမရှိကြောင်း စသည်တို့ ဖြစ်ပါတယ်။

အဲဒီစွပ်စွဲချက်တွေဟာ ပကတိဖြစ်ရပ်တွေနဲ့ ကိုက်ညီမှုရှိ/မရှိ ချင့်ချိန်စဉ်းစားသုံးသပ်နိုင်ဖို့ မြန်မာနိုင်ငံရဲ့ မူးယစ်ဆေးဝါးပပျောက်ရေး ဆောင်ရွက်ချက်တွေကို ရှင်းလင်းတင်ပြလိုပါတယ်။

ဟိုယခင် နယ်စပ်ဒေသများရှိ သောင်းကျန်းသူအဖွဲ့များဟာ နိုင်ငံရေး၊ ဘာသာရေး၊ လူမျိုးရေးစသည်ဖြင့် ခံယူချက်များလွဲမှားပြီး လက်နက်ကိုင်တော်လှန်တိုက်ခိုက်ခဲ့ကြပေမယ့် သူတို့ရဲ့ စားဝတ်နေရေးနဲ့ အဖွဲ့အစည်းများ ရေရှည်မှာ ဆက်လက်ရပ်တည်နိုင်ရေးအတွက် နောက်ပိုင်းမှာ မူးယစ်ဆေးဝါး လုပ်ငန်းများနဲ့ တစ်နည်းမဟုတ်တစ်နည်း ပတ်သက်ဆက်နွယ်မှုတွေ ရှိခဲ့ကြပါတယ်။

ဒါ့ကြောင့် သောင်းကျန်းသူများကြီးစိုးရာ နယ်မြေတွေမှာ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးအတွက် တပ်မတော်ဟာ ၁၉၇၆ခုနှစ်မှ ၁၉၈၈ခုနှစ်အတွင်း မိုးဟိန်းစစ်ဆင်ရေး၊ ငရဲပန်းစစ်ဆင်ရေး၊ တောင်ရန်ရှင်း စစ်ဆင်ရေး၊ တောင်ထိပ်ပန်း စစ်ဆင်ရေး၊ အောင်မိုးဟိန်း စစ်ဆင်ရေးများဖြင့် ဘိန်းခင်းများ ဖျက်ဆီးခြင်း၊ ဘိန်းချက်စခန်းများ ရှင်းလင်းခြင်းများကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် သတ်မှတ်ဆောင်ရွက်ခဲ့ပါတယ်။ ဒီဖြစ်စဉ်တွေမှာ တပ်မတော်သား ၉၃ ယောက် နိုင်ငံတော်အတွက် အသက်ပေးလှူခဲ့ရပြီး ၅၃၁ ယောက် ဒဏ်ရာရရှိခဲ့ပါတယ်။ ဒါ့အပြင် ၁၉၈၈ခုနှစ် နောက်ပိုင်းမှာ ဘိန်းမှောင်ခိုအဖွဲ့များကို ချေမှုန်းတဲ့ မုံးကျွတ်စစ်ဆင်ရေးနဲ့ ဘာကျန်တိုက်ပွဲများကိုလည်း ဆင်နွှဲခဲ့ပါတယ်။ အဲဒီလို ၁၉၈၈ခုနှစ် စက်တင်ဘာလမှ ၁၉၉၈ခုနှစ်အထိဆောင်ရွက်ခဲ့တဲ့ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းမှု စစ်ဆင်ရေးများမှာလည်း တပ်မတော်သား ၂၅၉ ယောက် နိုင်ငံတော်အတွက် အသက်ပေးလှူခဲ့ရပြီး ၉၃၇ ယောက် ဒဏ်ရာရရှိခဲ့ပါတယ်။ ဒီဖြစ်စဉ်များကိုကြည့်ခြင်းဖြင့် မူးယစ်ဆေးဝါးအန္တရာယ်ကို ကျွန်တော်တို့နိုင်ငံအနေနဲ့ ဘယ်လောက်အထိ သက်စွန့်ကြိုးပမ်းတားဆီးကာကွယ်ခဲ့တယ်ဆိုတာ ထင်ရှားလှပါတယ်။

နိုင်ငံတော်အစိုးရလက်ထက် ၁၉၈၉ခုနှစ်အတွင်းမှာတော့ ဖွံ့ဖြိုးမှု နောက်ကျနေတဲ့ နယ်စပ်ဒေသတွေကို ဖွံ့ဖြိုးတိုးတက်လာစေဖို့အတွက် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီနှင့် ဆပ်ကော်မတီများ ဖွဲ့စည်းဆောင်ရွက်ပေးခဲ့ပါတယ်။ အဲဒီလို နိုင်ငံတော်ရဲ့ စစ်မှန်သောစေတနာနဲ့ မှန်ကန်တဲ့လုပ်ရပ်များကြောင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ ၁၇ ဖွဲ့ဟာ ဥပဒေဘောင်အတွင်း ဝင်ရောက်လာကာ မိမိဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေကို နိုင်ငံတော်နဲ့ လက်တွဲပြီး တက်ကြွစွာ အကောင်အထည်ဖော်လျက်ရှိပြီ ဖြစ်ပါတယ်။

နိုင်ငံတော်အကြီးအကဲအနေနဲ့ မူးယစ်ဆေးဝါးပပျောက်ရေးကို ဆောင်ရွက်တဲ့အခါမှာ ထိရောက်မှုရှိအောင်-

- မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန်အဖြစ်သတ်မှတ်ပြီး ဘက်ပေါင်းစုံမှ တိုက်ဖျက်ချေမှုန်းရေးနဲ့
- နယ်စပ်ဒေသနဲ့ တိုင်းရင်းသားလူမျိုးများရဲ့ လူနေမှုဘဝ တိုးတက်ရေးနဲ့ ဘိန်းစိုက်ပျိုးမှုလုံးဝချုပ်ငြိမ်းပပျောက်ရေးဆိုတဲ့ မဟာဗျူဟာနှစ်ရပ်ကိုချမှတ်ပေးခဲ့ပါတယ်။ မဟာဗျူဟာကို ထိရောက်စွာ အကောင်အထည် ဖော်နိုင်ဖို့အတွက် နည်းဗျူဟာသုံးရပ်နှင့် နည်းနာနိဿယသုံးရပ်ကိုလည်း ချမှတ် အကောင်အထည်ဖော်စေခဲ့ပါတယ်။

နည်းဗျူဟာသုံးရပ်ကတော့ ထုတ်လုပ်မှုပပျောက်ရေး၊ သုံးစွဲမှုပပျောက်ရေး၊ တားဆီးနှိမ်နင်းရေးတို့ ဖြစ်ပါတယ်။

နည်းနာနိဿယသုံးရပ်ကတော့ မူးယစ်ဆေးဝါးစိုက်ပျိုး၊ ထုတ်လုပ်၊ သုံးစွဲသူများရဲ့ ခံယူချက်နဲ့ စိတ်ဓာတ်မြင့်မား တိုးတက်ပြောင်းလဲရေး၊ တောင်ပေါ်မြေပြန့်တိုင်းရင်းသား အချင်းချင်းလွယ်ကူစွာကူးလူးဆက်ဆံရေး၊ နယ်စပ်ဒေသရှိ တိုင်းရင်းသားများရဲ့ စီးပွားရေးနှင့် လူနေမှုဘဝတိုးတက်မြင့်မားရေးစတဲ့ အချက်တွေပဲဖြစ်ပါတယ်။

နယ်စပ်ဒေသဖွံ့ဖြိုးရေး အကောင်အထည်ဖော်ရာမှာ ဘိန်းစိုက်ပျိုးမှုလျော့နည်းပပျောက်ရေးကို ရည်မှန်းချက်အဖြစ်ထားရှိပြီး ၁၉၈၉ခုနှစ်မှ စ၍ နယ်စပ်ဒေသနဲ့ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများဖွဲ့စည်းပြီး နိုင်ငံအဝန်း နှစ်တို၊ နှစ်ရှည် စီမံကိန်းများချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါတယ်။ ၁၉၉၂ ခုနှစ်မှာ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနကို တိုးချဲ့ဖွဲ့စည်းခဲ့ပြီး ၁၉၉၃ ခုနှစ် ဩဂုတ်လ ၁၃ရက်နေ့မှာ နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ပြဋ္ဌာန်းခဲ့ပါတယ်။ အဲဒီနောက် နယ်စပ်ဒေသများမှာ မူးယစ်ဆေးဝါး စိုက်ပျိုးထုတ်လုပ်မှု ချုပ်ငြိမ်းရေးကို အလေးထားဆောင်ရွက်ခဲ့ပါတယ်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က အရှိန်အဟုန်မြှင့်ဆောင်ရွက်ပေးခဲ့တဲ့အတွက် တိုင်းရင်းသားအဖွဲ့အစည်းများကလည်း ဘိန်းစိုက်ပျိုးမှု ပပျောက်ရေးအတွက် ရည်မှန်းချက်များ ချမှတ်ပြီး နိုင်ငံတော်အစိုးရနဲ့ တက်တက်ကြွကြွပူးပေါင်းပါဝင်ဆောင်ရွက်လာခဲ့ကြပါတယ်။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းလားအထူးဒေသ(၄)မှာ ၁၉၉၁ခုနှစ်ကစလို့ ခြောက်နှစ်စီမံကိန်း ချမှတ်ဆောင်ရွက်ခဲ့တာကြောင့် ၁၉၉၇ ခုနှစ် ဧပြီလ ၂၂ရက်မှာ ဘိန်းပပျောက်ကြောင်း ကြေညာနိုင်ခဲ့ပြီး ဘိန်းပပျောက်တဲ့ အထိမ်းအမှတ်ပြတိုက်တစ်ခုကို တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့ပါတယ်။

၂၀၀၀ပြည့်နှစ် ဒီဇင်ဘာလ ၂၇ရက်နေ့မှာ ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်၊ ကိုးကန့်အထူးဒေသ(၁)မှာလည်း ကိုးကန့်ဒေသမူးယစ်ဆေးဝါး ပပျောက်ရေးပြတိုက်ကို ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ ကိုးကန့် အထူးဒေသ(၁)မှာ တရားမဝင် ဘိန်းစိုက်ပျိုးမှုကို ၂၀၀၃ခုနှစ်ကစတင်ရပ်ဆိုင်းခဲ့ပြီး အစားထိုးဝင်ငွေရရှိရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးအပါအဝင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေကို တိုင်းရင်းသားခေါင်းဆောင်များက နိုင်ငံတော်အစိုးရနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

အလားတူ'ဝ'အထူးဒေသ(၂)ကိုလည်း ၂၀၀၅ခုနှစ်မှ တရားမဝင် ဘိန်းစိုက်ပျိုးမှု လုံးဝရပ်ဆိုင်းပြီး ဘိန်းကင်းမဲ့ဒေသဖြစ်ဖို့လည်း ဆောင်ရွက်ခဲ့ကြတယ်ဆိုတာ အားလုံးအသိဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ မူးယစ်ဆေးဝါးရဲ့ အန္တရာယ်ဟာ လူသားအားလုံးအတွက် ကြီးမားသော ခြိမ်းခြောက်မှုတစ်ခုဖြစ်တယ်ဆိုတာကို အလေးအနက်ယုံကြည်ခံယူထားပြီး မူးယစ်ဆေးဝါးစိုက်ပျိုးထုတ်လုပ်မှုနဲ့ မူးယစ်ဆေးဝါးအလွဲသုံးစွဲမှု ချုပ်ငြိမ်းပပျောက်ရေး ဦးတည်ချက်နဲ့ ၁၉၉၉ခုနှစ်မှ ၂၀၁၄ခုနှစ်အထိ မူးယစ် ဆေးဝါး ပပျောက်ရေး (၁၅)နှစ်စီမံကိန်းကို သတ်မှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

အာဆီယံနယ်ပယ်အတွင်းမှာ ၂၀၁၅ ခုနှစ်ကို Drug Free ASEAN ဖြစ်ရေးအတွက် အာဆီယံနိုင်ငံများအားလုံးက မျှော်မှန်းပြီးဝိုင်းဝန်းဆောင်ရွက်နေတာကြောင့် ကျွန်တော်တို့နိုင်ငံအနေနဲ့တစ်နှစ်စောပြီး ၂၀၁၄ခုနှစ်မှာ မြန်မာနိုင်ငံအတွင်း မူးယစ်ဆေးဝါးလုံးဝကင်းစင်သွားစေဖို့အတွက် နိုင်ငံသား အားလုံးဝိုင်းဝန်းလက်တွဲပြီး (၁၅)နှစ်စီမံကိန်းနဲ့ ဆောင်ရွက်နေတာဖြစ်ပါတယ်။ ကျွန်တော်တို့ဆောင်ရွက်နေတဲ့(၁၅)နှစ်စီမံကိန်းကို ငါးနှစ်စီမံကိန်းများနဲ့ သုံးပိုင်း ခွဲခြားဆောင်ရွက်လျက်ရှိပြီး အခုဆိုရင်(၁၅)နှစ်စီမံကိန်း ဒုတိယငါးနှစ်တာ ကာလရဲ့ ဒုတိယနှစ်ကို ရောက်ရှိနေပြီဖြစ်ပါတယ်။

စီမံကိန်းကြီးတစ်ခုလုံးအတွက် မြန်မာကျပ်ငွေ သန်းပေါင်း ၃၃၅၈၈ဒသမ ၁၄ကျပ်၊ အမေရိကန်ဒေါ်လာ သန်း ၁၅၀ကျခံသုံးစွဲမယ်လို့ ခန့်မှန်းထားပါတယ်။ ဒီစီမံကိန်းကြီးအတွက် ဘယ်နိုင်ငံဆီကမှ ထိရောက်တဲ့ အထောက်အပံ့တွေမရသော်လည်းပဲ ကျွန်တော်တို့မြန်မာနိုင်ငံရဲ့ ကိုယ်ပိုင်စွမ်းအား အရင်းအမြစ်နဲ့ ကိုယ်ပိုင်သယံဇာတများကို အခြေခံပြီး အမျိုးသားရေးတာဝန်အဖြစ် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်းကို အလျဉ်းသင့်လို့ တင်ပြလိုပါတယ်။

မြန်မာနိုင်ငံ မူးယစ်ဆေး ဝါးပပျောက်ရေး (၁၅)နှစ်စီမံကိန်းရဲ့ ပြီးခဲ့တဲ့ ပထမငါးနှစ်ကာလအတွင်း စိုက်ပျိုးရေး၊ မွေးမြူရေး၊ လမ်းတံတား၊ ဆက်သွယ်ရေး၊ စွမ်းအင်၊ ကုန်သွယ်ရေး၊ သာသနာရေး၊ ကျန်းမာရေး၊ ပညာရေး၊ အသိပညာပေးရေး၊ ပြန်လည်ထူထောင်ရေး၊ တားဆီးနှိမ်နင်းရေးနှင့် နိုင်ငံတကာ ဆက်ဆံရေး ကဏ္ဍများအတွက် မြန်မာငွေကျပ်သန်းပေါင်း ၆၂၀၃သန်း ကျခံသုံးစွဲခဲ့ပြီးဖြစ်ပါတယ်။

မြန်မာနိုင်ငံမူးယစ်ဆေးဝါးပပျောက်ရေး ၁၅နှစ် စီမံကိန်းရဲ့ အစိတ်အပိုင်း တစ်ရပ်အဖြစ် ပန်းတိုင်သစ်စီမံကိန်းကို ၂၀၀၂ခုနှစ် ဧပြီလမှစပြီး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါတယ်။ ဒီစီမံကိန်းဟာ ဘိန်းအစားထိုးသီးနှံ စိုက်ပျိုးစေခြင်းဖြင့် ဘိန်းစိုက်ပျိုးမှု လုံးဝချုပ်ငြိမ်း ပပျောက်စေရေးကို အဓိကရည်ရွယ်ပြီး ရေ့ပြေးစီမံချက်အဖြစ် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါတယ်။

ပန်းတိုင်သစ်စီမံကိန်း အောင်မြင်စေရေးအတွက် မူးယစ်ဗဟိုအဖွဲ့ဝင် ဒုတိယဝန်ကြီးလေးဦးအဖွဲ့ဟာ စီမံကိန်းဝင်ပြည်နယ်ဒေသငါးခုအတွင်း ကွင်းဆင်းလှည့်လည်သွားရောက်ကာ ဒေသအာဏာပိုင်အဖွဲ့အစည်းအဆင့်ဆင့်တို့မှ တာဝန်ရှိသူများ၊ တိုင်းရင်းသားခေါင်းဆောင်များ၊ ဒေသခံတောင်သူများနဲ့တွေ့ဆုံပြီး ဘိန်းစိုက်ပျိုးခြင်းမပြုနိုင်အောင် အသိပညာပေးဆွေးနွေးမှာကြားခြင်း၊ ဘိန်းအစားထိုး သီးနှံမျိုးစေ့များ အခမဲ့ဖြန့်ဖြူးခြင်း၊ ဒေသအလိုက် ဖြစ်ထွန်းမယ့် မျိုးတိရစ္ဆာန်များ ဖြန့်ဖြူးခြင်း၊ ဘိန်းမစိုက်တော့တဲ့တောင်သူများအတွက် ဆန်နှင့် ဆားရိက္ခာဖြန့်ဖြူးပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပါတယ်။

မြန်မာနိုင်ငံမှာ မူးယစ်ဆေးဝါးပပျောက်ရေး လုပ်ငန်းစဉ်တွေအတွက် တင်ပြခဲ့ပြီးဖြစ်သလို ဘက်စုံထောင့်စုံက ကြိုးပမ်းဆောင်ရွက်ခြင်းများကြောင့် အောင်မြင်မှုတွေ များစွာရရှိခဲ့ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ ကြိုးပမ်းဆောင်ရွက်ချက်တွေကို United Nations Office on Drugs and Crime, UNODC ရဲ့ ၂၀၀၅ခုနှစ် ကမ္ဘာ့မူးယစ်ဆေးဝါးနှစ်ပတ်လည် အစီရင်ခံစာမှာ ဖော်ပြရာမှာ-

၂၀၀၁ခုနှစ်မှာ ဘိန်းဟက်တာ ၁၀၅၀၀၀စိုက်ပျိုးပြီး ၁၀၉၇ တန်ထွက်ရှိကြောင်းနဲ့ ၂၀၀၂ခုနှစ်မှာ ဘိန်းဟက်တာ ၈၁၄၀၀စိုက်ပျိုးပြီး ၈၂၈တန်ထွက်ရှိတာကြောင့် စိုက်ပျိုးမှုမှာ ဟက်တာ၂၃၆၀၀လျော့လာပြီး ရာခိုင်နှုန်းအားဖြင့် ၂၈ရာခိုင်နှုန်း လျော့နည်းကျဆင်းခဲ့ကြောင်း ဖော်ပြခဲ့တာတွေ့ရှိရပါတယ်။

၂၀၀၃ခုနှစ်မှာ ဘိန်း ဟက်တာ၆၂၂၀၀ စိုက်ပျိုးပြီး တန်၈၁၀ထွက်ရှိတာကြောင့် စိုက်ပျိုးမှုမှာ ၂၄ရာခိုင်နှုန်း လျော့နည်းခဲ့ပါကြောင်း။

၂၀၀၄ခုနှစ်မှာ ဘိန်း ဟက်တာ၄၄၂၀၀ စိုက်ပျိုးပြီး မက်ထရစ်တန်၃၇၀ ထွက်ရှိတာကြောင့် စိုက်ပျိုးမှုမှာ ၂၉ရာခိုင်နှုန်း လျော့နည်းပြီး ထုတ်လုပ်မှုမှာ ၅၄ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း။

၂၀၀၅ခုနှစ်မှာ ဘိန်းဟက်တာ၃၂၈၀၀ စိုက်ပျိုးပြီး ၃၁၂တန်ထွက်ရှိခဲ့တာကြောင့် စိုက်ပျိုးမှုမှာ ၅၉ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး ငါးနှစ်အတွင်း ဘိန်းထုတ်လုပ်မှု ၆၁ရာခိုင်နှုန်းကျဆင်းကြောင်း ဖော်ပြထားတာတွေ့ရပါတယ်။

မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံနဲ့လာအိုနိုင်ငံတို့ပါဝင်တဲ့ ရွှေတြိဂံဒေသရဲ့ ၂၀၀၆ခုနှစ် ဘိန်းစိုက်ပျိုးထုတ်လုပ်မှု တိုင်းတာမှုရလဒ်များကို UNODC ကနေ ကြီးမှူးပြီး ၂၀၀၆ခုနှစ် အောက်တိုဘာလ၁၃ရက်နေ့မှာ ရန်ကုန်မြို့ Sedona Hotel မှာ UNODCနဲ့ မူးယစ်ဗဟိုတို့ ပူးတွဲသတင်းထုတ်ပြန် ကြေညာခဲ့ပါတယ်။ အဲဒီကြေညာချက်အရ ၂၀၀၆ခုနှစ်အတွင်း မြန်မာနိုင်ငံမှာ-

ဘိန်း ဟက်တာ၂၁၅၀၀သာစိုက်ပျိုးပြီး ၃၁၅တန်ထွက်ရှိတာကြောင့် ယမန်နှစ်ထက်စာလျှင် ၃၄ရာခိုင်နှုန်း ကျဆင်းကြောင်း၊

၁၉၉၈ခုနှစ်တွင် ဘိန်းဟက်တာ ၁၃၀၀၀၀စိုက်ပျိုးမှုနှင့်နှိုင်းယှဉ်လျှင် ၈၃ရာခိုင်နှုန်း ကျဆင်းသွားကြောင်း တရားဝင်ဖော်ပြထားခဲ့ပါတယ်။

ဒါ့အပြင် အမေရိကန်နိုင်ငံ၊ Counter Narcotics and Crime CNC ရဲ့ တရားဝင်ဖော်ပြထားတဲ့ စာရင်းဇယားများအရလည်း ၁၉၉၆ခုနှစ်ကနဲ့ နှိုင်းယှဉ်ရင် ၂၀၀၄ ခုနှစ်မှာ ဘိန်း ၃၀၈၈၈ ဟက်တာစိုက်ပြီး ဘိန်း ၂၉၂ မက်ထရစ်တန်ထွက်ရှိပါတယ်။ ဘိန်းထုတ်လုပ်မှုအပိုင်းမှာ ၈၈ရာခိုင်နှုန်းကျဆင်းသွားတယ်လို့ တရားဝင်ဖော်ပြထားပါတယ်။ ဒီကိန်းဂဏန်းတွေကိုကြည့် ခြင်းအားဖြင့် ကျွန်တော်တို့ရဲ့မူးယစ်ဆေးဝါး ပပျောက်ရေး ဆောင်ရွက်ချက်များ ဘယ်လောက်အထိ အောင်မြင်နေတယ်ဆိုတာ သိသာထင်ရှားနေကြောင်းလည်း ပြောကြားလိုပါတယ်။

မြန်မာနိုင်ငံနဲ့ တရုတ်နိုင်ငံတို့ ပူးတွဲပြီးတော့ မြန်မာနိုင်ငံမြောက်ပိုင်းဒေသ ဘိန်းစိုက်ပျိုးမှုကို ဂြိုဟ်တုဓာတ်ပုံဖြင့် ပူးပေါင်းတိုင်းတာမှုအတွက် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားမူးယစ်ဆေးဝါး ထိန်းချုပ်ရေးကော်မရှင် ပြည်သူ့ လုံခြုံရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးတို့ဟာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသမှာ ဘိန်းစိုက်ပျိုးမှုကို ဂြိုဟ်တုဓာတ်ပုံဖြင့် ပူးပေါင်းတိုင်းတာခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ On Joint Satellite Remote Sensing and Monitoring of Opium Poppy Cultivation in the Northern Area of Myanmar ကို ၂၀၀၆ ခုနှစ် မေလ ၂၇ရက်နေ့မှာ လက်မှတ်ရေးထိုးခဲ့ပါတယ်။ ဒီလိုစာချုပ်ချုပ်ဆိုခဲ့တာကလည်း မြန်မာ-တရုတ် တည်ရှိဆဲ နှစ်နိုင်ငံ ရင်းနှီးစွာပူးပေါင်းဆောင်ရွက်မှုကို ပိုမိုခိုင်မာစေတဲ့အပြင် ဘိန်းစိုက်ပျိုးမှု တစ်ဆင့်ပြီးတစ်ဆင့် ကျဆင်းပပျောက်ရေးအတွက် သိပ္ပံပညာရပ်ဆိုင်ရာနည်းစနစ်များနဲ့ အထောက်အထား ဖြည့်ဆည်းပေးရေးအတွက် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ ဒီသဘောတူညီချက်တွေကို အကောင်အထည်ဖော်ဖို့အတွက် မူးယစ်ဗဟိုအဖွဲ့နဲ့ တရုတ်နိုင်ငံ၊ (NNCC)မှ တာဝန်ရှိပုဂ္ဂိုလ်များဟာ မြန်မာနိုင်ငံ မူဆယ်မြို့မှာ ၂၀၀၆ခုနှစ် နိုဝင်ဘာလ ၂၃ ရက်နေ့မှာ ဆွေးနွေးခဲ့ကြပြီး ၂၀၀၆ခုနှစ် ဒီဇင်ဘာလကနေစပြီး ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နဲ့ ရှမ်းပြည်နယ်(တောင်ပိုင်း)တွေမှာ လုပ်ငန်းတွေကို စတင်ကြတော့မှာ ဖြစ်ပါတယ်။

တစ်ဆက်တစ်စပ်တည်း တင်ပြလိုတာကတော့ နိုင်ငံတွင်းမှာ ဘိန်းစိုက်ပျိုးမှု သိသာစွာ ကျဆင်းလာပေမယ့် အသစ်ပေါ်ပေါက်လာတဲ့ စိတ်ကြွဆေးပြား ပြဿနာကို အခြားနိုင်ငံများနည်းတူ ရင်ဆိုင်ခဲ့ရတယ်ဆိုတဲ့ အချက်ပဲဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ၁၉၉၀ပြည့်နှစ်များမတိုင်မီ လွန်ခဲ့တဲ့ ၁၀စုနှစ်အတွင်းက စိတ်ကြွဆေးပြား ပြဿနာဆိုတာမရှိခဲ့ပါဘူး၊ ဒေသတွင်းမှာ ၁၉၉၀ပြည့်နှစ်ဝန်းကျင်ကထဲကပင် စိတ်ကြွဆေးပြားပြဿနာ ရှိခဲ့ပါတယ်။ ၁၉၉၆ ခုနှစ်လောက်ရောက်တော့ ဒေသတွင်းမှာ စိတ်ကြွရူးသွပ်ဆေးပြား ပြဿနာဟာ စိုးရိမ်ဖွယ်အဆင့်ကို ရောက်ရှိလာပါတယ်။ ၁၉၉၀ ခုနှစ် အစောပိုင်းကာလတွေမှာ စိတ်ကြွဆေးပြားလုပ်ရာမှာ အဓိကလိုအပ်တဲ့ ဓာတုပစ္စည်းတစ်မျိုးဖြစ်တဲ့ အက်ဖီဒရင်းများကို ဒေသတွင်း တရားမဝင်သယ်ဆောင်ရောင်းဝယ်မှု တွေ့ရှိလာသလို နှစ်နိုင်ငံ နယ်စပ်တွေမှာလည်း စိတ်ကြွ ရူးသွပ်ဆေးပြားတွေ အများအပြား ဖမ်းဆီးရမိလာပါတယ်။

စိတ်ကြွဆေးပြားဆိုတာတွေဟာ ဓာတုပစ္စည်းတွေနဲ့ ချက်လုပ်ရတာဖြစ်ပါတယ်။ စက်မှုဖွံ့ဖြိုးပြီးနိုင်ငံမဖြစ်သေးတဲ့ မြန်မာနိုင်ငံဟာ မူးယစ်ဆေးဝါး ထုတ်လုပ်ရာမှာ အသုံးပြုတဲ့ ဓာတုပစ္စည်းများ Precursor Chemical ကို ထုတ်လုပ်နိုင်ခြင်းမရှိသေးဘူးဆိုတာ ဧည့်သည်တော်ကြီးများ အားလုံးသိပြီး ဖြစ်ပါတယ်။ မူးယစ်ဆေးဝါးထုတ်လုပ်ရာမှာ အသုံးပြုတဲ့ ဓာတုဗေဒပစ္စည်းများကို စီးပွားဖြစ်ထုတ်လုပ်လျက်ရှိတဲ့ ပြည်ပနိုင်ငံများက နည်းလည်းအမျိုးမျိုး၊ လမ်းကြောင်းအဖုံဖုံ နဲ့ နယ်စပ်များက တစ်ဆင့် တရားမဝင် တင်သွင်းဝင်ရောက်လာကြပြီးမှသာ ကျွန်တော်တို့နိုင်ငံ နယ်စပ်ဒေသမှာ မူးယစ်ဆေးဝါးထုတ်လုပ်နိုင်ကြတာဖြစ်ပါတယ်။ ဒါကြောင့် အနာဂတ်ရဲ့ စိတ်ကြွရူးသွပ်ဆေးပြား တားဆီးရေး လုပ်ငန်းစဉ်တွေ၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး လုပ်ငန်းတွေမှာ ကျွန်တော်တို့ တစ်နိုင်ငံတည်း ဆောင်ရွက်လို့ရတဲ့ ကိစ္စမဟုတ်တော့တဲ့အတွက် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုအပိုင်းကို အလေးထား ကျင့်သုံးနေခဲ့တာ ဖြစ်ပါတယ်။

မူးယစ်ဆေးဝါးပြဿနာတွေကို တစ်နိုင်ငံတည်းတွန်းလှန်တိုက်ဖျက်နေရုံနဲ့ ထိထိရောက်ရောက် မဖြစ်နိုင်ဘူးဆိုတာကို မြန်မာနိုင်ငံက လက်ခံသဘောပေါက်လို့ ဒေသတွင်းနိုင်ငံတွေ၊ အိမ်နီးချင်းနိုင်ငံတွေနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ ပြုလုပ်ခဲ့ပါတယ်။ သာဓကများကို ထုတ်နုတ်တင်ပြရမယ်ဆိုရင် ၁၉၉၃ခုနှစ်မှာ မြန်မာ၊ ထိုင်း၊ လာအို၊ တရုတ် စတဲ့ နိုင်ငံလေးနိုင်ငံနဲ့ နားလည်မှုစာချွန်လွှာ MoU ကို လက်မှတ်ရေးထိုးခဲ့ပြီး ၁၉၉၅ခုနှစ်မှာတော့ ကမ္ဘောဒီးယား၊ ဗီယက်နမ်တို့ပါ ပါဝင်လာတာကြောင့် ခြောက်နိုင်ငံဖြစ်လာခဲ့ပါတယ်။

ဆက်လက်ပြီး မူးယစ်ဆေးဝါးထုတ်လုပ်ရာမှာ အသုံးပြုတဲ့ ဓာတုဗေဒပစ္စည်းများထိန်းချုပ်ရေး ငါးနိုင်ငံပူးပေါင်းဆောင်ရွက်မှုအနေနဲ့ တရုတ်၊ အိန္ဒိယ၊ လာအို၊ မြန်မာနိုင်ငံနဲ့ ထိုင်းနိုင်ငံ ငါးနိုင်ငံဟာ ဝန်ကြီးအဆင့်နှင့် အဆင့်မြင့်အရာရှိများအဆင့် အစည်းအဝေးများ ပုံမှန်ကျင်းပပြီး ပူးပေါင်းဆောင်ရွက်လျက် ရှိပါတယ်။

ဒါ့အပြင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများအနေနဲ့လည်း မြန်မာနိုင်ငံက ၁၉၉၃ ခုနှစ်မှာ အိန္ဒိယနိုင်ငံ၊ ၁၉၉၄ ခုနှစ်မှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ၁၉၉၅ ခုနှစ်မှာ ဗီယက်နမ်နိုင်ငံ၊ ၁၉၉၇ ခုနှစ်မှာ ရုရှား၊ လာအိုနဲ့ ဖိလစ်ပိုင်နိုင်ငံများ၊ ၂၀၀၁ခုနှစ်မှာ တရုတ်နဲ့ထိုင်းနိုင်ငံ စတဲ့ နိုင်ငံတွေနဲ့ လက်မှတ်ရေးထိုးပြီး ပူးပေါင်းဆောင်ရွက်ခဲ့ကြပါတယ်။

အလားတူ မြန်မာနိုင်ငံက နယ်စပ်ဖြတ်ကျော် ပူးပေါင်းဆောင်ရွက်မှုအနေနဲ့ မြန်မာ-ထိုင်း၊ မြန်မာ-တရုတ်၊ မြန်မာ-အိန္ဒိယတို့နဲ့ လက်မှတ်ရေးထိုးပြီး ချစ်ကြည်ရင်းနှီးပွင့်လင်းစွာနဲ့ လက်တွဲဆောင်ရွက်နေတာ သတင်းစာဆရာကြီးများနှင့် ဧည့်သည်တော်ကြီးများအားလုံး သိရှိပြီးဖြစ်ကြပါတယ်။

ကျွန်တော်တို့နိုင်ငံဟာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ရှုမြင်ပြီး အစွမ်းကုန်ဆောင်ရွက်မှု၊ ဒေသအတွင်းမှာ ပူးပေါင်းဆောင်ရွက်မှုကြောင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းနယ်ပယ်မှာ အောင်မြင်မှုတွေကို များစွာရရှိခဲ့ပါတယ်။

**စာမျက်နှာ ၁၀ ကော်လံ ၁**

30-11 (09) 1 11/30/06, 6:02 PM

စာမျက်နှာ ၉ မှ

အဲဒီအထဲက ထူးခြားစွာအောင်မြင်ခဲ့တဲ့ စစ်ဆင်ရေးအချို့ကိုအကျဉ်းချုံးပြီး ထုတ်နုတ် တင်ပြရမယ်ဆိုရင် ၂၀၀၄ခုနှစ်မှာ မွန်ပြည်နယ် ရေးမြို့နယ်မှာ ဘိန်းဖြူဘလောက်တုံးအလေးချိန် ၅၉၂ ဒသမ ၅ ကီလိုဖမ်းဆီးရမိခဲ့တဲ့ စိုးစံဇုန်စစ်ဆင်ရေး၊ မူးယစ်ဗဟိုဟာ တရုတ်နိုင်ငံအမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးကော်မရှင် National Nacotic Control Commission, NNCC နဲ့ ယူနန်ပြည်နယ် မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက် မှုကြောင့် ၂၀၀၅ ခုနှစ် မေလ ၂၄ရက်နေ့မှာ ရန်ကုန်မြို့မှာ အိုက်စ် ၁၁၂ ဒသမ ၀၅ ကီလိုဖမ်းဆီးရမိခဲ့တဲ့ဖြစ်စဉ်၊ ၂၀၀၅ ခုနှစ်မှာ ဘိန်းဖြူဘလောက်တုံး ၄၉၆ ကီလိုဖမ်းဆီးရမိခဲ့တဲ့ဖြစ်စဉ်တို့ဟာ ထူးခြားတဲ့အောင်မြင်မှုများ ဖြစ်ပါတယ်။

ဒါ့အပြင် မူးယစ်ဗဟိုနဲ့ထိုင်းနိုင်ငံ ONCB တို့ရဲ့ သတင်းဖလှယ်ပူးပေါင်းဆောင်ရွက်မှုကြောင့် ၂၀၀၅ခုနှစ် ဒီဇင်ဘာလကစပြီး ၂၀၀၆ခုနှစ် ဧပြီလအထိ တာချီလိတ်ခရိုင်အတွင်းမှာ စိတ်ကြွရူးသွပ်ဆေးပြား ၁၄ ဒသမ ၉ သန်းကျော်နဲ့ ဘိန်းဖြူ ကီလို ၅၀၊ ဘိန်းညို ကီလို ၁၀၀၀ကျော်၊ ဘိန်းမည်း ၂၈ကီလို၊ ဓာတုပစ္စည်းမျိုးစုံနဲ့ လက်နက်မျိုးစုံ ၁၉၆လက်တို့ကို ဖမ်းဆီးရမိခဲ့ပါတယ်။

ဒါ့အပြင် မြန်မာနိုင်ငံမှာ ၂၀၀၅ခုနှစ် ဇန်နဝါရီလအတွင်း ရန်ကုန်လေဆိပ်မှာ ထိုင်ဝမ်နိုင်ငံသားများထံမှ ဘိန်းဖြူ ၀ဒသမ၆၀၉ကီလို ဖမ်းဆီးရမိမှုမှ ကွင်းဆက်ဖော်ထုတ်ရာ အိုက်စ် ၁၇၈ကီလိုကို ဖမ်းဆီးရမိပြီး မလေးရှားနိုင်ငံသို့ ပို့ဆောင်မည့် လိပ်စာကိုပါ ဖော်ထုတ်ရရှိသည့်အတွက် မလေးရှားနိုင်ငံရဲတပ်ဖွဲ့သို့ ဆက်လက်ဆက်သွယ် သတင်းဖလှယ်ပေးပို့ခဲ့ပါတယ်။ အဲဒီသတင်းဖလှယ် ပေးပို့မှုတွေကြောင့် မလေးရှားနိုင်ငံရဲတပ်ဖွဲ့က ၂၀၀၆ခုနှစ် ဇူလိုင်လမှာ ICE ထုတ်လုပ်တဲ့ ကမ္ဘာပေါ်မှာ အကြီးဆုံး Mega Lab တစ်ခုကို မက်သာအက်ဖီတမင်း ၁၁၂ကီလိုနဲ့ မက်သာ အက်ဖီတမင်းအရည် ၄၈၄ကီလိုကို ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ မူးယစ်ဆေးဝါးဂိုဏ်းများ ဆက်လက်ဖော်ထုတ်ဖမ်းဆီးနိုင်ရေးအတွက် ဒေသတွင်းနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ဆက်သွယ်သတင်းဖလှယ် ဆောင်ရွက်နိုင်မှုကြောင့် ဒေသတွင်းမူးယစ်ဆေးဝါးဂိုဏ်းများကိုပါ ဖော်ထုတ်အရေးယူနိုင်သည်အထိ အောင်မြင်မှုများကို ဖော်ဆောင်ပေးနိုင်ခဲ့ပါတယ်။

အခုလတ်တလော အောင်မြင်နေတဲ့ မူးယစ်ဆေးဝါးဖမ်းဆီးဖော်ထုတ်မှုတွေကိုလည်းတင်ပြလိုပါတယ်။ ၂၀၀၆ နိုဝင်ဘာလ ၁၁ရက်နေ့မှာ တာချီလိတ်မြို့၊ မြရွှေရည်ဟိုတယ်၌ တည်းခိုနေသူ နိုင်ငံခြားသား ငါးဦးကို ထိုင်းနိုင်ငံကို ပို့ဖို့ မျိုချသယ်ဆောင်မည့် အိုက်စ်နှစ်ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြားအမှုန့် နှစ်ကီလို၊ ဘိန်းဖြူအတောင့် ၁၃ တောင့်၊ အလေးချိန် ၀ဒသမ ၁၅၆ ကီလိုတို့ကို စုစုပေါင်း ထိုင်းဘတ်ငွေ ၆ဒသမ၃၇ သိန်း၊ အမေရိကန် ဒေါ်လာ ၃ဒသမ၆၅ သိန်းနှင့်အတူ ဖမ်းဆီးရမိခဲ့ပါတယ်။ စစ်ကြောချက်တွေအရ ကွင်းဆက်တရားခံဖြစ်တဲ့ နိုင်ငံခြားသား သုံးဦးကို အဲဒီနေ့မှာပဲ တာချီလိတ်မြို့ ငြိမ်းချမ်းဟိုတယ်မှာ အိုက်စ် ၁၇၅ တောင့်နှင့်အတူ ဖမ်းဆီးရမိခဲ့ပါတယ်။ ၎င်းအပြင် ၂၀၀၆ ခုနှစ် နိုဝင်ဘာလ ၁၃ရက်နေ့မှာလည်း ကျိုင်းတုံမြို့မှာ ကျိုင်းတုံမူလဟိုတယ် အခန်းအမှတ် ဘီ-၂တွင် တည်းခိုနေထိုင်သည့် ကွင်းဆက်တရားခံ နိုင်ငံခြားသား တစ်ဦးကိုလည်း ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပြီး ၎င်းဆီက အိုက်စ် ၀ဒသမ၅ ဂရမ်နှင့်အတူ အမေရိကန်၊ စင်ကာပူ၊ ယိုးဒယား၊ အိန္ဒိယငွေများနှင့်အတူ ဖမ်းဆီးရမိခဲ့ပါတယ်။ အဲဒီနိုင်ငံခြားသား အဖွဲ့တွေဟာ ဘိန်းဖြူနဲ့ အိုက်စ်တွေကို မျိုချပြီး တာချီလိတ်-ရန်ကုန်ကတစ်ဆင့် ထိုင်းနိုင်ငံကို သယ်ဆောင်သွားကြတဲ့ အဖွဲ့ဖြစ်ပါတယ်။ ဒီအဖွဲ့မှာ အဓိကကျတဲ့ နိုင်ငံခြားသားတစ်ဦးဟာ ထိုင်းနိုင်ငံ ဗန်ကောက်အတွင်းမှာ ရှိနေတာကြောင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက် ဖမ်းဆီးနိုင်အောင် စီမံဆောင်ရွက်နေဆဲ ဖြစ်ပါတယ်။

၎င်းအပြင် ၂၀၀၆ခုနှစ် နိုဝင်ဘာလ ၁၈ ရက်နေ့မှာလည်း လားရှိုးမြို့မှာ မူဆယ်ကနေ မန္တလေးကိုသွားမယ့် မော်တော်ယာဉ်ကို ရှာဖွေစစ်ဆေးတဲ့အခါ ဘိန်းဖြူဘလောက်တုံး ခြောက်တုံး၊ အလေးချိန် ၆၃၀ ဂရမ်ကို တရားခံ သုံးဦးဆီက တွေ့ရှိခဲ့ပါတယ်။ ဆက်လက် ရှာဖွေတဲ့အခါ Walker ကွင်းထိုးဖိနပ်နှစ်ရန်အတွင်းက ဘိန်းဖြူအလေးချိန် ၆၀၀ ဂရမ်ကို ထပ်မံတွေ့ရှိခဲ့ပါတယ်။ ဆက်လက်ပြီးတော့လည်း သူတို့ရဲ့ကွင်းဆက်တွေကို တောင်ကြီး၊ မန္တလေးနဲ့ ရန်ကုန် မူးယစ်အထူးအဖွဲ့တွေက ဆက်တိုက် စစ်ဆေးဖော်ထုတ်တဲ့အတွက် စအိုအတွင်းမှာ ထည့်သွင်းသယ်ဆောင်မယ့် တရားခံ ၁၂ ဦးပါ အဖွဲ့တစ်ဖွဲ့ကို ဆက်လက်ဖော်ထုတ် ဖမ်းဆီးနိုင်ခဲ့ပါတယ်။ အဲဒီတရားခံတွေဆီက ဘိန်းဖြူ စုစုပေါင်း အလေးချိန် ၃ဒသမ၆၄၅ ကီလိုနဲ့ စိတ်ကြွရူးသွပ် ဆေးပြား ၃၇၃၈ ပြား သိမ်းဆည်းရမိခဲ့ပါတယ်။ ဖမ်းဆီးရမိတဲ့ မူးယစ်ဆေးဝါးဂိုဏ်းဟာ မြန်မာနိုင်ငံနဲ့နယ်နိမိတ်ထိစပ်နေတဲ့ တရုတ်နိုင်ငံမှ မြန်မာနိုင်ငံကိုဖြတ်ပြီး တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့နဲ့ ဂွမ်ကျိုးမြို့တို့ကို သယ်ဆောင်သွားကြမှာဖြစ်ပါတယ်။ သယ်ဆောင်ရာမှာ မျိုချတဲ့နည်း၊ စအိုအတွင်းမှာ ထည့်သွင်း သယ်ဆောင်တဲ့ နည်းတွေနဲ့ လူအုပ်စုနဲ့ခွဲပြီး သယ်ဆောင်တာကို တွေ့ရပါတယ်။ စစ်ကြောချက်တွေအရ မြန်မာနိုင်ငံအတွင်း မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေးလုပ်ငန်းတွေ ထိရောက်မှုရှိနေတဲ့အတွက် ၂၀၀၄ ခုနှစ်နောက်ပိုင်းမှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး စစ်ဆင်ရေးကြီးတွေဖြစ်တဲ့ စိုးစံဇုန်၊ 496၊ 102 Case တွေလို ထုထည်ပမာဏများစွာ သယ်ဆောင်ရန် ခက်ခဲကျပ်တည်းလာကြတဲ့အတွက် လူစုနဲ့ နည်းနည်းချင်း ခွဲသယ်တဲ့ နည်းစနစ်ပြောင်းလဲ အသုံးပြုလာကြသလို သယ်ဆောင်ရာ လမ်းကြောင်းတွေ ပြောင်းလဲလာတာတွေကို တွေ့ရပါတယ်။ တရားခံများနှင့် ဆက်စပ်တဲ့ သတင်းအချက်အလက်များကိုလည်း နိုင်ငံတကာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအဖွဲ့များသို့ ဆက်သွယ်သတင်းဖလှယ်ပေးပို့ ဆောင်ရွက်လျက်ရှိပါတယ်။

ပြီးခဲ့တဲ့ ၂၀၀၄-၂၀၀၅ကနေ ဒီကနေ့ ၂၀၀၆ အောက်တိုဘာလ၃၀ရက်နေ့အထိ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအပိုင်းမှာ ဆောင်ရွက်နိုင်ခဲ့တာကို ကိန်းဂဏန်းနဲ့တွက်ကြည့်ရင် ဘိန်း၃၆၄၉ဒသမ၇၆ကီလို၊ ဘိန်းဖြူ ၁၉၇၃ဒသမ ၇၈ကီလို၊ ဘိန်းညို ၁၄၇၃ဒသမ၅၁ကီလို၊ ဆေးခြောက် ၃၁၉ဒသမ၂၃ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၁၉ဒသမ၃၃၈၉ကီလို၊ အက်ဖီဒရင်း ၁၇၉၅ဒသမ ၂ ကီလိုရှိပြီး တန်ဖိုးငွေအားဖြင့် အမေရိကန်ဒေါ်လာ ၅ဒသမ၇၁ဘီလီယံရှိကြောင်း သိရပါတယ်။ ဒီဖမ်းဆီးဖော်ထုတ်ရမိမှုတွေကို သုံးသပ်ကြည့်ရင် နိုင်ငံတော်ရဲ့ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ဆောင်ရွက်ချက်တွေဟာ ဘယ်အတိုင်းအတာအထိ အလေးထား ဆောင်ရွက်နေတယ်ဆိုတာကို အကဲဖြတ်သုံးသပ်နိုင်အောင် တင်ပြရခြင်းဖြစ်ပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံအနေနဲ့ မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းတွေကို အောင်မြင်မှုများရရှိအောင် ဆောင်ရွက်နေသော်လည်း မြန်မာနိုင်ငံအပေါ် မဟုတ်မမှန်လုပ်ကြံ ဆောင်ရွက်နေမှုများကို အရင်းတည်ပြီး မြန်မာနိုင်ငံကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက အရေးယူရန် ဆုံးဖြတ်ချက်တစ်ရပ် ချမှတ်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေတဲ့ စွပ်စွဲချက်တွေနဲ့ ရှိနေခဲ့တာမို့ ဒါနဲ့ပတ်သက်ပြီး ကျွန်တော်ဆက်လက် ရှင်းလင်းတင်ပြလိုပါတယ်။

ပထမဆုံးအနေနဲ့ ကျွန်တော်တို့နိုင်ငံဟာ နိုင်ငံတကာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဆိုင်ရာ စာချုပ်စာတမ်းများ၌ပါရှိသော တာဝန်ဝတ္တရားများကို လိုက်နာရန်ပျက်ကွက်ခဲ့တယ်လို့ စွပ်စွဲခဲ့ပါတယ်။ မြန်မာနိုင်ငံဟာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဆိုင်ရာ ကွန်ဗင်းရှင်းအဖွဲ့ဝင် နိုင်ငံတစ်ခုဖြစ်ပါတယ်။ ၁၉၆၁ခုနှစ် မူးယစ်ဆေးဝါးဆိုင်ရာ တစ်ခုတည်းသော ကွန်ဗင်းရှင်း Single Convention on Narcotic Drugs 1961ကို ၁၉၆၃ခုနှစ် ဇူလိုင်လ ၂၉ရက်နေ့မှာ အဖွဲ့ဝင်နိုင်ငံအဖြစ် အတည်ဖြစ်ခဲ့ပါတယ်။ အဲဒီကွန်ဗင်းရှင်းဟာ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့ ဖွဲ့စည်းရေး၊ ဖွဲ့စည်းမှုစနစ် လုပ်ငန်းတာဝန်များကို သတ်မှတ်ထားတဲ့ ကွန်ဗင်းရှင်းဖြစ်ပါတယ်။ ၎င်းအပြင် ၁၉၇၁ ခုနှစ် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ကွန်ဗင်းရှင်း Convention on Psychotropic Substances 1971ကိုလည်း ၁၉၉၄ခုနှစ် ဇွန်လ၇ရက်နေ့မှာ ပါဝင်လက်မှတ်ရေးထိုး အတည်ဖြစ်ခဲ့ပါတယ်။ အဲဒီ ကွန်ဗင်းရှင်းကတော့ စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးများနှင့်ပတ်သက်၍ ဆေးအမျိုးအစားများသတ်မှတ်ခြင်း၊ ထိန်းချုပ်ခြင်းနှင့် လုပ်ထုံးလုပ်နည်းများ၊ ဥပဒေများပြဋ္ဌာန်းသတ်မှတ်ခြင်းနဲ့ သက်ဆိုင်တဲ့ကွန်ဗင်းရှင်းဖြစ်ပါတယ်။ ၎င်းအပြင် ၁၉၈၈ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု ဆန့်ကျင်ရေးဆိုင်ရာ ကွန်ဗင်းရှင်း (UN Convention Against Illicit Traffic in Narcotic Drugs and Psychotropic Substances 1988) ကိုလည်း လက်မှတ်ရေးထိုးခဲ့ရာ ၁၉၉၁ခုနှစ် ဇွန်လ၁၁ရက်နေ့မှာ အဖွဲ့ဝင်နိုင်ငံအဖြစ် အတည်ဖြစ်ခဲ့ပါတယ်။ အဲဒီကွန်ဗင်းရှင်းပါ အချက်အလက်များကတော့ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးနှစ်မျိုးစလုံးနှင့် ဆက်စပ်နေသည့် ဓာတုဗေဒပစ္စည်းများ Precursor များ တရားမဝင် သယ်ဆောင်ရောင်းဝယ်မှုကို တိုက်ဖျက်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊ ဥပဒေပိုင်းဆိုင်ရာ အပြန်အလှန်အကူအညီပေးခြင်းနှင့် စပ်ဆိုင်သော ကွန်ဗင်းရှင်းဖြစ်ပါတယ်။ ဒါ့အပြင် နောက်ဆက်တွဲစာချုပ် (Protocol)ပိုင်းမှာလည်း ၁၉၇၂ခုနှစ် Protocolမှာ ၁၉၆၁ခုနှစ် မူးယစ်ဆေးဝါးဆိုင်ရာ ကွန်ဗင်းရှင်းမှာ မူးယစ်ဆေးဝါးသုံးစွဲသူတွေကို ဆေးဝါးကုသပေးရေးနှင့် ပြန်လည်ထူထောင်ရေးများ ဆောင်ရွက်ပေးရေး၊ တရားခံလွှဲပြောင်းရေးနဲ့ International Narcotics Control Board, INCB ၏ လုပ်ပိုင်ခွင့်များကို ပြင်ဆင် ဖြည့်စွက်ထားတဲ့ ပြင်ဆင်ချက်များ ပါဝင်ခဲ့တာဖြစ်ပြီး၊ မြန်မာနိုင်ငံက တရားခံ လွှဲပြောင်းရေးနဲ့ INCB ၏ လုပ်ပိုင်ခွင့်တို့ကို ခြွင်းချက်ပြုပြီး ၂၀၀၃ခုနှစ် ဩဂုတ်လ၂၂ရက်နေ့မှာ အဲဒီ Protocol ကို ဝင်ရောက်ခဲ့ပါတယ်။

မြန်မာနိုင်ငံဟာ အထက်ကရှင်းလင်းခဲ့တဲ့ ကွန်ဗင်းရှင်းသုံးခု၊ Protocol နောက် ဆက်တွဲစာချုပ်တစ်ခုကို ဝင်ရောက်ထားတဲ့အတွက် ကွန်ဗင်းရှင်းပါပြဋ္ဌာန်းချက်များနှင့်အညီ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်းလုပ်ငန်းတာဝန်များသတ်မှတ်ခြင်း၊ မူးယစ်ဆေးဝါး ၁၂၆မျိုး၊ စိတ်ကိုပြောင်းလဲစေသောဆေးဝါး ၁၁၅မျိုးနဲ့ Precursor Chemical ၂၅မျိုးကို သတ်မှတ်ပြဋ္ဌာန်းခြင်းများ ပြုလုပ်ခဲ့ပါတယ်။ Precursor Chemical နဲ့ပတ်သက်ပြီး UN Convention ဇယား ၁ နဲ့ ၂ မှာ Precursor Chemical ၂၃ မျိုးသာ ထိန်းချုပ်ရန်ပြဋ္ဌာန်းထားပေမယ့် မြန်မာနိုင်ငံအနေနဲ့ကတော့ လိုအပ်ချက်အရ Caffeiine နဲ့ Thionyl Chlorideတို့ကို ထည့်သွင်းပြီး ၂၅ မျိုးကို ထိန်းချုပ်ရန် ပြဋ္ဌာန်းထားရှိခဲ့ပါတယ်။

ဆေးဝါးကုသရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေနဲ့ မြန်မာနိုင်ငံရဲ့ ကုလသမဂ္ဂ မူးယစ်ဆေးဝါးများဆိုင်ရာ ကွန်ဗင်းရှင်းများအား လိုက်နာ ဆောင်ရွက်မှု အခြေအနေများနဲ့ မူးယစ်ဆေးဝါး ထိန်းချုပ်ဆောင်ရွက်မှု ကို လေ့လာဖို့အတွက် International Narcotics Control Board, INCB ကိုယ်စားလှယ် အဖွဲ့ဝင်များဟာ မြန်မာနိုင်ငံကို သုံးကြိမ်လာရောက်ခဲ့ပြီး လေ့လာဆွေးနွေးခဲ့ကြပြီးဖြစ်ပါတယ်။ INCBအဖွဲ့ရဲ့အဓိက တာဝန်ဟာ ကွန်ဗင်းရှင်း အဖွဲ့ဝင်နိုင်ငံများအနေနဲ့ ကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်တွေကို လိုက်နာဆောင်ရွက်မှု ရှိ/မရှိနဲ့ တွေ့ကြုံရတဲ့ အခက်အခဲတွေကို လာရောက်တွေ့ဆုံမေးမြန်းတဲ့ တာဝန် ဖြစ်ပါတယ်။ ပထမဆုံးအကြိမ်အဖြစ် ၁၉၉၈ခုနှစ် မတ်လအတွင်းက INCB ကိုယ်စားလှယ်အဖွဲ့ဝင်လေးဦးဟာ မြန်မာနိုင်ငံသို့ လေးရက်ကြာလာရောက်ခဲ့ပြီး မူးယစ်ဗဟို ကျန်းမာရေး ဦးစီးဌာန၊ ရှေ့နေချုပ်ရုံး၊ တရားရုံးချုပ်၊အကောက်ခွန်ဦးစီးဌာနတို့မှ အဆင့်မြင့်အရာရှိများနှင့် တွေ့ဆုံ ဆွေးနွေးခဲ့သလို ဒုတိယ ခရီးစဉ်အဖြစ် ၂၀၀၁ ခုနှစ် စက်တင်ဘာလ ပထမပတ်မှာလည်း INCB မှ အဖွဲ့ဝင်သုံးဦးသည် မြန်မာနိုင်ငံ၏ အဆင့်မြင့်အရာရှိများကို လာရောက်တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။ ဒါ့အပြင် တတိယခရီးစဉ်အဖြစ် ၂၀၀၆ ခုနှစ် အောက်တိုဘာလ ၁၇ရက်နေ့မှာလည်း INCB မှ အဖွဲ့ဝင်သုံးဦးဟာ မြန်မာနိုင်ငံသို့ရောက်ရှိလာခဲ့ပြီး ပြည်ထဲရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ပညာရေးဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနတို့မှ ဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် မူးယစ်ဗဟိုအဖွဲ့ဝင် လုပ်ငန်းအဖွဲ့များမှ တာဝန်ရှိသူများ၊ အကောက်ခွန်ဦးစီးဌာနမှ တာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့ပါတယ်။

INCB ကိုယ်စားလှယ်အဖွဲ့ဟာ ခရီးစဉ်အတွင်း ဆွေးနွေးမှုတွေကြောင့် မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးပပျောက်ရေး ကြိုးပမ်းဆောင်ရွက်နေမှုများနဲ့ အောင်မြင်မှုရလဒ်များကို ပကတိအခြေအနေအတိုင်း မြင်တွေ့ လေ့လာသိရှိခွင့်ရရှိခဲ့ကြောင်း၊ မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် ဝန်ကြီးဌာနပေါင်းစုံမှ တက်ညီလက်ညီ ဆောင်ရွက်နေမှုကိုလည်း အသိအမှတ်ပြုပါကြောင်း၊ မြန်မာနိုင်ငံရဲ့ မူးယစ်ဆေးဝါး ပပျောက်ရေးအတွက်သင်တန်းနဲ့ နည်းပညာအထောက်အပံ့ပေးခြင်း၊ ထိန်းချုပ် ဓာတုဗေဒပစ္စည်းများနှင့် ပတ်သက်ပြီး နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ပို့ကုန် ကြိုတင်သတင်းပေးစနစ် Pre-Export Notification, PEN စနစ်ဆိုင်ရာ Internet On Line တည်ဆောက်ရာတွင် မြန်မာနိုင်ငံပါဝင်ရေးကိုလည်း ကူညီပေးမည်ဖြစ်ကြောင်း မှတ်ချက်ပြု ပြောကြားခဲ့ပါတယ်။

INCB အဖွဲ့အနေနဲ့ သုံးကြိမ် လာရောက်စဉ် မြန်မာနိုင်ငံရဲ့ မူးယစ်ဆေးဝါးပပျောက်ရေးနဲ့ပတ်သက်ပြီး အောင်မြင်မှုများကိုသာ အသိအမှတ်ပြု ပြောကြားခဲ့ခြင်းသာရှိပြီး မူးယစ်ဆေးဝါးနှင့် ပတ်သက်တဲ့ ပြဿနာရပ် တစ်စုံတစ်ရာကို မှတ်ချက်ပြု ပြောကြားခဲ့ခြင်းမရှိကြောင်း တွေ့ရပါတယ်။

ဒါကြောင့် ကွန်ဗင်းရှင်းတွေအပေါ် လိုက်နာမှု ရှိ/မရှိ တရားဝင်လာရောက်စစ်ဆေးတဲ့ INCB အဖွဲ့တွေကိုယ်တိုင်က မြန်မာနိုင်ငံရဲ့ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများဟာ အောင်မြင်မှုရှိကြောင်း၊ ကွန်ဗင်းရှင်း နောက်ဆက်တွဲ စာချုပ်များကိုလည်း အပြည့်အဝ လိုက်နာမှုရှိနေကြောင်းဖြင့် မှတ်ချက်ပြုထားပါလျက်နဲ့ ယခုလိုမှားယွင်းပြီး နိုင်ငံတကာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဆိုင်ရာ စာချုပ်စာတမ်းများ၌ ပါရှိသော တာဝန်ဝတ္တရားများ ကို လိုက်နာရန်ပျက်ကွက်ခဲ့ကြောင်း၊တစ်ဖက်သတ် စွပ်စွဲချက်ဟာ မြန်မာနိုင်ငံရဲ့ မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းအတွက် မွန်မြတ်တဲ့ရည်ရွယ်ချက်နဲ့ဆောင်ရွက်ချက်များအပေါ် အဖျက်သဘောနဲ့ရှုမြင်ပြီး စွပ်စွဲနေခြင်းသာ ဖြစ်တယ်လို့ ပြောရမှာဖြစ်ပါတယ်။

ဒါ့အပြင် ကုလသမဂ္ဂအနေနဲ့ အဖွဲ့ဝင်နိုင်ငံများအတွင်းမှာ မူးယစ်ဆေးဝါးနဲ့ပတ်သက်ပြီး ၁၀နှစ်တာအချိန်အတွင်း နိုင်ငံအားလုံးက လိုက်နာဆောင်ရွက်ရမယ့်တိုက်တွန်းနှိုးဆော်ချက်တွေကို Special Sessionအနေနဲ့ ၁၀နှစ်တစ်ကြိမ် ချမှတ်ပေးပါတယ်။

၁၉၉၈ခုနှစ်မှာ ကျင်းပတဲ့ကုလသမဂ္ဂအထွေထွေညီလာခံရဲ့ အကြိမ်(၂၀)မြောက် မူးယစ်ဆေးဝါးဆိုင်ရာ အထူးအစည်းအဝေးက အဖွဲ့ဝင်နိုင်ငံများအတွင်းမှာ မူးယစ်ဆေးဝါးနဲ့ပတ်သက်ပြီး ၁၀နှစ်တာ အချိန်အတွင်း နိုင်ငံအားလုံးက လိုက်နာဆောင်ရွက်ရမယ့် တိုက်တွန်းနှိုးဆော်ချက်တွေကို နိုင်ငံရေးကြေညာစာတမ်း(Political Declaration)အနေဖြင့် ချမှတ်ခဲ့ပြီး အဲဒီကြေညာစာတမ်းမှာ-

(၁) ၂၀၀၃ခုနှစ်အတွင်း စိတ်ကြွဆေးနဲ့ Precursor များ ထုတ်လုပ်သယ်ဆောင် ရောင်းဝယ်မှုတိုက်ဖျက်ရေးအတွက် ဥပဒေများ ပြဋ္ဌာန်းဆောင်ရွန်ရန်၊

(၂) ၂၀၀၈ခုနှစ်အတွင်း Synthetic Drugsအပါအဝင် Psychotropic Substances များတရားမဝင် ထုတ်လုပ်သယ်ဆောင်ရောင်းဝယ်မှုနှင့် Precursorများ တရားမဝင်လမ်းကြောင်းသို့ မရောက်စေရေးအတွက် ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(၃) 1988 Conventionနှင့်အညီ မူးယစ်ဆေးဝါးနှင့် ဆက်နွှယ်နေသည့် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေများကို ၂၀၀၃ခုနှစ်အတွင်း အပြီးသတ် ရေးဆွဲပြဋ္ဌာန်းပြီး ငွေကြေးခဝါချမှုတိုက်ဖျက်ရေး အစီအစဉ်များ ချမှတ်ပူးပေါင်းဆောင်ရွက်ရန်၊

(၄) ၂၀၀၃ခုနှစ်အတွင်း မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့် ဆက်နွှယ်နေသည့် တရားစီရင်ရေးဆိုင်ရာ အဖွဲ့အစည်းများ၊ နိုင်ငံချင်း တိုးမြှင့်ပူးပေါင်း ဆောင်ရွက်ရန်၊

(၅) ၂၀၀၃ခုနှစ်အတွင်း မူးယစ်ဆေးဝါးသုံးစွဲမှုလျှော့ချရေးအတွက် မဟာဗျူဟာ၊ နည်းဗျူဟာများ ချမှတ်ရေးဆွဲဆောင်ရွက်ရန် ၂၀၀၈ခုနှစ်အတွင်း မူးယစ်ဆေးဝါးသုံးစွဲမှု လျှော့ချရေးအတွက် ရည်မှန်းချက်ထားရှိဆောင်ရွက်ရန်၊

(၆) ၂၀၀၈ခုနှစ်အတွင်း ဘိန်းပင်၊ ကိုကားပင်၊ ဆေးခြောက်ပင်စိုက်ပျိုးမှုများ လုံးဝပပျောက်ရေးဆောင်ရွက်ရန်

ဖော်ပြတိုက်တွန်းထားပါတယ်။

မြန်မာနိုင်ငံအနေနဲ့ အထက်ပါတိုက်တွန်းချက်တွေကို အပြည့်အဝ လိုက်နာအကောင်အထည်ဖော်နိုင်ခဲ့တယ်လို့ ဆိုရမှာဖြစ်ပါတယ်။ အသေးစိတ်တင်ပြရရင် စိတ်ကြွဆေးနဲ့ Precursor များထုတ်လုပ်သယ်ဆောင်မှုနဲ့ ပတ်သက်ပြီး ATS နဲ့ Precursor Chemical များထိရောက်စွာ တားဆီးနှိမ်နင်းဖို့အတွက် မြန်မာနိုင်ငံမှာ ၂၀၀၄ခုနှစ် ဇူလိုင်လ ၁ရက်နေ့မှာ ထိန်းချုပ်ဓာတုဗေဒပစ္စည်းကြီးကြပ်ရေးဆိုင်ရာ နည်းဥပဒေကို ထုတ်ပြန်ပြီး အကျိုးသက်ရောက်မှုရှိစေဖို့အတွက် တားဆီးနှိမ်နင်းရေးအဖွဲ့များအတွင်းသာမက သက်ဆိုင်တဲ့စက်မှုလုပ်ငန်းရှင်များကို အသိပေးဆောင်ရွက်ခဲ့ပါတယ်။

Synthetic Drugs အပါအဝင် Psychotropic Substancesများနှင့် ပတ်သက်ပြီး မြန်မာနိုင်ငံအနေနဲ့ Psychotropie Substances များကဲ့သို့သော စိတ်ကိုပြောင်းလဲစေတဲ့ ဆေးဝါးတွေဖြစ်တဲ့ Ecstasy၊ Ketamineတို့လို ဆေးဝါးအသစ်အဆန်းတွေနဲ့ လမ်းကြောင်းများ၊ ဒေသတွင်းဖမ်းဆီး ရမိမှုများ၊ နမူနာပုံစံများကိုလည်း တားဆီးနှိမ်နင်းရေးအဖွဲ့များအတွင်း ချပြတားဆီးနှိမ်နင်းစေလျက်ရှိပါတယ်။

ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံမှာ တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများထိန်းချုပ်ရေးဥပဒေ Control of Money Laundering Law ကို ၂၀၀၂ခုနှစ် ဇွန်လ၁၇ရက်နေ့မှာ ပြဋ္ဌာန်း ခဲ့ပါတယ်။ တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများ ထိန်းချုပ်ရေးနည်းဥပဒေကိုတော့ ၂၀၀၃ခုနှစ် ဒီဇင်ဘာလ၅ရက်နေ့မှာ ပြဋ္ဌာန်းခဲ့ပြီး ငွေကြေးခဝါချမှုတိုက်ဖျက်ရေးလုပ်ငန်းတွေကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ နောက်ပိုင်းမှာ အကျယ်တဝင့် ဆက်လက် ရှင်းလင်းတင်ပြမှာဖြစ်ပါတယ်။

တရားစီရင်ရေးဆိုင်ရာအဖွဲ့အစည်းများ တိုးမြှင့်ပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းချက်နဲ့ပတ်သက်ပြီး ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေးဥပဒေ The Mutual Assistance in Criminal Matters Law ကို ၂၀၀၄ခုနှစ် ဧပြီလ၂၈ရက်နေ့မှာ ပြဋ္ဌာန်းခဲ့ပါတယ်။ ၂၀၀၄ခုနှစ် အောက်တိုဘာလ၁၄ရက်နေ့မှာ ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေးနည်းဥပဒေကို ထုတ်ပြန်ခဲ့ပါတယ်။ ပြစ်မှုဆိုင်ရာကိစ္စများတွင် နိုင်ငံအချင်းချင်းအကူအညီပေးရေးစာချုပ် Mutual Legal Assistance in Criminal Matters ကို အာဆီယံနိုင်ငံများနဲ့ ၂၀၀၆ခုနှစ် ဇန်နဝါရီလ ၁၇ရက်နေ့မှာ လက်မှတ်ရေးထိုးခဲ့ပါတယ်။ မြန်မာနိုင်ငံဟာ ဒေသတွင်းနိုင်ငံများနဲ့ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး တရားရေးဆိုင်ရာအဖွဲ့အစည်းများ၊ တားဆီးနှိမ်နင်းရေးအဖွဲ့များအတွင်း အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ပြီး ပြည်တွင်းပြည်ပ ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

မူးယစ်ဆေးဝါးသုံးစွဲမှုလျှော့ချရေးအတွက် မြန်မာနိုင်ငံမှာ မူးယစ်ဆေးဝါးသုံးစွဲမှုလျှော့ချရေးကို မူးယစ်ဗဟို၊ ကျန်းမာရေးဝန်ကြီးဌာနနဲ့ အစိုးရအဖွဲ့အစည်းမဟုတ်သော ပြည်တွင်းပြည်ပ NGO အဖွဲ့အစည်းများနဲ့ UNODCတို့ ပူးပေါင်းပြီးတော့ မူးယစ်ဆေးဝါးနဲ့ ဆက်နွှယ်သည့် အန္တရာယ်လျှော့ချရေးလုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

ဘိန်းစိုက်ပျိုးမှုများ လုံးဝပပျောက်စေရေးအတွက် မြန်မာနိုင်ငံမှာ ဘိန်းစိုက်ပျိုးမှုပပျောက်ရေးအတွက် ၁၅နှစ်စီမံကိန်းချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဘိန်းကင်းမဲ့ဇုန်များကိုသတ်မှတ်ပြီး ရှေ့ပြေးစီမံချက်များဖြင့် စီမံကိန်းကာလများပိုင်းခြားဆောင်ရွက်ခဲ့တဲ့အတွက် ဘိန်းစိုက်ပျိုးမှုများ လျော့နည်းကျဆင်းလာတာကို UNODC ရဲ့ အစီရင်ခံစာများအရ သိသာထင်ရှားစွာ တွေ့ရမှာဖြစ်ပါတယ်။ ၁၉၉၈ခုနှစ်က ဘိန်းစိုက်ပျိုးမှုနှင့် နှိုင်းယှဉ်လျှင် ၈၃ ရာခိုင်နှုန်းကျဆင်းသွားကြောင်း တရားဝင်ဖော်ပြထားခဲ့ပါတယ်။

ဒါကြောင့် မြန်မာနိုင်ငံဟာ ကုလသမဂ္ဂကချမှတ်ပေးတဲ့ Political Declaration ပါမျှော်မှန်းတိုက်တွန်းထားချက်အားလုံးကိုလည်း ရည်မှန်းချက်များပြည့်မီအောင် တာဝန်သိသိအောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ပြီးဖြစ်နေပြီလို့ ဆိုရမှာဖြစ်ပါတယ်။ ဒီလိုကုလသမဂ္ဂရဲ့ မျှော်မှန်းချက်တွေကို အကောင်အထည်ဖော်နိုင်ခဲ့တဲ့အတွက်လည်း မြန်မာနိုင်ငံအပေါ်မှာ ကုလသမဂ္ဂအနေနဲ့ ပြစ်တင်ဝေဖန်မှု တစ်စုံတစ်ရာမရှိကြောင်း တွေ့ရပါတယ်။

ဒုတိယစွပ်စွဲချက်ဟာ မြန်မာနိုင်ငံဟာ ကမ္ဘာပေါ်တွင် ဒုတိယဘိန်းအများဆုံး ထုတ်လုပ်သည့်နိုင်ငံဖြစ်ကြောင်း စွပ်စွဲချက်ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံအနေနဲ့ 2006 World Drug Reportမှာဖော်ပြထားတဲ့ ကိန်းဂဏန်းအချက်

စာမျက်နှာ ၁၁ ကော်လံ ၁

စာမျက်နှာ ၁၀ မှ

အလက်တွေအရ ၂၀၀၅ခုနှစ်မှာ ကမ္ဘာမှာ ဘိန်းထွက်ရှိမှုတန်ချိန် တန်၄၆၂၀ရှိပြီး အာဖဂန်နစ္စတန်နိုင်ငံက ဘိန်းတန်ချိန်တန်၄၁၀၀ထွက်ရှိပါတယ်။ ရာခိုင်နှုန်းအားဖြင့် ၈၉ရာခိုင်နှုန်းရှိပြီး ကမ္ဘာပေါ်မှာ ဘိန်းအများဆုံးစိုက်ပျိုးထုတ်လုပ်တဲ့ နိုင်ငံဖြစ်ကြောင်းသိရှိရပါတယ်။ မြန်မာနိုင်ငံကတော့ ၂၀၀၅ခုနှစ်မှာ ဘိန်းတန်ချိန်၃၁၂တန်ထွက်ရှိပြီး ရာခိုင်နှုန်းအားဖြင့် ခုနစ်ရာခိုင်နှုန်းသာရှိပါတယ်။ အခြားနိုင်ငံများအနေနဲ့ ဘိန်းတန်ချိန်တန် ၂၀၈တန်ထွက်ရှိပြီး ရာခိုင်နှုန်းအားဖြင့် လေးရာခိုင်နှုန်းခန့်သာ ရှိပါတယ်။ ဒီနေရာမှာ မြန်မာနိုင်ငံကိုဒုတိယဘိန်းအများဆုံး ထုတ် လုပ်တဲ့ နိုင်ငံဖြစ်ကြောင်း စွပ်စွဲချက်နဲ့ပတ်သက်ပြီး အများဆုံးထုတ်လုပ်တဲ့ အာဖဂန်နစ္စတန်နိုင်ငံနဲ့ မြန်မာနိုင်ငံကို နှိုင်းယှဉ်ပါက ဘိန်းထွက်ရှိမှု ကွာဟချက်မှာ ၃၇၈၈ တန်ကွာဟပြီး ရာခိုင်နှုန်းအားဖြင့် ၈၂ ရာခိုင်နှုန်း ကွာဟလျက်ရှိပါတယ်။ အဆအားဖြင့် ၁၃ ဆကွာဟလျက်ရှိပါတယ်။ ၂၀၀၆ ခုနှစ်မှာလည်း UNODC ရဲ့ ဘိန်းစိုက်ပျိုးထုတ်လုပ်မှု တိုင်းတာချက်များအရ ၂၀၀၆ ခုနှစ်အတွင်း ဘိန်းဟက်တာ ၂၁၅၀၀ သာစိုက်ပျိုးပြီး ၃၁၅ တန်ထွက်ရှိတာကြောင့် ယမန်နှစ်ကထက်စာရင် ၃၄ ရာခိုင်နှုန်း ကျဆင်းကြောင်း၊ ၁၉၉၈ ခုနှစ်မှာ ဘိန်းဟက်တာ ၁၃၀၀၀၀ စိုက်ပျိုးမှုနှင့် နှိုင်းယှဉ်ကြည့်ရင် ၈၃ ရာခိုင်နှုန်းအထိ ကျဆင်းသွားကြောင်း ဖော်ပြထားပါတယ်။ ဒီလိုကွာဟလွန်းတဲ့ ကိန်းဂဏန်းပေါ်ကို အခြေမတည်ဘဲ ပထမနေရာပြီးရင် ဒုတိယပဲဆိုပြီး မြန်မာနိုင်ငံကို ဒုတိယဘိန်းအများဆုံး ထုတ်လုပ်တဲ့ နိုင်ငံဖြစ်ကြောင်း စွပ်စွဲတာဟာ တစ်ဖက်သတ် အပြစ်ရှာဖိနှိပ်စွပ်စွဲတာပဲ ဖြစ်တယ်လို့ ပြောကြားလိုပါတယ်။

တတိယစွပ်စွဲချက်အနေနဲ့ စိတ်ကြွဆေးပြားထုတ်လုပ်မှုတိုးမြှင့်လာသည်ကို ထိရောက်စွာတားဆီးနှိမ်နင်းမှုမရှိသဖြင့် အိမ်နီးချင်းနှင့် ပတ်ဝန်းကျင်နိုင်ငံများကို စိတ်ကြွဆေးအန္တရာယ်ဖြင့် ခြိမ်းခြောက်လျက်ရှိတယ်လို့ စွပ်စွဲပြန်ပါတယ်။ ကျွန်တော်အစောပိုင်းက တင်ပြခဲ့ပြီးဖြစ်သလို ယခုအခါမှာ စိတ်ကြွဆေးပြားတွေထုတ်လုပ်မှု၊ သုံးစွဲမှုတိုးမြှင့်လာသည့် အန္တရာယ်ရိုက်ခတ်မှုကို ကမ္ဘာ့နိုင်ငံများနည်းတူ မြန်မာနိုင်ငံကလည်း ခံစားခဲ့ရပါတယ်။ စိတ်ကြွဆေးပြားပြဿနာဟာ မြန်မာနိုင်ငံသို့မရောက်မီ ၁၀ စုနှစ်ကတည်းက ဒေသတွင်းနိုင်ငံများဖြစ်တဲ့ ထိုင်း၊ ဖိလစ်ပိုင်၊ ကိုရီးယားနဲ့ ဂျပန်နိုင်ငံတွေမှာ စိတ်ကြွဆေးပြား အမြောက်အမြား ထုတ်လုပ်သုံးစွဲခဲ့တဲ့ ပြဿနာရှိခဲ့ပြီးဖြစ်ပါတယ်။ မြန်မာနိုင်ငံကိုတော့ အိမ်နီးချင်းနိုင်ငံတွေကနေတစ်ဆင့် နောက်ပိုင်းမှ ပျံ့နှံ့ရောက်ရှိလာတဲ့ပြဿနာတစ်ခုသာဖြစ်ပါတယ်။ စိတ်ကြွဆေးပြားများဟာ ဓာတုဗေဒပစ္စည်း (Precursor Chemical)များကိုအခြေခံ၍ ထုတ်လုပ်ရယူတဲ့ မူးယစ်ဆေးဝါးများဖြစ်ပါတယ်။ ဘိန်း၊ ဆေးခြောက်၊ ကိုကင်း စတဲ့ စိုက်ပျိုးပင်တွေကရတဲ့ မူးယစ်ဆေးဝါးနဲ့ မတူပါဘူး။ စက်မှုဖွံ့ဖြိုးဆဲနိုင်ငံဖြစ်တဲ့ မြန်မာနိုင်ငံအနေနဲ့ စိတ်ကြွဆေးပြားများချက်လုပ်ရာမှာ အသုံးပြုတဲ့ Precursor Chemical တွေ ထုတ်လုပ်ခြင်းမရှိဘူးဆိုတာလည်း ဧည့်သည်တော် ကြီးများအားလုံး အသိဖြစ်လို့ ဒီစိတ်ကြွဆေးပြားဟာ မြန်မာနိုင်ငံကအစပြုတယ်ဆိုတဲ့ အချက်ဟာ မှားယွင်းတဲ့ ယူဆချက်တစ်ရပ်သာဖြစ်ကြောင်း တင်ပြလိုပါတယ်။

မြန်မာနိုင်ငံအနေနဲ့ Precursor Chemical ထိန်းချုပ်ရေးဥပဒေကို ပြဋ္ဌာန်း၍ Precursor Chemical များအား စနစ်တကျ ထိန်းချုပ်ကြပ်မတ်သည့်စနစ် ထူထောင်ခဲ့ပြီး ပြည်တွင်းမှာ စနစ်တကျ စိစစ်ကြပ်မတ်မှုတွေ ပြုလုပ်နေတဲ့အပြင် အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံများနဲ့ ပူးပေါင်းပြီး UNODC ရဲ့ MoU စီမံကိန်းများကို လက်တွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် စက်မှုလုပ်ငန်းရှင်များအား ပညာပေးမှုလုပ်ငန်းများ၊ High Risk ဧရိယာ နယ်စပ်ဒေသများမှာ ပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးနေတဲ့အပြင် Pre-Export Notification, PEN လို့ခေါ်တဲ့ ပို့ကုန်ကြိုတင်သတိပေးချက်နဲ့ တရားဝင် တင်သွင်းလာတဲ့ Precursor များ တရားမဝင်လမ်းကြောင်းကို ပြောင်းလဲရောက်ရှိမသွားစေရေးအတွက် ရွှေ့လျားသယ်ဆောင်မှုလမ်းတစ်လျှောက် ကြပ်မတ်သည့် စနစ်များကိုလည်း ကျင့်သုံးထိန်းချုပ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

အိမ်နီးချင်းနိုင်ငံတွေကနေ တစ်ဆင့် ပျံ့နှံ့ရောက်ရှိလာတဲ့ စိတ်ကြွဆေးပြားတွေကို ကျွန်တော်တို့ မြန်မာနိုင်ငံအနေနဲ့ နှစ်စဉ်ဖမ်းဆီးရမိတဲ့ ပမာဏကိုကြည့်ရင် ၁၉၉၆ ခုနှစ်မှာ ၅ဒသမ၄ သန်း၊ ၁၉၉၇ ခုနှစ်မှာ ၅ဒသမ၀၄ သန်း၊ ၁၉၉၈ ခုနှစ်မှာ ၁၆ဒသမ၀၂ သန်း၊ ၁၉၉၉ ခုနှစ်မှာ ၂၈ဒသမ၈၉ သန်း၊ ၂၀၀၀ ပြည့်နှစ်မှာ ၂၆ဒသမ၇၆ သန်း၊ ၂၀၀၁ ခုနှစ်မှာ ၃၂ဒသမ၄၃ သန်း၊ ၂၀၀၂ ခုနှစ်မှာ ၉ဒသမ၃၉သန်း၊ ၂၀၀၃ ခုနှစ်မှာ ၄ဒသမ၀၁ သန်း၊ ၂၀၀၄ ခုနှစ်မှာ ၈ဒသမ၄သန်း၊ ၂၀၀၅ ခုနှစ်မှာ ၃ဒသမ၆သန်းနဲ့ ၂၀၀၆ ခုနှစ်မှာ တာချီလိတ်ခရိုင်တွင် စိတ်ကြွဆေးပြား ၁၅ သန်းနဲ့ ဘိန်းဖြူ၊ ဘိန်းမည်း၊ ဆက်စပ်ပစ္စည်းများ လက်နက်ခဲယမ်းများနဲ့ အခြားသော မူးယစ်မှုခင်းများကိုဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပါတယ်။ ဒါ့ကြောင့်စိတ်ကြွဆေးပြားပြဿနာရယ်လို့ စတင်ဂရုပြုမိလာတဲ့ ၁၉၉၇ ခုနှစ်ကစပြီး ၂၀၀၆ခုနှစ်အထိ ၁၀ စုနှစ် တစ်ခုအတွင်းမှာ စိတ်ကြွဆေးပြားပေါင်း ၁၄၉ ဒသမ ၅၄ သန်း ဖမ်းဆီးနိုင်ခဲ့ခြင်းကြောင့် စိတ်ကြွဆေးတားဆီးနှိမ်နင်းရေးကို ထိရောက်စွာမဆောင်ရွက်ဖူးဆိုတဲ့ စွပ်စွဲချက်ဟာ ယုတ္တိမတန်လို့ ပြောရမှာဖြစ်ပါတယ်။

ဒါ့အပြင် ၁၉၉၈ ခုနှစ်ကနေပြီး ၂၀၀၆ခုနှစ် အောက်တိုဘာလအထိ စိတ်ကြွဆေးပြားထုတ်လုပ်တဲ့စက်တွေ ဖော်ထုတ်ဖမ်းဆီးရမိခဲ့မှုကို လေ့လာကြည့်ပါကလည်း ၁၉၉၈ ခုနှစ်မှာ လေးလုံး၊ ၁၉၉၉ ခုနှစ်မှာ သုံးလုံး၊ ၂၀၀၀ ပြည့်နှစ်မှာ နှစ်လုံး၊ ၂၀၀၁ ခုနှစ်မှာ ငါးလုံး၊ ၂၀၀၂ ခုနှစ်မှာ လေးလုံး၊ ၂၀၀၃ ခုနှစ်မှာ တစ်လုံး၊ ၂၀၀၄ ခုနှစ်မှာ တစ်လုံး၊ ၂၀၀၅ ခုနှစ်မှာ နှစ်လုံး၊ ၂၀၀၆ ခုနှစ်မှာ ခုနစ်လုံးနဲ့ စုစုပေါင်း ၂၉လုံး ဖမ်းဆီးဖော်ထုတ်နိုင်ခဲ့ပြီဖြစ်ပါတယ်။

ဒါ့အပြင် တစ်ဖက်ကလည်း မြန်မာနိုင်ငံမှာ မူးယစ်ဆေးဝါးဈေးနှုန်းတွေ မြင့်တက်လာတာကို နှိုင်းယှဉ်ကြည့်ရင် လွန်ခဲ့တဲ့လေးနှစ်မှာ ဘိန်းဖြူတစ်ကီလိုကို သိန်း ၂၀၀ ရှိပြီး ယခုအချိန်မှာ ဘိန်းဖြူတစ်ကီလိုကို ငွေကျပ်သိန်း ၈၀၀ ရှိပါတယ်။ လွန်ခဲ့တဲ့လေးနှစ်ကာလက စိတ်ကြွဆေးပြား တစ်ပြားကို ၇၀၀ သာရှိပေမယ့် ယခုအချိန်မှာ စိတ်ကြွဆေးပြားတစ်ပြားကို ငွေကျပ် ၄၀၀၀ ကနေ ၅၀၀၀ အထိ မြင့်တက်လာတာကိုတွေ့ရပါတယ်။ အခုလို မူးယစ်ဆေးဝါးဈေးနှုန်းတွေမြင့်တက်လာတာက ဘိန်းစိုက်ပျိုးထုတ်လုပ်မှုတွေ လျော့နည်းကျဆင်းလာပြီး ဘိန်းဖြူတွေရှားပါးလာတဲ့အတွက် ဈေးနှုန်းတွေ မြင့်တက်လာတာကို တွေ့ရမှာဖြစ်ပါတယ်။ စိတ်ကြွဆေးပြားဈေးနှုန်းတွေ မြင့်တက်လာတာကလည်း တားဆီးနှိမ်နင်းရေးအပိုင်းမှာ တင်းတင်းကြပ်ကြပ် တိုးမြှင့်ဖမ်းဆီးဖော်ထုတ်လာတဲ့အတွက် ပစ္စည်းရှားပါးလာပြီး ဈေးနှုန်းတွေ မြင့်တက်လာတာဖြစ်တယ်ဆိုတာကို သုံးသပ်တွေ့ရှိရပါတယ်။

ဒါ့အပြင် စိတ်ကြွစေးပြားထုတ်လုပ်မှုကို ထိရောက်စွာတားဆီးနှိမ်နင်းဖော်ထုတ်နိုင်ဖို့အတွက် မူးယစ်ဗဟိုနဲ့ အမေရိကန်မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေးအဖွဲ့၊ ဩစတြေးလျရဲတပ်ဖွဲ့တို့ပူးပေါင်းပြီး စိတ်ကြွဆေးပြား လျှို့ဝှက်ထုတ်လုပ်သည့်စက်ရုံများ စုံစမ်းဖော်ထုတ်နည်းသင်တန်း (ATS Clandestine Laboratory Investigation Training)ကို ရန်ကုန်မြို့ မူးယစ်ဆေးဝါးပပျောက်ရေးအထိမ်းအမှတ်ပြတိုက်မှာ ၂၀၀၆ ခုနှစ် နိုဝင်ဘာလ ၂ ရက်နေ့မှ ၄ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ပြီး မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေးတပ်ဖွဲ့ဝင်တွေကို စွမ်းရည်မြှင့်တင်ပေးခဲ့ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ နယ်နိမိတ်ချင်းထိစပ်နေတဲ့ အိမ်နီးချင်းနိုင်ငံအားလုံးနှင့် စိတ်ကြွဆေးပြား အန္တရာယ်ကို တားဆီးနှိမ်နင်းဖို့ သတင်းပေါင်းစပ်ညှိနှိုင်းခြင်း၊ တားဆီးခြင်းတွေကို အရှိန်မြှင့်ဆောင်ရွက်လျက်ရှိနေကြသည်လည်းဖြစ်၍ ပတ်ဝန်းကျင်များသို့ ပျံ့နှံ့ရိုက်ခတ်ပြီး ခြိမ်းခြောက်မှုရှိနေတယ်ဆိုတဲ့ စွပ်စွဲချက်ဟာ အခြေအမြစ်မရှိပဲ ဆိုရမှာဖြစ်ပါတယ်။ ဒါ့ကြောင့် ထိရောက်စွာ ဖမ်းဆီးဖော်ထုတ်ရမိမှုများ၊ နည်းပညာဖြည့်တင်းမြှင့်တင်ပေးမှုများဟာ မြန်မာနိုင်ငံက စိတ်ကြွဆေးပြားအပါဝင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်လျက်ရှိကြောင်း အထင်အရှားပြဆိုနေခြင်းဖြစ်တဲ့အတွက် စွပ်စွဲချက်ဟာ အမှန်တရားနဲ့ လုံးဝလွဲချော်နေပါတယ်လို့ဘဲ ပြောလိုပါတယ်။

ယခုတစ်ခါ ဆက်လက်ပြီး မူးယစ်ဆေးဝါးထုတ်လုပ်သယ်ဆောင်ဖြန့်ဖြူးရောင်းဝယ်မှု အဓိကဆောင်ရွက်နေသော 'ဝ' ညီညွတ်ရေးတပ်ကို ထိရောက်စွာ တားဆီးဟန့်တားမှုမရှိဘဲ လျစ်လျူရှုထားကြောင်းနှင့် အမေရိကန်နိုင်ငံတရားရုံးက တရားစွဲဆိုထားသည့် 'ဝ'တိုင်းရင်းသား ခေါင်းဆောင်ရှစ်ဦးအား အရေးယူမှုမရှိကြောင်း စွပ်စွဲမှုနှင့်ပတ်သက်ပြီး ရှင်းလင်းရမယ်ဆိုရင် နိုင်ငံတော်အစိုးရရဲ့ကြိုးပမ်းမှုကြောင့် ၁၉၈၉ ခုနှစ်နောက်ပိုင်းမှာ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း ၁၇ ဖွဲ့ဟာ နိုင်ငံတော်ရဲ့မှန်ကန်တဲ့စေတနာကို သိမြင်လာကြတဲ့အတွက် အကြွင်းမဲ့လက်နက်ချခြင်း၊ လက်နက်နဲ့ငြိမ်းချမ်းရေးလဲလှယ်ခြင်းများ ပြုလုပ်ခဲ့ပြီး မူးယစ်ဆေးဝါးတိုက်ဖျက်ရေးမှာ နိုင်ငံတော်အစိုးရနဲ့ လက်တွဲပြီး ဆောင်ရွက်ခဲ့တာတွေ တွေ့မြင်သိရှိကြပြီး ဖြစ်ပါတယ်။ မိုင်းလားအထူးဒေသ(၄)၊ ကိုးကန့်ဒေသ၊ 'ဝ'အထူးဒေသတွေမှာ တင်ပြပြီးဖြစ်တဲ့အတိုင်း မူးယစ်ဆေးဝါးကင်းမဲ့ဇုန်တွေအဖြစ် ကြေညာနိုင်ခဲ့ပြီး ဘိန်းစိုက်ပျိုးမှုမှာလည်း DNODC, CNC, World Drugs Report တွေရဲ့ ကိန်းဂဏန်းအချက်အလက်များအရ အမှန်တကယ် လျော့နည်းကျဆင်းလာတာကို အထင်အရှားတွေ့ရမှာဖြစ်ပါတယ်။ နိုင်ငံတော်အနေနဲ့ နယ်စပ်ဒေသမှာရှိနေတဲ့ တစ်ချိန်တစ်ခါက လမ်းမှားရောက်ခဲ့တဲ့ ညီနောင်တွေကိုပါ လက်တွဲခေါ်ယူပြီး နိုင်ငံတော်ရဲ့တည်ငြိမ်အေးချမ်း ဖွံ့ဖြိုးတိုးတက်လာပြီဖြစ်တဲ့ ယခုလိုအခြေအနေရောက်အောင် အချိန်များစွာ စွန့်လွှတ်စွန့်စားမှုများစွာနဲ့ ဆောင်ရွက်ခဲ့ရတာဖြစ်ပါတယ်။ ဒါ့အပြင်မြန်မာနိုင်ငံအစိုးရအနေနဲ့ တရားဥပဒေ၏အထက်တွင် မည်သူမျှမရှိစေရ၊ မည်သည့်အဖွဲ့အစည်းပင်ဖြစ်စေ တည်ဆဲဥပဒေများကို ဖောက်ဖျက်ကျူးလွန်လာပါက ဥပဒေနှင့်အညီ အရေးယူကြောင်းကို အတိအလင်းဖော်ပြပြီးဖြစ်သလို ဘိန်းဖြူဘလောက်တုံး ၄၉၆ ကီလို ဖမ်းဆီးရမိမှုမှာ ပါဝင်ပတ်သက်သူ 'ဝ'အထူးဒေသ(၂)မှ တရားခံအိုက်ပန်းနှင့် တပ်ဖွဲ့ဝင် ၄၉ဦးအား ထိရောက်ပြစ်ဒဏ်ချမှတ် အရေးယူခဲ့မှုက ပေါ်လွင်ထင်ရှားနေတာကြောင့် မြန်မာနိုင်ငံအစိုးရဟာ'ဝ'ညီညွတ်ရေးတပ်ဖွဲ့ကို တားဆီးဟန့်တားမှုမရှိဘဲ လျစ်လျူရှုထားတယ်ဆိုတဲ့ စွပ်စွဲချက်မှာ အမှန်တရားကို ဖုံးကွယ်လျက် မျက်ကန်းတောတိုး ပြောဆိုနေခြင်းသာဖြစ်တယ်လို့ ဆိုရမှာဖြစ်ပါတယ်။

ဒါ့အပြင် ဒီစွပ်စွဲချက်တွေဟာ အမေရိကန်နိုင်ငံ အရှေ့ပိုင်းခရိုင်တရားရုံးက စွပ်စွဲဖော်ပြချက်များသာဖြစ်ပြီး ၁၉၈၀ပြည့်နှစ်ဝန်းကျင်က အချက်အလက်ဟောင်းများအပေါ် အခြေတည်ဖော်ပြစွပ်စွဲခဲ့တာဖြစ်ပါတယ်။ ယနေ့အခါမှာ 'ဝ'တပ် ဖွဲ့ဝင်များအနေနဲ့ ဘိန်းကင်းမဲ့ဇုန်ဖြစ်ဖို့ သန္နိဋ္ဌာန်စိတ်နဲ့ ဆောင်ရွက်နေပြီး ၂၀၀၅ခုနှစ် ဇွန်လ ၂၆ ရက်တွင် ဘိန်းကင်းမဲ့ဇုန်ဟု ကြေညာခဲ့ပြီးဖြစ်သလို မည်သူမဆိုလာရောက် လေ့လာကြည့်ရှုနိုင်ပါကြောင်းနဲ့ သူတို့ကို ညှာတာစိတ်နဲ့ နည်းလည်မှုအပြည့်အဝဖြင့် ဝိုင်းဝန်းကူညီပေးကြစေလိုကြောင်း၊ 'ဝ'ခေါင်းဆောင်အပိုင်းက တရားဝင်ပြောကြားခဲ့တယ်ဆိုတာကိုလည်း သတင်းစာဆရာကြီးများနဲ့ ဧည့်သည်တော်ကြီးများ အသိဖြစ်ပါတယ်။ 'ဝ'တပ်ဖွဲ့ဝင်များအနေဖြင့် စွပ်စွဲချက်များသည် ယခင်ကအမှားများပင်ဖြစ်ပြီး ယခုအခါ ပြုပြင်ဆောင်ရွက်နေပြီဖြစ်တယ်လို့ ပြောကြားနေမှုတွေကြောင့် ဝန်ခံပြီးဖြစ်တဲ့ ကိန်းဂဏန်းအဟောင်းတွေမှုတည်ကာ အပြစ်ရှာစွပ်စွဲနေမယ့်အစား ပြောင်းလဲသွားပြီဖြစ်တဲ့ လက်ရှိအခြေအနေကို သိရှိလက်ခံသင့်ပြီး အနာဟောင်းကိုဆွ မှားယွင်းစွပ်စွဲမှုများ မပြုလုပ်သင့်ကြောင်းကိုလည်း အထူးအလေးထား ပြောကြားလိုပါတယ်။

မြန်မာနိုင်ငံကို ၂၀၀၂ခုနှစ်တွင် ငွေကြေးခဝါချမှု တားဆီးသည့်ဥပဒေကို ပြဋ္ဌာန်းပြီးသော်လည်း ထိရောက်စွာ အကောင်အထည်ဖော်မှု မရှိသေးကြောင်း စွပ်စွဲချက်နှင့် ပတ်သက်၍လည်း အလျဉ်းသင့်လို့ ရှင်းပြလိုပါတယ်။ ၁၉၈၈ခုနှစ် ကုလသမဂ္ဂအထွေထွေညီလာခံ အကြိမ်(၂၀)မြောက် အထူးအစည်းအဝေးကြီးမှ အဖွဲ့ဝင်နိုင်ငံများကို ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေကို ရေးဆွဲဆောင်ရွက်ရန် တိုက်တွန်းဆုံးဖြတ်ချက်ချခဲ့ပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံအနေနဲ့ကတော့ အခြေအနေအချိန်အခါလိုက် အာဆီယံနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများနဲ့ နယ်စပ်ဖြတ်ကျော်၍ ကျူးလွန်သော မူးယစ်ဆေးဝါးမှုခင်းများ၊ အရေးကြီးပြစ်မှုများကိုလည်း အရေးယူဆောင်ရွက်ရန် လိုအပ်လာတဲ့အတွက် မြန်မာနိုင်ငံမှာ တရားမဝင်သော နည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့် ပစ္စည်းများကို ထိန်းချုပ်ရေးဥပဒေ Control of Money Laundering Law ကို၂၀၀၂ခုနှစ် ဇွန်လ ၁၇ရက်မှာ ပြဋ္ဌာန်းခဲ့ပါတယ်။ အဲဒီဥပဒေကို အကောင်အထည်ဖော် ဆောင်ရွက်ဖို့အတွက် မြန်မာနိုင်ငံမှာ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဆိုင်ရာ အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းစီမံချက် Implementation Plan on Money Laundering ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါတယ်။

တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများ ထိန်းချုပ်ရေး နည်းဥပဒေကိုတော့ ၂၀၀၃ခုနှစ် ဒီဇင်ဘာလ ၅ရက်နေ့မှာ ပြဋ္ဌာန်းခဲ့ပြီး ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေး ဥပဒေ The Mutual Assistance in Criminal Matters Law ကို ၂၀၀၄ခုနှစ် ဧပြီလ ၂၈ရက်နေ့မှာ ပြဋ္ဌာန်းခဲ့ပါတယ်။ ၂၀၀၄ခုနှစ် အောက်တိုဘာလ ၁၄ရက်နေ့မှာ ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေး နည်းဥပဒေကို ထုတ်ပြန်ခဲ့ပါတယ်။

ဒါ့အပြင် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေနှင့်အညီ ဗဟိုထိန်းချုပ်ရေးအဖွဲ့(Central Control Board)ဖွဲ့စည်းခြင်း၊ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့(Financial Investigation Unit)ဖွဲ့စည်းခြင်း၊ ဗဟိုထိန်းချုပ်ရေးအဖွဲ့မှ လိုအပ်သော အမိန့်ညွှန်ကြားချက်များထုတ်ပြန်ခြင်း၊ ဥပဒေ၊ နည်းဥပဒေများကို လိုအပ်သလို ပြင်ဆင်ဖြည့်စွက်ခြင်း၊ စုံစမ်းစစ်ဆေးရေးအဖွဲ့များဖွဲ့စည်းစစ်ဆေးခြင်း၊ ပဏာမစိစစ်ရေးအဖွဲ့များ ဖွဲ့စည်းစစ်ဆေးခြင်း၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ခြင်း၊ ငွေကြေးဆိုင်ရာ အရေးယူဆောင်ရွက်ရေးအဖွဲ့ Financial Action Task Force, FATF အာရှပစိဖိတ်ဒေသ လေ့လာသုံးသပ်ရေးအဖွဲ့နှင့် မျက်နှာချင်းဆိုင်အစည်းအဝေးများပြုလုပ်၍ ပူးပေါင်းဆောင်ရွက်ခြင်း၊ ပြည်တွင်းပြည်ပ အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများပြုလုပ်၍ စွမ်းရည် တိုးမြှင့်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ သံသယဖြစ်ဖွယ် သတင်းအချက်အလက်များပေးပို့သည့်စနစ် ထူထောင်ခြင်း စသည့် လုပ်ငန်းများကိုလည်း လုပ်ဆောင်လျက်ရှိနေပြီ ဖြစ်ပါတယ်။

နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးအပိုင်းမှာ ထိုင်းနိုင်ငံမှာရှိတဲ့ Anti Money Laundering Office, AMLO နဲ့ ၂၀၀၅ခုနှစ် ဇူလိုင်လ ၃၁ ရက်နေ့မှာ လက်မှတ်ရေးထိုးခဲ့ပါတယ်။ ပြစ်မှုဆိုင်ရာကိစ္စများတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေးစာချုပ် Mutual Legal Assistance in Criminal Matters ကို အာဆီယံနိုင်ငံများနဲ့ ၂၀၀၆ ခုနှစ် ဇန်နဝါရီလ ၁၇ ရက်နေ့မှာ လက်မှတ်ရေးထိုးခဲ့ပါတယ်။

ဒါ့အပြင် ဩစတြေးလျနိုင်ငံ သံသယဖြစ်ဖွယ်ငွေကြေးလွှဲပြောင်းမှု သတင်းပို့ဌာန AUSTRAC မှ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဆိုင်ရာ သင်တန်းများကို အကူအညီပေးပြီး အင်ဒိုနီးရှားနိုင်ငံ ငွေကြေးထောက်လှမ်းရေးအဖွဲ့ Indenesian Financail Trasactions Reports and Analysis Centre, PPATK နှင့်လည်း ၂၀၀၆ခုနှစ် နိုဝင်ဘာလ ၁၄ရက်နေ့မှာ ငွေကြေးခဝါချခြင်းနှင့် အကြမ်းဖက်မှုအား ငွေကြေးထောက်ပံ့ခြင်း တိုက်ဖျက်ရေးဆိုင်ရာ ထောက်လှမ်းရေးသတင်း အချက်အလက်များဖလှယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာကို ဂျကာတာမှာ လက်မှတ်ရေးထိုးခဲ့ကြပြီး ဖြစ်ပါတယ်။

ငွေကြေးဆိုင်ရာ အရေးယူဆောင်ရွက်ရေးအဖွဲ့ Financial Action Task Force, FATF ကလည်း ၂၀၀၁ခုနှစ် ဇွန်လ ၂၁ရက်နေ့မှာ မြန်မာနိုင်ငံအား ပူးပေါင်းဆောင်ရွက်မှုမရှိသော နိုင်ငံနှင့်ဒေသများစာရင်း၊ Non Copperative Countries and Territories, NCCT စာရင်းတွင် ထည့်သွင်းခဲ့ပြီး ၂၀၀၃ခုနှစ် နိုဝင်ဘာလ ၃ရက်နေ့မှာ တန်ပြန်အရေးယူမှု Counter Measures တွေထပ်မံပြုလုပ်ခဲ့ပါတယ်။

မြန်မာနိုင်ငံ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးလုပ်ငန်းများရဲ့ တိုးတက်ဆောင်ရွက်မှုအခြေအနေများကို FATF အာရှပစိဖိတ်ဒေသ လေ့လာသုံးသပ်ရေးအဖွဲ့နှင့် ၂၀၀၄ခုနှစ် မေလမှ ၂၀၀၆ခုနှစ် မေလအထိ မျက်နှာစုံညီ အစည်းအဝေး ခုနစ်ကြိမ်ပြုလုပ်ပြီး ငွေကြေးခဝါချမှုတိုက်ဖျက်ရေးလုပ်ငန်း များကို တိုးမြှင့်နိုင်ရေး အတွက် ပူးပေါင်း ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီလို ဆောင်ရွက်ခဲ့တာကြောင့် ၂၀၀၆ခုနှစ် အောက်တိုဘာလ ၁၃ရက်နေ့မှာတော့ မြန်မာနိုင်ငံကို NCCT စာရင်းကနေ ပယ်ဖျက်ခဲ့ပါတယ်။

ဆက်လက်ပြီးအမေရိကန်နိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာနရဲ့ စွပ်စွဲချက်အရ အာရှဝေဘဏ်နဲ့ မြန်မာမေဖလားဝါးဘဏ်နှစ်ဘဏ်ကို အဖွဲ့ဝင် ရှစ်ဦးပါဝင်သော စုံစမ်းစစ်ဆေးရေးအဖွဲ့နဲ့ ၂၀၀၃ခုနှစ် ဒီဇင်ဘာလ ၅ရက်နေ့မှာစတင်ပြီး ၁၅လကြာ စစ်ဆေးခဲ့ပါတယ်။ အဆိုပါဘဏ်နှစ်ခုမှာ ငွေကြေးခဝါချမှု ကျူးလွန်ထားကြောင်း စုံစမ်းစစ်ဆေးရေးအဖွဲ့မှ သက်သေအထောက်အထား အတိအကျမဖော်ပြနိုင်ခဲ့သော်လည်း ငွေကြေးခဝါချမှု ကျူးလွန်နိုင်သည်ဟု သုံးသပ်ရရှိတဲ့အတွက် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်ပြီးအဖွဲ့ဝင် ငါးဦးပါဝင်သော ပဏာမ စိစစ်ရေးအဖွဲ့နဲ့ ထပ်မံဖွဲ့စည်းစစ်ဆေးခဲ့ပြီး ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနက ၂၀၀၅ ခုနှစ် မတ်လ ၃၁ရက်နေ့မှာ ဘဏ်လုပ်ငန်း လိုင်စင်များ ရုတ်သိမ်းပြီး စာရင်းရှင်းလင်း ဖျက်သိမ်းခဲ့ပါတယ်။ ၂၀၀၅ ခုနှစ် ဩဂုတ်လမှာ လည်း မြန်မာယူနီဗာဆယ်ဘဏ် ဥက္ကဋ္ဌကို ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရအရေးယူခဲ့ပြီး ၂၀၀၂ ခုနှစ်နောက်ပိုင်း ၎င်းပိုင်ဆိုင်တဲ့ ငွေကြေးပစ္စည်းများကို တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများ ထိန်းချုပ်ရေး ဥပဒေနှင့်အညီ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းအရေးယူခဲ့ပါတယ်။

မြန်မာနိုင်ငံရဲ့ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးအကောင်ထည်ဖော်မှု လုပ်ငန်းတွေက ပြည်တွင်းသာမက ပြည်ပအထိပါ တွင်တွင်ကျယ်ကျယ် ထိတွေ့ဆောင်ရွက်လာတာကို အသိအမှတ်ပြုတဲ့အနေနဲ့ ၂၀၀၆ခုနှစ် မတ်လ ၉ရက်နေ့မှာ Asia Pacific Group on Money Laundering APG အဖွဲ့ဝင် နိုင်ငံဖြစ်လာပြီဖြစ်ပါတယ်။

ဒါ့အပြင် ၂၀၀၂ခုနှစ် တရားမဝင်သောနည်းလမ်းဖြင့် ပစ္စည်းများပိုင်ဆိုင်ခြင်း၊ ရောင်းဝယ်ခြင်းကို အရေးယူသည့် ဥပဒေ၊ ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေများ အရလည်း အရေးယူခဲ့တဲ့အတွက် ဒီဖြစ်စဉ်လုပ်ရပ်အချို့ကို ကြည့်ရင်ပဲ မြန်မာနိုင်ငံဟာ ငွေကြေးခဝါချမှုလုပ်ငန်းကို မည်သည့်အချိန်ကမျှ လျစ်လျူရှုထားခြင်းမရှိကြောင်း ပေါ်လွင်နေတာဖြစ်လို့ စွပ်စွဲချက်များ မှန်ကန်ခြင်းမရှိပါကြောင်း ထင်ရှားလှပါတယ်။

တရားရေးအဖွဲ့အစည်းများ တားဆီးနှိမ်နင်းရေးအဖွဲ့အစည်းများနှင့် တပ်မတော် အရာရှိများ၊ အကျင့်ပျက်မသမာမှုများရှိနေသည်ကို ထိရောက်စွာ အရေးယူမှု မရှိကြောင်း၊ စွပ်စွဲချက်လည်းရှိခဲ့ပါတယ်။ဒါနဲ့ပတ်သက်ပြီး ရှင်းလင်းရရင်အမေရိကန်နိုင်ငံ Bureau for International Narcotics and Law Enforcement Affairs က ထုတ်ပြန်တဲ့ Statement of Justification မှာ မြန်မာနိုင်ငံအစိုးရက မူးယစ်ဆေးဝါးအမှုနဲ့ ပတ်သက်ပြီး အကျင့်ပျက်သည့် တပ်မတော်သား ၄၈ ဦးနဲ့ ရဲတပ်ဖွဲ့ဝင် ၂၀၀ကျော်ကို ၁၉၉၅ ခုနှစ်မှ ၂၀၀၃ ခုနှစ်အတွင်းအရေးယူခဲ့ကြောင်း၊ ရဲတပ်ဖွဲ့ဝင် ၂၀၀ ကျော်မှ ၁၃၀ကို ထောင်ဒဏ်ချမှတ်ခဲ့ကြောင်း၊ ၁၆ဦးကိုတာဝန်မှ ရပ်စဲခြင်း၊ ခုနစ်ဦးကို မယူမနေရ အငြိမ်းစားပေးခြင်း၊ ၄၇ ဦးကို ရာထူးလျှော့ချခြင်း စတဲ့ အရေးယူမှုများ ပြုလုပ်ခဲ့ကြောင်းကို စာရင်းဇယားများနဲ့ ဖော်ပြထား တာကိုတွေ့ရပါတယ်။ မြန်မာနိုင်ငံ အစိုးရက နိုင်ငံ့ဝန်ထမ်းများ အကျင့်ပျက်မှု ပြဿနာကို ကိုင်တွယ်ဖြေရှင်းနိုင်ဖို့အတွက် အစိုးရ ဝန်ကြီးဌာနများဟာ အကျင့်ပျက်လာဘ်စားမှုများ ရှိနေပါက တိုင်တန်းနိုင်ကြောင်း တရားဝင် ကြေညာချက်ထုတ်ပြန်ဆောင်ရွက်နေတာကိုလည်း အားလုံးအသိ ဖြစ်ပါတယ်။ ဒါ့ကြောင့် ဖြစ်ရပ်မှန်ကို တိကျစွာ လေ့လာခြင်းမရှိဘဲ ပြောလိုက်ရ၊ စွပ်စွဲလိုက်ရရင်ပြီးရောဆိုတဲ့ သဘောမျိုးနဲ့ ဆောင်ရွက်ခြင်းဟာ အလွန်ပင် မှားယွင်းတဲ့ ဖြစ်ရပ်မျိုးဖြစ်ပါကြောင်း တင်ပြလိုပါတယ်။

မြန်မာနိုင်ငံသို့ လာရောက်ပြီးနောက် UN Security Council သို့ တင်ပြသည့် အစီရင်ခံစာထဲမှာ UNODC အစီရင်ခံစာအရ လွန်ခဲ့သည့်လေးနှစ်အတွင်း မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးပပျောက်ရေး လုပ်ငန်းများမှာ တိုးတက်မှုရှိသည်ကို သတိပြုမိပါကြောင်း၊ UNODC ၏အစီရင်ခံစာအရ ၂၀၀၃ ခုနှစ်မှ ၂၀၀၄ ခုနှစ်အတွင်း ဘိန်းစိုက်ပျိုးမှု ၂၉ ရာခိုင်နှုန်း ကျဆင်းပြီး ၂၀၀၄ ခုနှစ်မှ ၂၀၀၅ ခုနှစ်အတွင်း ၂၆ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊ ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးကင်းရှင်းသည့် ဒေသဖြစ်လာ နိုင်ရေးအတွက် ယခုနှစ်များအတွင်း မြန်မာနိုင်ငံ၌ မူးယစ်ဆေးဝါးထုတ်လုပ်မှုများစွာကို လျှော့ချနိုင်ခဲ့ပါကြောင်း၊ သို့သော်လည်း မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာပေါ်တွင် ဒုတိယဘိန်းအများဆုံးထုတ်လုပ်သည့်နိုင်ငံအဖြစ်ကျန်ရှိနေသေးကြောင်း၊ ဘိန်းစိုက်ဧရိယာရှိ ဘိန်းစိုက်တောင်သူများ၏ အစားထိုးဝင်ငွေရရှိရေး အတွက်အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများ မရှိဘဲ ဘိန်းစိုက်ပျိုးထုတ်လုပ်မှု လျှော့ချရေးမှာရေရှည်တွင် အောင်မြင်မှုမရှိနိုင်ကြောင်းကို ထည့်သွင်းပြောကြားခဲ့ပါတယ်။

စာမျက်နှာ ၁၃ ကော်လံ ၅

30-11 (11) 1 11/30/06, 6:02 PM

# လူကုန်ကူးမှုပြဿနာပေါ်ပေါက်လာခြင်းမှာ အင်အားကြီးနိုင်ငံ၏ တစ်ဖက်သတ်ဆောင်ရွက်မှုကြောင့်ဖြစ် မိသားစုရပ်တည်ရေးခက်ခဲမှုအပေါ် အမြတ်ထုတ်လိုသူတို့လှည့်ဖြားမှု အမျိုးသမီးငယ်အချို့သားကောင်ဖြစ်ခဲ့ တရားခံဘယ်သူဆိုတာ ပြန်ကြည့်ရင် သူတစ်ပါးပြည်တွင်းရေးစွက်ဖက်လိုသည့် အင်အားကြီးနိုင်ငံသာဖြစ်

နေပြည်တော် နိုဝင်ဘာ ၂၉

**နိုင်ငံတော်၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍဆောင်ရွက်ချက်များနှင့်စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲတွင် မြန်မာနိုင်ငံ၏ လူကုန်ကူးမှု တိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၏ ရှင်းလင်းပြောကြားချက်မှာ အောက်ပါအတိုင်းဖြစ်သည်-**

ကျွန်တော့်အနေနဲ့ တစ်ဆက်တစ်စပ်တည်း မြန်မာနိုင်ငံရဲ့ လူကုန်ကူးမှု တိုက်ဖျက်ရေးဆောင်ရွက်ချက်များနဲ့ ပတ်သက်လို့လည်း မမှန်မကန်စွပ်စွဲချက်တွေရှိနေတာကြောင့် ဖြစ်ရပ်မှန်တွေကို ပြန်လည် ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

မျက်မှောက်ခေတ်မှာ လူကုန်ကူးမှုပြဿနာဟာ ကမ္ဘာ့နိုင်ငံအားလုံးကို ကူးစက်ပျံ့နှံ့လျက်ရှိနေပါတယ်။ လူကုန်ကူးမှုဟာ လွန်ခဲ့တဲ့နှစ်ပေါင်း ၂၀၀ ကျော်က ကွယ်ပျောက်ခဲ့တဲ့ ကျွန်စနစ်ပင်ဖြစ်တယ်လို့ နိုင်ငံတကာက သတ်မှတ်ကြပြီး ၁၉၉၀ ပြည့်နှစ်ဝန်းကျင်တွင် ခေတ်သစ်ကျေးကျွန်စနစ်အဖြစ် ပြန်လည် ခေါင်းထောင်ထလာခြင်းဖြစ်တယ်လို့ ဆိုကြပါတယ်။ ဆိုဗီယက်ယူနီယံပြိုကွဲခဲ့တဲ့ကာလ၊ သတင်းအချက်အလက်နဲ့ ဆက်သွယ်ရေးနည်းပညာ တစ်ဟုန်ထိုး တိုးတက်ထွန်းကားလာတဲ့အခြေအနေတို့ဟာ ခေတ်သစ်ကျွန်စနစ်ခေါ် လူကုန်ကူးမှုစနစ်တစ်ရပ် တစ်ဖန်ပေါ်ပေါက်လာစေတဲ့ အချက်တစ်ရပ်ဖြစ်တယ်လို့ သုတေသီများက သုံးသပ်ကြပါတယ်။ အထူးသဖြင့် အရှေ့ဥရောပနိုင်ငံများမှ အမျိုးသမီးများကို အနောက်ဥရောပနိုင်ငံများဆီသို့ လူကုန်ကူးမှုဖြစ်ရပ်များ ကြီးထွားလာခဲ့ရာမှ ကမ္ဘာအနှံ့သို့ တစ်စထက်တစ်စ ကူးစက်ပျံ့နှံ့လာခဲ့တယ်လို့ ဆိုကြပါတယ်။

လူကုန်ကူးမှုဟာ အရင်းအနှီးနည်းပါးပြီး အမြတ်အစွန်းကြီးမားလှတဲ့ စီးပွားရေးလုပ်ငန်းသဖွယ်ဖြစ်လာတဲ့အတွက် ဝိသမလောဘသားများဟာ နိုင်ငံဖြတ်ကျော်ဂိုဏ်းဖွဲ့ ကျူးလွန်မှုများ ပြုလုပ်လာကြပါတယ်။ အခုအခါ ကမ္ဘာကို စိန်ခေါ်နေတဲ့ အကြမ်းဖက်မှု၊ မူးယစ်ဆေးဝါးထုတ်လုပ်ရောင်းဝယ်မှုတို့နဲ့အတူ လူကုန်ကူးမှုဟာလည်း လူ့အသိုင်းအဝိုင်းတစ်ရပ်လုံးကို ခြိမ်းခြောက်လာတဲ့အတွက် ၂၀၀၀ ပြည့်နှစ်မှာ နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းနဲ့ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ နောက်ဆက်တွဲစာချုပ်တို့ကို တညီတညွတ်တည်း ရေးဆွဲပြဋ္ဌာန်းခဲ့ပြီးတော့ နိုင်ငံတကာက ပူးပေါင်းတိုက်ဖျက်ရန် သန္နိဋ္ဌာန်ချမှတ်ဆောင်ရွက်နေတာကို တွေ့ရှိရပါတယ်။

လူကုန်ကူးမှုဟူသမျှဟာ လျှို့ဝှက်ကြံစည်လုပ်ဆောင်တဲ့ မှုခင်းဖြစ်လို့ လူကုန်ကူးခံရသူအရေအတွက်ကို အတိအကျဖော်ထုတ်သိရှိနိုင်ဖို့ အခက်အခဲရှိသော်လည်းပဲ ကမ္ဘာပေါ်မှာ လူပေါင်း ၂၇ သန်းကျော်ဟာ လူကုန်ကူးခံရပြီး နှစ်စဉ် လူဦးရေတစ်သန်းမှ နှစ်သန်းအထိ လူကုန်ကူးခံနေရပါတယ်။ အဲဒီလူကုန်ကူးမှုမှတစ်ဆင့် နှစ်စဉ် အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၅ ထရီလီယံမက ငွေကြေးအကျိုးအမြတ်ရရှိနေကြတယ်လို့လည်း သိရှိရပါတယ်။

အာရှတိုက်မှ တရုတ်၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ ကမ္ဘောဒီးယား၊ အိန္ဒိယ၊ လာအို၊ မြန်မာ၊ နီပေါ၊ ပါကစ္စတန်၊ ဖိလစ်ပိုင်နဲ့ ဗီယက်နမ်နိုင်ငံတို့မှာ ဖြစ်ပွားမှုရှိနေပါတယ်။ အဲဒီဒေသများက လူကုန်ကူးခံရသူများကို အမေရိကန်ပြည်ထောင်စု၊ ဗြိတိန်နှင့် ဂျပန်နိုင်ငံတို့ကို အများဆုံး ဦးတည်ပို့ဆောင်နေကြောင်းနဲ့ မြန်မာနိုင်ငံအပါအဝင် မဲခေါင်ဒေသအတွင်းရှိ နိုင်ငံခြောက်နိုင်ငံမှာ နှစ်စဉ် အမျိုးသမီးနဲ့ ကလေးသုံးသိန်းခန့် လူကုန်ကူးခံနေကြရကြောင်း သိရပါတယ်။ အရှေ့တောင်အာရှနိုင်ငံများရဲ့ လူကုန်ကူးမှုဖြစ်ပွားနှုန်းဟာ အာရှတိုက်တစ်ခုလုံးရဲ့ ၅၄ ရာခိုင်နှုန်းအထိ ဖြစ်ပွားလျက်ရှိသဖြင့် အထူးများပြားတဲ့ဒေသဖြစ်ကြောင်း နိုင်ငံတကာမှ လေ့လာသူများရဲ့ တွေ့ရှိချက်အရ သိရှိရပါတယ်။

ကမ္ဘာပေါ်မှာ ကျွန်တော် စောစောကတင်ပြခဲ့သလို လူကုန်ကူးမှုပြဿနာကို ၁၉၉၀ ပြည့်နှစ်ဝန်းကျင်က စတင်ပြီး ဆန်းစစ်သိရှိလာရာမှ ၂၀၀၀ ပြည့်နှစ်ဝန်းကျင်မှာ ကြီးမားသောပြဿနာတစ်ရပ်အဖြစ် ပေါ်လွင်ထင်ရှားစွာ တွေ့ရှိလာခဲ့ပါတယ်။ မြန်မာနိုင်ငံဟာ အဲဒီအချိန်ကတည်းက လူကုန်ကူးမှုပြဿနာကို သတိပြုမိခဲ့ပြီး ၁၉၉၅ ခုနှစ် ပေကျင်း ကမ္ဘာ့အမျိုးသမီးများညီလာခံအပြီး အမျိုးသမီးများရဲ့ ဘဝလုံခြုံရေးကို ထိပါးလာတဲ့ လူကုန်ကူးမှုကို တားဆီးကာကွယ်ဖို့ စတင်ဆောင်ရွက်ခဲ့ပါတယ်။ ဆောင်ရွက်ချက်ကို အကျဉ်းချုပ်တင်ပြရရင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဦးဆောင်တဲ့ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီကို ၃-၇-၁၉၉၆ ရက်နေ့မှာ ဖွဲ့စည်းခဲ့ပါတယ်။ ကော်မတီဟာ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အမျိုးသမီးများ ဘဝလုံခြုံရေးတို့ကို မူဝါဒချမှတ်အကောင်အထည်ဖော်ခဲ့ပြီး ကော်မတီ၏ အောက်တွင် လုပ်ငန်းကော်မတီများကို ဆက်လက်ဖွဲ့စည်းပြီး အမျိုးသမီးများနှင့် ကလေးသူငယ်များ လူကုန်ကူးမှုမခံရရေးအတွက် တားဆီးကာကွယ်မှုကို အထူးအလေးထားဆောင်ရွက်ခဲ့ပါတယ်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဆောင်သော မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာလုပ်ငန်းကော်မတီကို ၇-၁၀-၁၉၉၆ ရက်နေ့မှာ ဖွဲ့စည်းခဲ့ပြီး ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်တဲ့ လူကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်းကော်မတီကို ၁၇-၇-၂၀၀၂ ရက်နေ့မှာ ဆက်လက်ဖွဲ့စည်းဆောင်ရွက်ခဲ့ပါတယ်။

တစ်ဆက်တည်းတင်ပြလိုတာကတော့ မြန်မာနိုင်ငံဟာ ၁၉၉၇ ခုနှစ်မှ စတင်ပြီး နိုင်ငံတကာမှာ လက်ခံကျင့်သုံးသော Strategyနှင့်အညီ လူကုန်ကူးမှုပြဿနာကို ဘက်စုံထောင့်စုံ (Multi-Sectoral Approach)နဲ့ တားဆီးကာကွယ်နိုင်ဖို့အတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်း (Prevention)၊ ဥပဒေအရ အရေးယူရေးလုပ်ငန်း (Prosecution)၊ အကာအကွယ်ပေးရေးလုပ်ငန်း (Protection)နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း (Rehabilitation and Reintegration)တို့ပါဝင်သော National Plan of Actionကို ရေးဆွဲပြဋ္ဌာန်းပြီး အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ပါတယ်။

၂၀၀၁ ခုနှစ်မှာတော့ လူကုန်ကူးမှုပြဿနာကို ဖြစ်ပေါ်စေတဲ့ အဓိကအကြောင်းရင်းတစ်ရပ်ဖြစ်တဲ့ ပြည်ပသို့ တရားမဝင်သွားရောက်မှုကို တားဆီးကာကွယ်ဖို့အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ဦးဆောင်တဲ့ ဗဟိုကော်မတီနဲ့ အဆင့်ဆင့်သော တိုင်း၊ ခရိုင်၊ မြို့နယ်၊ ကျေးရွာအဖွဲ့များ ဖွဲ့စည်းပြီး တားဆီးကာကွယ်ရေးလုပ်ငန်းတွေကို ဆောင်ရွက်ခဲ့ပါတယ်။ စတင်ဖွဲ့စည်းခဲ့တဲ့ ၂၃-၉-၂၀၀၁ ရက်နေ့က ယခုအချိန်အထိ ၈၆၈၉၉၅ ဦးကို ပညာပေးခြင်း ပြုလုပ်နိုင်ခဲ့ပါတယ်။ ဒါ့အပြင် လူပွဲစား ၁၆၃၈ ဦးကိုလဲ ဥပဒေနဲ့အညီ အရေးယူနိုင်ခဲ့ပါတယ်။

ပြည်ပသို့ တရားမဝင်သွားရောက်ခဲ့ရာက ဘေးဒုက္ခအမျိုးမျိုးနဲ့ ဆုံတွေ့ရပြီး ပြန်လည်ဝင်ရောက်လာသူတွေကို နိုင်ငံတော်အစိုးရအနေနဲ့ တစ်စုံတစ်ရာ အရေးယူမှုမရှိဘဲ အကူအညီပေးနိုင်ဖို့အတွက် လက်ခံရေးစခန်းများ ဖွင့်လှစ်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ မြဝတီ လက်ခံရေးစခန်းကို ၁၈-၂-၂၀၀၂ ရက်နေ့မှာ ဖွင့်လှစ်ခဲ့ပြီး စတင်ဖွင့်လှစ်တဲ့ ၁၈-၂-၂၀၀၂ ရက်နေ့မှ ၃၀-၁၀-၂၀၀၆ ရက်နေ့အထိ ပြည်ပမှာ ဒုက္ခရောက်နေသူ ၂၀၈၈၃ ဦးကို ပြန်လည်လက်ခံပြီး မိဘရပ်ထံပို့ဆောင်ပေးနိုင်ခဲ့ပါတယ်။ ထို့အတူ ပြည်ပနိုင်ငံက ပြန်လည်လွှဲပေးတဲ့ လူကုန်ကူးခံရသူ ၃၀၃ ဦးကိုလဲ ကြိုဆိုလက်ခံခြင်းနဲ့ မိဘအုပ်ထိန်းသူတို့ထံ စနစ်တကျ အပ်နှံပေးခြင်းတို့ကိုလည်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။

မြန်မာနိုင်ငံလူဦးရေရဲ့ ၅၀ ဒသမ ၃ ရာခိုင်နှုန်းဟာ အမျိုးသမီးများဖြစ်ပြီး မြန်မာ့ထုံးတမ်းဓလေ့ ယဉ်ကျေးမှုများက မြန်မာအမျိုးသမီးများကို အမျိုးသားများနဲ့ တန်းတူအခွင့်အရေးပေးထားပါတယ်။ မြန်မာအမျိုးသမီးများရဲ့ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများနဲ့ အမျိုးသမီးများ ဘဝလုံခြုံရေးလုပ်ငန်းတွေကို ဘက်စုံမြှင့်တင်ဆောင်ရွက်ပေးသွားနိုင်ဖို့အတွက် ၂၀၀၃ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့မှာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် (Myamar Women's Affairs Federation-MWAF)ကို ဖွဲ့စည်းခဲ့ပါတယ်။ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဟာ အမျိုးသမီးများနဲ့ ကလေးသူငယ်များကို လူကုန်ကူးခံရမှု လျော့နည်းပပျောက်ရေးအတွက် ကြိုတင်ကာကွယ်ခြင်း၊ တားဆီးခြင်းနဲ့ ကူညီစောင့်ရှောက်ခြင်းလုပ်ငန်းတွေကို ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ကြိုတင်ကာကွယ်မှုအနေနဲ့ လူကုန်ကူးမှုသဘောသဘာဝကို နားလည်သိရှိနိုင်စေဖို့အတွက် အသိပညာ ဖြန့်ဖြူးပေးလျက်ရှိပါတယ်။ တားဆီးခြင်းလုပ်ငန်းတွေကို အကောင်အထည်ဖော်ရာမှာ လေ့ကျင့်ဆွေးနွေး ပညာပေးသင်တန်းတွေပြုလုပ်ပြီး တားဆီးကာကွယ်မှုပြုလုပ်ခြင်း(Counseling)အဖွဲ့များနဲ့ ဆွေးနွေးအကြံပေးခြင်းများ ဆောင်ရွက်လျက်ရှိပါတယ်။ ကူညီစောင့်ရှောက်ရေးကဏ္ဍမှာ လူကုန်ကူးခံရသူတွေကို နောက်တစ်ကြိမ် ထပ်မဖြစ်ပေါ်စေဖို့ အကြံဉာဏ်ပေးခြင်း၊ ပြန်လည်ပြုစုပျိုးထောင်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ မိသားစုထံ စနစ်တကျပြန်လည်အပ်နှံပေးခြင်းတွေကို အစိုးရဌာနများ၊ အခြား လူမှုရေးအသင်းအဖွဲ့များ၊ INGO အဖွဲ့များနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

နိုင်ငံတော်အနေနဲ့ လူကုန်ကူးမှုလုပ်ငန်းစဉ်တွေကို အထူးပြုပြီး တားဆီးနှိမ်နင်းနိုင်ရန် ရည်ရွယ်၍ ဩစတြေးလျနိုင်ငံအစိုးရနဲ့ ချုပ်ဆိုထားတဲ့ ARCPPT (Asia Regional Co-operation to Prevent People Trafficking) စီမံကိန်းနဲ့ ပူးပေါင်းကာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်၊ နိုင်ငံဖြတ်ကျော်မှုခင်းဌာနအောက်ရှိ လူကုန်ကူးမှုတားဆီးကာကွယ်ရေးအထူးအဖွဲ့ (Anti-Trafficking Unit)များကို ၂၀၀၄ ခုနှစ်တွင် ရဲအရာရှိ ၄၀ နဲ့ စတင်ဖွဲ့စည်းထူထောင်ခဲ့ပါတယ်။ အလားတူ မူဆယ်၊ တာချီလိတ်၊ မြဝတီ၊ မော်လမြိုင်၊ ကော့သောင်း၊ ဗန်းမော်၊ ကလေးမြို့နဲ့ ရန်ကုန်၊ မန္တလေးမြို့ စတဲ့ မြန်မာနိုင်ငံတွင်း အဓိကကျတဲ့ မြို့များနဲ့ နယ်စပ်မြို့များအပါအဝင် စုစုပေါင်း ကိုးနေရာမှာ နိုင်ငံတကာ ကျွမ်းကျင်သူများနဲ့ တွဲဖက်လေ့ကျင့်ထားတဲ့ အထူးအဖွဲ့(Task Force)တွေ ဖြန့်ခွဲပြီး လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးလုပ်ငန်း တာဝန်များ ထမ်းဆောင်လျက်ရှိပါတယ်။

၁၇-၇-၂၀၀၂ ရက်နေ့မှ ၃၀-၁၀-၂၀၀၆ ရက်နေ့အထိ အမှု ၇၈၆ မှု အရေးယူနိုင်ခဲ့ပြီး ဒီအမှုမှာ တရားခံ(ကျား) ၈၈၇ ဦး၊ (မ) ၇၅၁ ဦး စုစုပေါင်း တရားခံ ၁၆၃၈ ဦးတို့ကို ဖော်ထုတ်ဖမ်းဆီးအရေးယူခဲ့ပါတယ်။ ပြီးပြတ်မှု ၃၀၈ မှုမှ တရားခံ ၆၁၂ ဦးတို့အနက် ထောင်ဒဏ်တစ်သက်တစ်ကျွန်း သုံးဦး၊ ထောင်ဒဏ် ၁၀ နှစ်အထက် ၁၀၁ ဦး၊ ထောင်ဒဏ်ငါးနှစ်အထက် ၃၅၀ နဲ့ ထောင်ဒဏ်ငါးနှစ်အောက် ၁၅၈ ဦး အသီးသီးပြစ်ဒဏ်ချမှတ်ခဲ့ပြီး ဖြစ်ပါတယ်။ လူပွဲစားများရဲ့ ဖြားယောင်းသွေးဆောင်ခြင်းခံရတဲ့ (ကျား) ၁၉၇၈ ဦး၊ (မ) ၁၈၈၇ ဦး စုစုပေါင်း ၃၈၇၅ ဦးတို့ကို အချိန်မီကယ်တင်နိုင်ခဲ့လို့ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျ ပို့ဆောင်အပ်နှံနိုင်ခဲ့ပါတယ်။ လူကုန်ကူးမှုတားဆီးကာကွယ်ရေးမှာ နိုင်ငံတော်က မည်သည့်အတိုင်းအတာအထိ ဆောင်ရွက်နေတယ်ဆိုတာ သုံးသပ်နိုင်ကြမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ လူကုန်ကူးမှုအား အရေးယူသည့် သီးခြားဥပဒေမရှိသေးတဲ့အတွက် အပြည်ပြည်ဆိုင်ရာစာချုပ်ပါ ပြဋ္ဌာန်းချက်များနဲ့ လိုက်လျောညီထွေမှုရှိတဲ့ သီးခြားဥပဒေပြဋ္ဌာန်းဖို့အတွက် ၂၀၀၄ ခုနှစ် ဇန်နဝါရီလမှ စတင်၍ ဥပဒေမူကြမ်းရေးဆွဲရေးလုပ်ငန်းစဉ်တွေကို ဆောင်ရွက်ခဲ့ပါတယ်။ ၎င်းနောက် ၂၀၀၄ ခုနှစ် စက်တင်ဘာလမှာ နိုင်ငံတကာက ဥပဒေပညာရှင်များကိုပါ ဖိတ်ခေါ်ပြီး ဥပဒေမူကြမ်းလေ့လာစိစစ်ရေးဆွေးနွေးပွဲတစ်ခု ပြုလုပ်ခဲ့ပါတယ်။ ဥပဒေပညာရှင်များရဲ့ အကြံပေးချက်အပေါ်မှာ မြန်မာနိုင်ငံရဲ့ ပကတိအခြေအနေများနဲ့ နှိုင်းယှဉ်သုံးသပ်ပြီး နိုင်ငံတော်နဲ့ လိုက်လျောညီထွေမှုရှိတဲ့ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေကို ၂၀၀၅ ခုနှစ် စက်တင်ဘာလ ၁၃ ရက်နေ့မှာ ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါတယ်။ ဥပဒေပြဋ္ဌာန်းပြီးနောက်ပိုင်း လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေအဖြစ် အမှု ၃၆ မှုမှ တရားခံ ၄၄ ဦးတို့ကို တရားစွဲဆို အရေးယူနိုင်ခဲ့ပါတယ်။ ဥပဒေအရ လူကုန်ကူးသူ တရားခံတွေဟာ ထောင်ဒဏ် တစ်သက် တစ်နည်းပြောရရင်(သေဆုံးသည့်အချိန်အထိ အကျဉ်းထောင်တွင် ပြစ်ဒဏ်ကျခံရန်)ဆိုတဲ့ ကြီးလေးသည့် ပြစ်ဒဏ်ချမှတ်နိုင်သည့်အပြင် ပိုင်ဆိုင်တဲ့ ငွေကြေးပစ္စည်းဥစ္စာတွေကိုပါ သိမ်းဆည်းနိုင်တဲ့ ပြဋ္ဌာန်းချက်ပါရှိတဲ့အတွက် လူကုန်ကူးသူတွေကို ပိုမိုထိရောက်စွာ ဟန့်တားနိုင်ခဲ့တယ်လို့ အသိပေး ပြောကြားလိုပါတယ်။

လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေကို ပြဋ္ဌာန်းပြီးသည့်နောက် ပြဋ္ဌာန်းချက်တွေကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့အတွက် ပြည်ထဲရေးဝန်ကြီး ဦးဆောင်တဲ့ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ (Central Body for Suppression of Trafficking in Persons)ကို ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့မှာ ဖွဲ့စည်းခဲ့ပါတယ်။ ဗဟိုအဖွဲ့အောက်မှာ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနဲ့ လူကုန်ကူးခံရသူတွေကို အကာအကွယ်ပေးရေးလုပ်ငန်းအဖွဲ့၊ ဥပဒေရေးရာနဲ့ တရားစွဲဆိုရေးဆိုင်ရာ လုပ်ငန်းအဖွဲ့၊ လူကုန်ကူးခံရသူတွေကို ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနဲ့ ပြန်လည်ထူထောင်ရေးအဖွဲ့များနှင့် ပြည်နယ်/တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့်ဆင့်သော လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့များကိုလည်း ဖွဲ့စည်းပြီး လူကုန်ကူးမှု ပပျောက်ရေးအတွက် စီမံချက်များ ချမှတ်ပြီး ထိထိရောက်ရောက် ဆောင်ရွက်လျက်ရှိကြောင်း တင်ပြလိုပါတယ်။

မြန်မာနိုင်ငံဟာ လူကုန်ကူးမှုတားဆီးကာကွယ်ရန်အတွက် နိုင်ငံတွင်းမှာ အထက်ပါအတိုင်း ဘက်စုံ အားထုတ်ကြိုးပမ်းစွမ်းဆောင်မှုများသာမက နိုင်ငံတကာနဲ့ ပူးပေါင်းဆောင်ရွက်မှုများကိုလည်း အလေးထား အကောင်အထည်ဖော်လျက်ရှိကြောင်းလည်း တင်ပြလိုပါတယ်။ မြန်မာနိုင်ငံအနေနဲ့ လူကုန်ကူးမှု မှုခင်းများနဲ့ဆက်စပ်တဲ့ အပြည်ပြည်ဆိုင်ရာ စာချုပ်များတွင် ပါဝင်ဆောင်ရွက်လျက်ရှိရာမှာ-

(၁) ကလေးသူငယ်များအခွင့်အရေးဆိုင်ရာကွန်ဗင်းရှင်း
(၂) အမျိုးသမီးများအား နည်းမျိုးစုံနှင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကွန်ဗင်းရှင်း
(၃) အဓမ္မ လုပ်အားစေခိုင်းမှုဆိုင်ရာ ကွန်ဗင်းရှင်း အမှတ်-၂၉
(၄) နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်း
(၅) အမျိုးသမီးနှင့် ကလေးသူငယ်များ အထူးပြုသည့် လူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ နောက်ဆက်တွဲစာချုပ်
(၆) ကုန်းတွင်း၊ ပင်လယ်၊ လေကြောင်းတို့တွင် လူမှောင်ခိုမှုတိုက်ဖျက်ရေးဆိုင်ရာ နောက်ဆက်တွဲစာချုပ်
(၇) အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ကွန်ဗင်းရှင်း
(၈) ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေး စာချုပ်တို့တွင် ပါဝင်၍ နိုင်ငံတကာနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့အပြင် ၂၀၀၃ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက်နေ့မှာ မြန်မာ၊ ထိုင်း၊ ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံတို့ ပါဝင်တဲ့ အာရှဒေသအတွင်း လူကုန်ကူးမှု တားဆီးကာကွယ်ရေးစီမံကိန်း(ARCPPT)နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ပါတယ်။ စီမံကိန်းရဲ့ လုပ်ငန်းအစီအစဉ်အရ ရဲတပ်ဖွဲ့ဝင်တွေကို လေ့ကျင့်ပေးခြင်းများ ပြုလုပ်ခဲ့ရာ ယနေ့အထိ ရဲတပ်ဖွဲ့ဝင်ပေါင်း ၁၀၄ ဦးကို လေ့ကျင့်ပေးခဲ့ပြီး ဖြစ်ပါတယ်။ ဒါ့အပြင် လူကုန်ကူးမှုများပြားသည့် တိုင်းနှင့် မြို့နယ်ကြီးများသို့သွားရောက်ပြီး လူကုန်ကူးမှုဆိုင်ရာ ပညာရေး ဆွေးနွေးခြင်းများကိုလည်း ဆောင်ရွက်ခဲ့ရာ တိုင်းနဲ့ ပြည်နယ် ကိုးခုတွင် (၁၄)ကြိမ် ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။ ၎င်းအပြင် ပြစ်မှုဆိုင်ရာ တရားစီရင်ရေးစနစ် တိုးတက်ခိုင်မာလာစေရေးအတွက် ကျွမ်းကျင်မှုနည်းပညာများပေးခြင်း စသည့် လုပ်ငန်းများနဲ့ စီမံကိန်းဝင်နိုင်ငံများနှင့် ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးလုပ်ငန်းတွေကိုပါ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

ဒါ့အပြင် မြန်မာနိုင်ငံဟာ တရုတ်၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ် စတဲ့ မဲခေါင်မြစ်ဝှမ်းဒေသ နိုင်ငံခြောက်နိုင်ငံမှာ လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်ဖို့အတွက် မဲခေါင်ဒေသအတွင်းရှိ နိုင်ငံများ လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေးဝန်ကြီးအဆင့် အစည်းအဝေး Coordinated Mekong Ministerial Intiative Against Trafficking (COMMIT) ကို ၂၀၀၄ ခုနှစ် အောက်တိုဘာလမှာ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခဲ့ပြီး လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။ ယခုအခါမှာ COMMIT MoU အရ ဒေသဆိုင်ရာ လုပ်ငန်းစီမံကိန်း ရေးဆွဲပြဋ္ဌာန်းခဲ့ပြီး အဖွဲ့ဝင်နိုင်ငံအသီးသီးမှာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိတဲ့အပြင် အခါအားလျော်စွာ ခြောက်နိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်တဲ့ နီးနှောဖလှယ်ပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ စသည်တို့ကို ကျင်းပပြီး သတင်းဖလှယ်ခြင်း၊ အတွေ့အကြုံဖလှယ်ခြင်း၊ အပြန်အလှန် အကူအညီပေးခြင်းတို့ဖြင့် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်များကို မြှင့်တင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်းလည်း တင်ပြလိုပါတယ်။

ဒါ့အပြင် နယ်နိမိတ်ချင်းထိစပ်နေတဲ့ တရုတ်နိုင်ငံနဲ့လည်း မြန်မာ-တရုတ် နှစ်နိုင်ငံ နယ်စပ်ဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးနဲ့ နယ်စပ်ဒေသ အေးချမ်းသာယာမှုတည်ဆောက်ရေး သဘောတူစာချုပ်ကို ၁၅-၁-၂၀၀၅ ရက်နေ့မှာ သဘောတူလက်မှတ်ရေးထိုးခဲ့ပြီးဖြစ်၍ သဘောတူစာချုပ်အရ နှစ်နိုင်ငံ လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးနိုင်ရေးအတွက် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို ၂၀၀၅ ခုနှစ် နိုဝင်ဘာလက ပုဂံမြို့မှာ ပထမအကြိမ်၊ ဒုတိယအကြိမ် အစည်းအဝေးကို ၂၀၀၆ ခုနှစ် နိုဝင်ဘာလအတွင်း တရုတ်နိုင်ငံ ကူမင်းမြို့မှာ ကျင်းပညှိနှိုင်းခဲ့ပြီး ဖြစ်ပါတယ်။

***စာမျက်နှာ ၁၃ ကော်လံ ၁ သို့***

စာမျက်နှာ ၁၂ မှ

ဒါ့အပြင် မြန်မာနိုင်ငံဟာ ASEAN နှင့် BIMSTEC အဖွဲ့ဝင်နိုင်ငံ ဖြစ်တဲ့ အားလျော်စွာ ယင်းအဖွဲ့အစည်းမှ ချမှတ်သောလုပ်ငန်းစဉ်များကိုလည်း အလေးအနက်ထား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိနေပါကြောင်းကို လည်း ပြောကြားလိုပါတယ်။

ကျွန်တော်တို့မြန်မာနိုင်ငံမှာ အထက်ကတင်ပြခဲ့တဲ့အတိုင်း လူကုန်ကူးမှုနဲ့ လူမှောင်ခိုမှု ကာကွယ်တားဆီးရေးလုပ်ငန်းတွေကို အားသွန်ခွန်စိုက်နဲ့ ကြိုးပမ်း ဆောင်ရွက်နေကြရာမှာ ပြည်သူလူထုရဲ့ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးမှုများ ကြောင့် လက်တွေ့နယ်ပယ်မှာ အောင်မြင်မှုများ များစွာရှိခဲ့ပါတယ်။ အောင်မြင်မှု များစွာအနက် ထူးခြားတဲ့ ဖြစ်စဉ်သာဓကအချို့ကို ထုတ်နုတ်တင်ပြရရင်–

လူကုန်ကူးဂိုဏ်းတစ်ဂိုဏ်းကို ၂၀၀၆ ခုနှစ် ဇူလိုင်လအတွင်း ဖော်ထုတ် နိုင်တဲ့ဖြစ်စဉ်ကို တင်ပြလိုပါတယ်။ ၂၀–၇–၂၀၀၆ ရက်နေ့က အိမ်နီးချင်းနိုင်ငံ တစ်နိုင်ငံရဲ့ နယ်စပ်မြို့တစ်မြို့ တည်းခိုခန်းတစ်ခုမှာ မြန်မာအမျိုးသမီးငယ် နှစ်ဦးကို အဓမ္မပိတ်လှောင်ထားကြောင်း တာဝန်သိပြည်သူတစ်ဦးရဲ့ သတင်းပေး ချက်အရ မူဆယ်ခရိုင်ရဲတပ်ဖွဲ့နဲ့ မူဆယ်လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး အထူး အဖွဲ့တို့က တစ်ဖက်နိုင်ငံရဲတပ်ဖွဲ့ရဲ့ အကူအညီနဲ့ ပူးပေါင်းဆောင်ရွက်ခဲ့ရာ ပိတ်လှောင်ခံထားရတဲ့ လူကုန်ကူးခံရသူ မြန်မာအမျိုးသမီးငယ်နှစ်ဦးအား ကယ်တင် နိုင်ခဲ့ပြီး ပိတ်လှောင်ထားသူ တရားခံကျော်မြင့်နဲ့ စိုးစိုးမာဆိုသူတို့နှစ်ဦးကို ဖမ်းဆီးရမိ၍ အရေးယူခဲ့ပါတယ်။

စုံစမ်းဖော်ထုတ်ချက်များအရ အထက်ပါလူကုန်ကူးသူ ကျော်မြင့်နဲ့ စိုးစိုးမာ တို့ဟာ မြန်မာမိန်းကလေးငယ်တွေကို သွေးဆောင်စည်းရုံးပြီး တစ်ဖက်နိုင်ငံသို့ ပို့ဆောင်ရောင်းစားနေသူ လူပွဲစားများဖြစ်ကြောင်း သိရပြီး ကွင်းဆက်တရားခံ များအား နှစ်နိုင်ငံရဲတပ်ဖွဲ့ဝင်ချင်း သတင်းဖလှယ်ညှိနှိုင်း ဆောင်ရွက်ဖော်ထုတ်ခဲ့ရာ ကွင်းဆက်တရားခံများအဖြစ် ပြည်တွင်းတရားခံ ၅၁ ဦး၊ ပြည်ပတရားခံ ၁၃ ဦး၊ ပေါင်း ၆၄ ဦးကိုလည်း ထပ်မံဖော်ထုတ်နိုင်ခဲ့ပါတယ်။

ဤအမှုမှာလည်း ဖမ်းဆီးရမိတဲ့ ဂိုဏ်းခေါင်းဆောင်ကျော်မြင့် ကိုယ်တိုင် ဝန်ခံထွက်ဆိုချက်အရ မြန်မာအမျိုးသမီးငယ် ၉၀ ကျော်ခန့်ကို အိမ်နီးချင်း နိုင်ငံတစ်ခုသို့ ပို့ဆောင်ရောင်းစားခဲ့တယ်လို့ သိရှိရ၍ သက်ဆိုင်ရာနိုင်ငံ ရဲတပ်ဖွဲ့နဲ့ ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ကွင်းဆက်တရားခံပေါင်း ၃၄ ဦး ဖော်ထုတ်ဖမ်း ဆီးနိုင်ခဲ့ပြီး ကျန်တရားခံ ၃၀ကိုလည်း ပူးပေါင်းဖမ်းဆီးရမိရေး ဆောင်ရွက်လျက် ရှိပါတယ်။

ဒါ့အပြင် လူကုန်ကူးသူ ကျော်မြင့်ရဲ့ အမှုမှ တစ်ဖက်နိုင်ငံသုံး လက်ကိုင်ဖုန်း တစ်လုံး၊ မူဆယ်ရီးမဘဏ်မှာ ကျော်မြင့်ရဲ့ဇနီးအမည်နဲ့ အပ်နှံထားတဲ့ ငွေကျပ် ၁၀ သိန်း၊ အလေးချိန် ၂၄ဒသမ၈ ကီလိုရှိ ကျောက်စိမ်းအရိုင်းတုံး တစ်တုံး၊ ၁၁ ကီလိုရှိ ကျောက်စိမ်း အရိုင်းတုံးတစ်တုံး၊ အခြားတရားခံ ဖက်တီး(ခ)ရဲမျိုးထံမှ တစ်ဖက်နိုင်ငံသုံး လက်ကိုင်ဖုန်းနှစ်လုံး၊ ရွှေငါးကျပ်သား၊ ရန်ကုန်မြို့ ဒဂုံတောင် ၇၁ ရပ်ကွက် ဗိုလ်မင်းရောင်လမ်း အမှတ် ၂၂၀၇ ရှိ မြေကွက်တစ်ကွက်၊ ပျော်ဘွယ်တွင် ဖမ်းဆီးရမိသည့် လူစုဆောင်းပေးသူ တရားခံပိုင်ဆိုင်တဲ့ ပျော်ဘွယ် မြို့နယ် မိုးနံ့ကုန်းရွာရှိ နေအိမ်တစ်လုံးတို့ကို လူကုန်ကူးရာတွင်ရရှိသည့် အကျိုးအမြတ်များနဲ့ ဝယ်ယူထားကြောင်း ပေါ်ပေါက်တဲ့အတွက် ဥပဒေအရ ချိပ်ပိတ်သိမ်းဆည်းထားခဲ့ပြီး ဖြစ်ပါတယ်။ ဖော်ထုတ်ရရှိတဲ့ လူပွဲစားတရားခံတွေကို လူကုန်ကူးမှု တားဆီး ကာကွယ်ရေးဥပဒေအရ တရားစွဲတင်ခဲ့ပြီး သီးသန့်တရားရုံး ဖွင့်လှစ်စစ်ဆေးလျက်ရှိကြောင်းလဲ အသိပေးတင်ပြလိုပါတယ်။

တစ်ဆက်တည်းမှာ ရန်ကုန်မြို့ပေါ် ကလေးသူငယ်များလိင်မှုဆိုင်ရာ အလွဲသုံးမှုပြုနေတဲ့ ဂိုဏ်းတစ်ဂိုဏ်းကို ဖော်ထုတ်ဖမ်းဆီးအရေးယူခဲ့မှုကိုလည်း အလျဉ်းသင့်လို့ တင်ပြလိုပါတယ်။ မြန်မာနိုင်ငံအတွင်းရှိ ကလေးသူငယ်များကို လိင်မှုဆိုင်ရာကိစ္စရပ်တွေမှာ အလွဲအသုံးချရန်အတွက် နိုင်ငံခြားသားများဟာ ကမ္ဘာလှည့်ခရီးသည်များအဖြစ် ဝင်ရောက်မှုမရှိကြောင်းကို ၂၀၀၁/၂၀၀၂ ခုနှစ် ခန့်မှစတင်ပြီး သတင်းရရှိခဲ့ပါတယ်။ ကနဦးဖြစ်စဉ်အနေနဲ့ ၂၀၀၃ ခုနှစ် ဒီဇင်ဘာ လမှာ ဩစတြေးလျရဲတပ်ဖွဲ့က သတင်းပေးချက်အရ ဂျာမနီနိုင်ငံသား Mr.Rabler ၃၅ နှစ်အား လှိုင်မြို့နယ် ရွာမဟိုတယ်မှာ ကလေးနှစ်ဦးနဲ့ ပြစ်မှုကျူးလွန်စဉ် မြန်မာနိုင်ငံရဲတပ်ဖွဲ့က ဖော်ထုတ်ဖမ်းဆီး အရေးယူနိုင်ခဲ့ပါတယ်။

ထို့အပြင် ၂၀၀၆ ခုနှစ် နိုဝင်ဘာလဆန်းပိုင်းမှာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ သတင်းတပ်ဖွဲ့ကရရှိသော သတင်းနဲ့ နယ်မြေခံရဲတပ်ဖွဲ့တို့ကရရှိတဲ့ သတင်းများ ဆက်စပ်ဖော်ထုတ်တဲ့အခါ မြန်မာပြည်ကိုဝင်ရောက်လာတဲ့ အချို့သော နိုင်ငံခြား သားများဟာ ကလေးသူငယ်များအပေါ် လိင်မှုဆိုင်ရာ ကိစ္စရပ်များမှာ အလွဲ အသုံးချနိုင်အောင် ပွဲစားသဖွယ် ဆောင်ရွက်ပေးနေတဲ့ အုပ်စု တစ်ခုရှိနေကြောင်း သတင်းရရှိခဲ့တာကြောင့် သတင်းထောက်လှမ်းဖော်ထုတ်ပြီး ကျော်ဇောသည့် လူပွဲစားသုံးဦးကို ၂၀၀၆ခုနှစ် နိုဝင်ဘာလ ၁၃ ရက်နေ့ ၂၃၃၀ အချိန်တွင် ရန်ကုန်တိုင်းရဲတပ်ဖွဲ့နှင့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး အထူးအဖွဲ့တို့မှ စတင်ဖမ်းဆီးရမိပြီး စစ်ဆေးအရေးယူခဲ့ပါတယ်။ ၎င်းတို့ကို စစ်ကြောချက်နဲ့ ကွင်းဆက်သတင်းများအရ ကိုးရက်တာကာလအတွင်း အခြားအမှုနဲ့ အပြစ်ကျဆဲ တရားခံ နှစ်ဦးအပါအဝင် ပွဲစား ၂၀ အား ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပါတယ်။

ဒါ့အပြင် အဆိုပါ ပွဲစားများနဲ့အဆက်အသွယ်ယူပြီး ကလေးသူငယ်များ အပေါ် လိင်မှုဆိုင်ရာပြစ်မှု ကျူးလွန်သူ နိုင်ငံခြားသား ၁၀ ဦးကိုလည်း ဖော်ထုတ် နိုင်ခဲ့ပါတယ်။

ဒီဖြစ်စဉ်မှာ အဓိကကျတဲ့ ပွဲစားဖြစ်သူ ဒလမြို့နေ မြတ်ကိုကို ဘယ်နည်း ဘယ်ပုံ အသုံးချခဲ့တယ်ဆိုတာကို အကျဉ်းမျှတင်ပြလိုပါတယ်။ မြတ်ကိုဟာ ၅–၁၁–၁၉၈၇ ခုနှစ်က မွေးဖွားခဲ့ပြီး မွေးချင်းနှစ်ယောက်အနက် အကြီးဆုံး ဖြစ်ပါတယ်။ သူဟာအသက် ၁၄နှစ်အရွယ်ကစပြီး ဆူးလေဘုရားနဲ့ ဗိုလ်တထောင် ဘုရားအနီးမှာ ပို့စကတ်ရောင်းတဲ့အလုပ်ကို စတင်လုပ်ကိုင်ခဲ့စဉ် ကမ္ဘာလှည့်ခရီး သည်အဖြစ် ရောက်ရှိလာတဲ့ ဂျာမန်လူမျိုး အသက် ၄၇ နှစ်ခန့်ရှိ Dr. Michale Pestoor ဆိုသူနဲ့ စတင်တွေ့ဆုံခဲ့တယ်လို့ ဆိုပါတယ်။ Dr.Michale ဟာ မြတ်ကို၏ မိဘများနဲ့ သွားရောက်တွေ့ဆုံပြီး မြတ်ကိုအား နှုတ်ကတိဖြင့် မွေးစားခဲ့ကြောင်း သိရပါတယ်။ ၂၀၀၃ ခု နှစ်ကုန်ပိုင်းမှာ ကျောက်တံတားမြို့နယ် မဟာဗန္ဓုလလမ်းရှိ FMA ကျောင်းမှာ အင်္ဂလိပ်စာပေစကားသင်ကြားပေးခဲ့ ပါတယ်။ ၎င်းနောက် ဆူးလေဘုရားလမ်းရှိ IEC ကျောင်းကို ပြောင်းရွှေ့ခဲ့ပြီး ၂၀၀၄ ခုနှစ် တစ်နှစ်လုံး အင်္ဂလိပ်စာပေစကား တက်ရောက်သင်ကြားစေခဲ့ပါတယ်။ ၂၀၀၅ ခုနှစ် မတ်လ၊ ဇွန်လနဲ့ ဩဂုတ်လတို့မှာ ထိုင်းနိုင်ငံ ချင်းမိုင်မြို့နှင့် အယုဒ္ဓယမြို့များသို့ Michaleနှင့်အတူ သွားရောက်ခဲ့ပါသည်။ ၂၀၀၅ ခုနှစ်မှာ ဂျာမနီနိုင်ငံ ဘာလင်မြို့သို့ Michale နှင့်အတူ သွားရောက်ခဲ့ပြီးနောက် ၂၀၀၅ ခုနှစ် နိုဝင်ဘာလမှာ စမ်းချောင်းမြို့နယ် ဓမ္မာရုံလမ်းရှိ မ/ ၆၇(က) အခန်းအား သိန်း ၁၉၀ နဲ့ Michale မှ မြတ်ကိုအမည်နဲ့ စာချုပ်စာတမ်းပြုလုပ်ပြီး ဝယ်ယူ ပေးခဲ့ပါတယ်။ ၂၀၀၅ ခုနှစ် နိုဝင်ဘာလတွင် ထိုင်းနိုင်ငံသို့ သုံးလကြာသွားရောက်ပြီး ထိုင်းဘာသာစကားကို သင်ယူ စေခဲ့တယ်လို့ သိရပါတယ်။ Michale သည် မြတ်ကိုအား မွေးစားပြီး Internet အသုံးပြုခြင်းနှင့် အင်္ဂလိပ်စာတို့ကို သင်ယူစေခဲ့ပြီး လူယုံအဖြစ်မွေးစားခဲ့လို့ မြတ်ကိုဟာ ပညာအရည်အချင်း လေးတန်းအောင် အဆင့်သာရှိသော်လည်း Internet ကို ကောင်းစွာ အသုံးပြုနိုင်တဲ့အပြင် အင်္ဂလိပ်၊ ထိုင်းနဲ့ ဂျာမန်စကားများကိုပါ ပြောဆိုတတ်ကြောင်း တွေ့ရပါတယ်။ မြတ်ကိုဟာ Dagon Centre ရှိ Internet Cafe ဆိုင်မှာ Internetအသုံးပြုပြီး ဈေးကွက်ရှာခြင်း၊ နိုင်ငံခြားသားများနဲ့ ဆက်သွယ်ခြင်းများ ပြုလုပ်ခဲ့ပါတယ်။ မြတ်ကိုဟာ သူ့ရဲ့ Website ထဲမှာ ဂျာမနီ၊ အီတလီနဲ့ ထိုင်းနိုင်ငံများသို့ ဆက်သွယ်မှုများ ပြုလုပ်ထားတာကို တွေ့ရှိရပါတယ်။ Michale သည် မြတ်ကိုအား မြန်မာနိုင်ငံအတွင်း သတင်းစုဆောင်းခြင်း၊ သတင်းဖြန့်ချိခြင်း၊ ဈေးကွက်ရှာဖွေခြင်း၊ ပြစ်မှု ကျူးလွန်သူများကို အဆက် အသွယ်ပြုလုပ်ဖို့ တာဝန်ခံအဖြစ် အသုံးပြုခဲ့ကြောင်း တွေ့ရှိရပါတယ်။ မြတ်ကိုဟာ ဒလမြို့က ကျော်ကျော် (ဖမ်းမိတရားခံ)အပါအဝင် ပွဲစား၂၀ခန့်နဲ့ ဆက်သွယ်ပြီး မဟာဗန္ဓုလပန်းခြံတစ်ဝိုက်မှာ အချိန်းအချက်ပြုလုပ်ပြီး မသိနားမလည်တဲ့ ငယ်ရွယ်သူတွေကို နိုင်ငံခြားသားများနှင့် လိင်ကိစ္စအလို့ငှာ ဆောင်ရွက်နိုင်ရန် မြှူဆွယ်ဖြားယောင်း ခေါ်ဆောင်ပြီး ဟိုတယ်အထိလိုက်ပါပို့ဆောင်ကြတယ်လို့ သိရှိရပါတယ်။ Victim ဖြစ်သူ လူငယ်များကို တစ်ကြိမ်လျှင် ကျပ် ၅၀၀၀ မှ ကျပ် ၇၀၀၀ အထိ ပေးပြီး ပွဲစားများက ကျပ် ၅၀၀၀ မှ ကျပ်၁၀၀၀၀အထိရရှိခဲ့ တယ်လို့ သိရပါတယ်။ မြန်မာနိုင်ငံအတွင်းကို တခြားနိုင်ငံတွေဆီကတစ်ဆင့် ကူးစက်ပျံ့လာတဲ့ ကလေးသူငယ်များကို လိင်ကိစ္စအလို့ငှာ အသုံးပြုသူတွေကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ လူကုန်ကူးမှုအဖွဲ့များက ထုတ်ဖော်ခဲ့မှုတွေကို သိသာနိုင်ဖို့ တင်ပြရခြင်း ဖြစ်ပါတယ်။

ဒီနေရာမှာအလျဉ်းသင့်လို့ Child Sex Tourism အကြောင်းကို အနည်း ငယ် တင်ပြလိုပါတယ်။ ယခုအခါကမ္ဘာပေါ်မှာ နှစ်စဉ်ကမ္ဘာလှည့်ခရီးသည် ဦးရေ သန်း ၈၀၀ကျော်ရှိသည့်အနက် အာရှဒေသတွင်၁၅၆သန်းကျော် နှစ်စဉ် ဝင်ရောက်မှုရှိပြီး အာဆီယံ၁၀နိုင်ငံတွင် နှစ်စဉ်၅၁သန်းကျော်ရောက်ရှိကြောင်း သိရှိရပါတယ်။ ထိုနည်းတူစွာ ကလေးသူငယ်လိင်အသုံးချမှုမှာလည်း တစ်နှစ်ထက် တစ်နှစ် ပိုမိုကြီးထွားလာလျက်ရှိရာ နှစ်စဉ်ကလေးသူငယ်တစ်သန်းခန့်မှာ ကျူးလွန်ခြင်း ခံရပါတယ်။ ECPAT (End Child Prostitution. Child Pornography and Child Sex Tourism၊ INGO ရဲ့ လေ့လာ တွေ့ရှိချက်အရ ဗီယက်နမ်၊ သီရိလင်္ကာ၊ ကမ္ဘောဒီးယား၊ ထိုင်း၊ ကော်စတာရီကာ၊ မက္ကစီကို၊ ဘရာဇီးနှင့် အမေရိကန်ပြည်ထောင်စုအပါအဝင် အမေရိကတိုက် အလယ်ပိုင်း ဒေသများမှာကလေးသူငယ်များကို လိင်မှုဆိုင်ရာအသုံးချလိုသူများသည် ကမ္ဘာလှည့် ခရီးသည်အသွင်ဖြင့် ကမ္ဘာအနှံ့သွားလာနေကြကြောင်းနဲ့ ဒီပြစ်မှုမျိုးကျူးလွန်သူ များမှာ အများအားဖြင့် အမေရိကန်လူမျိုးများဖြစ်ပြီး ဂျာမန်၊ ပြင်သစ်၊ ဆွီဒင်၊ ဒိန်းမတ်နဲ့ အင်္ဂလန်နိုင်ငံတို့ပါဝင်ကြတယ်လို့ အဲဒီလေ့လာတွေ့ရှိချက်စာစောင်မှာ ဖော်ပြထားတာကို တွေ့ရှိရပါတယ်။

ကလေးသူငယ်လိင်မှုဆိုင်ရာအလွဲသုံးစားမှုပြဿနာဟာ လူကုန်ကူးမှုတွင် အကျုံးဝင်သောပြဿနာတစ်ရပ်ဖြစ်သဖြင့် မြန်မာနိုင်ငံဟာ အထူးအလေးထားပြီး ဆောင်ရွက်လျက်ရှိပါတယ်။ ၁၉၉၇ခုနှစ်ခန့်ကစပြီး ကလေးသူငယ်များ ကာကွယ် စောင့်ရှောက်ရေးလုပ်ငန်းကို ၁၉၉၃ခုနှစ်ကလေးသူငယ်ဆိုင်ရာ ဥပဒေနှင့်အညီ တားဆီးကာကွယ်လျက်ရှိပါတယ်။ ၂၀၀၆ခုနှစ် ဇွန်လမှာ ရဲတပ်ဖွဲ့ဝင်အရာရှိ ၄၀ပါတဲ့ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအထူးအဖွဲ့ကိုဖွဲ့စည်းပြီး ARCPPT စီမံကိန်းမှ လေ့ကျင့်ပေးခဲ့ပါတယ်။ အလားတူ နယ်စပ်မြို့ကိုးမြို့မှာ Task Force များ ဖွဲ့စည်း၍ ကလေးသူငယ်များကာကွယ်စောင့်ရှောက်ရေးအပါအဝင် လူကုန်ကူးမှုတားဆီးရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၀၁ခုနှစ် ကစပြီး ၂၀၀၆ခုနှစ်အထိ သင်တန်းပေါင်း၁၅ခုဖွင့်လှစ်ပြီး ရဲအရာရှိ၅၄၀ အား လေ့ကျင့်ပေးခဲ့ပြီး သင်တန်းသားရဲအရာရှိများအား တိုင်းနှင့်ပြည်နယ် အသီးသီးတွင် ဖြန့်ခွဲတာဝန်ပေးအပ်ကာ ကမ္ဘာလှည့် ခရီးသည်များအား စောင့်ရှောက်ခြင်း၊ ကမ္ဘာလှည့် ခရီးသည်များရဲ့မှုခင်းဖြစ်ပွားကျူးလွန်မှုများကို စောင့်ကြည့်ကာကွယ် ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။ ကလေးသူငယ် လိင်မှုဆိုင်ရာ အသုံးချမှု ပြဿနာဟာ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းနဲ့ အဓိက နီးနွှယ်လျက်ရှိတဲ့အတွက် မြန်မာနိုင်ငံမှာ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဝန်ကြီးဌာနဟာ ၂၀၀၃ခုနှစ်မှစ၍ ဩစတြေးလျနိုင်ငံအခြေပြု Child Wise Tourism နှင့် ပူးပေါင်း၍ ပညာပေး အလုပ်ရုံဆွေးနွေးပွဲငါးကြိမ်ကျင်းပခဲ့ပြီး အမှုထမ်း၊ အရာထမ်း၂၈၀တို့ အသိပညာ ပေးရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီးလည်းဖြစ်ကြောင်း သိရပါတယ်။ အလားတူ လူကုန်ကူးမှုတားဆီး ကာကွယ်ရေးဗဟိုအဖွဲ့ တာဝန်ယူထားတဲ့ ပြည်ထဲရေးဝန်ကြီး ဌာနအနေနဲ့ကတော့ ၂၀၀၅ခုနှစ်မှစ၍ ဗြိတိသျှမှုခင်းထောက်လှမ်းစုံစမ်းစစ်ဆေး ရေးဌာနနှင့် ပူးပေါင်းပြီး အလုပ်ရုံဆွေးနွေးပွဲ နှစ်ကြိမ်၊ တက်ရောက်သူ ၇၀၊ UNICEF နှင့် ပူးပေါင်း၍ အလုပ်ရုံဆွေးနွေးပွဲ ခြောက်ကြိမ်၊ တက်ရောက်သူ ၄၀၈ဦး တို့အား စွမ်းရည်မြှင့်တင်ပေးခြင်း၊ အသိပညာပေးခြင်းတို့ ဆောင်ရွက် ခဲ့ပါတယ်။

တကယ်တော့ ယခုလိုနိုင်ငံငယ်တွေမှာ လူကုန်ကူးမှုပြဿနာတွေ ဖြစ်ထွန်း ပေါ်ပေါက်လာရခြင်းမှာ ယခုလိုဗိုလ်ကျစိုးမိုးရေးကို ဆောင်ရွက်နေတဲ့ အင်အားကြီး နိုင်ငံရဲ့ မဆင်မခြင်ဆောင်ရွက်မှုနဲ့ နိုင်ငံငယ်တွေအပေါ် အသာစီးရယူ တစ်ဖက် သတ် ဆောင်ရွက်မှုများကြောင့် ဖြစ်ရတယ်လို့ ဆိုရမှာဖြစ်ပါတယ်။

ဥပမာတစ်ခုပြရရင် အဲဒီအနောက် အင်အားကြီးအနေနဲ့ မြန်မာနိုင်ငံကို မဟုတ်မမှန် စွပ်စွဲချက်တွေနဲ့ စွပ်စွဲပြီး စီးပွားရေးပိတ်ဆို့မှုတွေ ပြုလုပ်ခဲ့ပါတယ်။ အဲဒီလိုပိတ်ဆို့မှုကြောင့် ရန်ကုန်တိုင်းအတွင်းမှာရှိတဲ့ အထည်ချုပ်စက်ရုံ ၁၆၀ ခန့်ဟာ ကုန်ကြမ်းတွေပြတ်လပ်၊ ဈေးကွက်တွေပျောက်ကွယ်ပြီး ပိတ်ခဲ့ရသည့် အပြင် စက်ရုံပေါင်း ၄၀ခန့်က အလုပ်သမားများကိုလည်း အင်အားလျှော့ချ ခဲ့ရပါတယ်။ အဲဒီလို သူတို့ရဲ့ မဆင်မခြင်ပိတ်ပင်မှုကြောင့် အဲဒီစက်ရုံများမှ အလုပ်သမားပေါင်း ရှစ်သောင်းကျော်ခန့် အလုပ်လက်မဲ့ဖြစ်ခဲ့ရပြီး စားဝတ် နေရေးကသီလင်တ ဖြစ်ခဲ့ပါတယ်။ အဲဒီအထဲမှာ အမျိုးသမီးအလုပ်သမားပေါင်း ခုနစ်သောင်းကျော်ပါဝင်ခဲ့ပါတယ်။ စက်ရုံအလုပ်ရုံများ ပိတ်လိုက်ရတဲ့အတွက် အလုပ်လက်မဲ့ဖြစ်သွားခဲ့ရတဲ့ သူတို့တစ်တွေဟာမိသားစုစားဝတ်နေရေး ဖြေရှင်း နိုင်ရေး ရပ်တည်ဖို့ခက်ခဲမှုအပေါ်မှာ အမြတ်ထုတ်လိုသူတို့ရဲ့ လှည့်ဖြားမှုကြောင့် အမျိုးသမီးငယ်အချို့ဟာ လူကုန်ကူးမှုရဲ့သားကောင် ဖြစ်ခဲ့ရသည်အထိ အတိဒုက္ခ ရောက်ခဲ့ကြပါတယ်။ ဒါတွေဟာ ဘယ်သူ့တာဝန်၊ ဘယ်သူ့အပြစ်လဲ၊ အဓိက တရားခံဟာ ဘယ်သူတွေလဲဆိုတာကို ပြန်လည်သုံးသပ်ကြည့်မယ်ဆိုရင် သူတစ်ပါးရဲ့ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ပြီး နိုင်လိုမင်းထက်ပြုလုပ်လိုတဲ့ အဲဒီအင်အားကြီးနိုင်ငံရဲ့ အပြစ်သာဖြစ်ပါတယ် ဆိုတာ လက်တွေ့ဖြစ်စဉ်ဖြစ်ရပ်များ အပေါ် မူတည်လို့အရှိတရားအတိုင်း သုံးသပ်နိုင်ကြပါကြောင်း တင်ပြလိုပါတယ်။

ဒါကြောင့် အနောက်အင်အားကြီးနိုင်ငံတစ်ခုက မိမိတို့မြန်မာနိုင်ငံအပေါ် လူကုန်ကူးမှုတိုက်ဖျက်ရာတွင် သူတို့ရဲ့ဖော်ပြချက်စံနှုန်း အနိမ့်ဆုံးသတ်မှတ် ချက်ကို လိုက်နာမှုမရှိတဲ့ အားအနည်းဆုံးနိုင်ငံအဖြစ် တစ်ဖက်သတ်စွပ်စွဲနေ ခြင်းဟာ မှန်ကန်မှုမရှိပါကြောင်းနဲ့ မြန်မာနိုင်ငံသည် လူကုန်ကူးမှု ကာကွယ် တားဆီးခြင်းလုပ်ငန်းတွေမှာ ထိထိရောက်ရောက်ကာကွယ်တားဆီးနိုင်တဲ့ နိုင်ငံ ဖြစ်တယ်ဆိုတာ လက်တွေ့ဖြစ်စဉ်ဖြစ်ရပ် သာဓကတွေအရ သိသာထင်ရှားနေ ပါကြောင်း တင်ပြလိုပါတယ်။

တစ်ဖက်ကလည်း အဲဒီအင်အားကြီးနိုင်ငံဟာ မြန်မာနိုင်ငံရဲ့ လူကုန်ကူးမှု တားဆီးကာကွယ်ရေး အားထုတ်ကြိုးပမ်းစွမ်းဆောင်မှုကို စိတ်ကောင်းစေတနာ မှန်နဲ့ အထောက်အကူပြုရမည့်အစား မှားယွင်းစွပ်စွဲမှုနဲ့ တစ်ဖက်သတ် တားဆီး ပိတ်ဆို့မှုများကြောင့် မြန်မာအမျိုးသမီးငယ်များအား လူကုန်ကူးခံရပြီး သားကောင် ဘဝသို့ တွန်းပို့ခံနေရတဲ့အတွက် စိတ်ရင်းစေတနာအပြည့်နဲ့ ကူညီဆောင်ရွက် ပေးနေတဲ့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကြီးကလည်း အဲဒီအင်အားကြီး နိုင်ငံ ဝန်ကြီးဌာနရဲ့ ယခုနှစ်ဇွန်လမှာ ထုတ်ပြန်တဲ့ လူကုန်ကူးမှု အစီရင်ခံစာပါ အဆင့်(၃) (Tier-3)သတ်မှတ်ခြင်းကို ပြင်းပြင်းထန်ထန် ကန့်ကွက်ကြောင်း ကြေညာခဲ့တယ်ဆိုတာလည်း သတင်းစာဆရာကြီးများအသိပဲ ဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ တင်ပြလိုတာကတော့ ကိုလိုနီလက်သစ်ပြုလိုတဲ့ အင်အား ကြီး နိုင်ငံများနဲ့ အဖျက်အင်အားစုများဟာ နိုင်ငံတော်ရဲ့ မှန်ကန်တဲ့ဆောင်ရွက်ချက် တွေအပေါ် နည်းမျိုးစုံနဲ့ ဟန့်တားနှောင့်ယှက်မှုများရှိနေသော်လည်း မြန်မာနိုင်ငံ အနေနဲ့ လူကုန်ကူးမှုကို မည်သည့်နည်းနှင့်မျှ လက်မခံနိုင်တဲ့အတွက် ပြည်တွင်း အားကို မဏ္ဍိုင်ပြုပြီး ဒေသအတွင်းနိုင်ငံများ၊ နိုင်ငံတကာ လူမှုရေးအဖွဲ့အစည်း များနဲ့ စိတ်တူကိုယ်တူပူးပေါင်းလျက် လူကုန်ကူးမှုအန္တရာယ်ဆိုးကြီး မြန်မာ့ မြေပေါ်က လုံးဝကွယ်ပျောက်သွားသည်အထိ အားထုတ်ကြိုးပမ်းစွမ်းဆောင်လျက် ရှိကြောင်း တင်ပြအပ်ပါတယ်။ ။

စာမျက်နှာ ၁၁ မှ

ဒီအစီရင်ခံစာရဲ့အစပိုင်းမှာ မြန်မာနိုင်ငံရဲ့ မူးယစ်ဆေးဝါးတားဆီး နှိမ်နင်း ရေးလုပ်ငန်းများ အရှိန်အဟုန်နှင့် လုပ်ဆောင်အောင်မြင်နေကြောင်း ဖော်ပြခဲ့တာ တွေ့ရမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ဘိန်းစိုက်ပျိုးထုတ်လုပ်မှုတွေ ကျဆင်း သွားတဲ့အခါ ဘိန်းစိုက်ဒေသမှာရှိတဲ့ နောက်ဆက်တွဲလုပ်ငန်းတွေဖြစ်တဲ့ ဘိန်းစိုက် တောင်သူတွေရဲ့အစားထိုးဝင်ငွေရရှိရေး၊ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနဲ့ လူနေမှု ဘဝမြှင့်တင်ရေးတွေကို ဟန်ချက်ညီညီ ဆောင်ရွက်ပေးမှသာ မူးယစ်ဆေးဝါး စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းတွေ အမှန်တကယ် လျော့နည်းပပျောက်သွားမယ်ဆိုတဲ့ ကိစ္စဟာလည်း နိုင်ငံတော်က ကောင်းစွာ သဘောပေါက်သိရှိတဲ့အတွက် မူးယစ် ဗဟိုနဲ့ဆက်စပ်တဲ့ ဝန်ကြီးဌာနအသီးသီးက အရှိန်တိုးမြှင့် ပူးပေါင်းအကောင် အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

ဥပမာအနေနဲ့ အချို့ကို ထုတ်နုတ်တင်ပြရရင် မူးယစ်ဆေးဝါးပပျောက်ရေး စီမံကိန်းဝင် ပြည်နယ်ဒေသငါးခုအတွင်း ဒေသခံတောင်သူတွေကို ဘိန်းစိုက်ပျိုး ခြင်းမပြုရန် အသိပညာပေးခြင်း၊ ဘိန်းအစားထိုး သီးနှံမျိုးစေ့များ အခမဲ့ဖြန့်ဖြူးခြင်း၊ ဒေသအလိုက်ဖြစ်ထွန်းမည့် မျိုးတိရစ္ဆာန်များဖြန့်ဖြူးခြင်း၊ ဘိန်းမစိုက်တော့တဲ့ တောင်သူတွေအတွက် ဆန်၊ ဆားနဲ့ ရိက္ခာဖြန့်ဖြူးပေးခြင်းတို့ကို ဆောင်ရွက် ပေးလျက် ရှိပါတယ်။

ယခုလက်ရှိအခြေအနေမှာလည်း ဘိန်းစိုက်တောင်သူများအတွက် တရုတ် နိုင်ငံမှ ဆန်တန်ချိန်တစ်သောင်းကိုလှူဒါန်းမည်ဖြစ်ပြီး ‘ဝ’အထူးဒေသ(၂) အတွက် တန် ၄၀၀၀၊ မိုင်းလားအထူးဒေသအတွက် တန်၂၀၀၀၊ ကိုးကန့်အထူးဒေသ(၁) အတွက် တန် ၂၀၀၀၊ ကချင်အထူးဒေသ(၁)အတွက် တန် ၁၀၀၀၊ ကချင်အထူး ဒေသ(၂)အတွက် တန် ၁၀၀၀ကို ခွဲဝေထောက်ပံ့ပေးလျက်ရှိပါတယ်။

၂၀၀၆ ခုနှစ် စက်တင်ဘာလအတွင်းစတင်၍ ‘ဝ’အထူးဒေသ ပန်ဆန်းသို့ ဆန် ၉၈၀ ဒသမ၂၃၄ တန်၊ ကိုးကန့်အထူးဒေသ လောက်ကိုင်သို့ တန် ၅၀၀ ကို ဖြန့်ဝေပြီး ဖြစ်ပါတယ်။ ကချင်အထူးဒေသနှင့် လိုင်စာသို့ ဆန်တန်ချိန် ၁၆၆ တန် ရောက်ရှိနေပြီး ဆက်လက်ဖြန့်ဝေသွားမှာ ဖြစ်ပါတယ်။

နယ်စပ်ဒေသမှာရှိတဲ့ ဘိန်းစိုက်တောင်သူများရဲ့ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေး၊ ဒေသဖွံ့ဖြိုးရေးစတဲ့ နယ်စပ်ဒေသတိုင်းရင်းသားများရဲ့လိုအပ်ချက်များ ကို ဖြည့်ဆည်းပံ့ပိုးပေးရန်အတွက် ၁၉၈၉ ခုနှစ်ကစပြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများ ဖွဲ့စည်းပြီး နှစ်တို၊ နှစ်လတ်၊ နှစ်ရှည်စီမံကိန်းများ ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါတယ်။ ၁၉၈၉–၉၀ ဘဏ္ဍာရေးနှစ်မှ ၂၀၀၆ ခုနှစ် ဇွန်လကုန်အထိ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် သုံးစွဲသည့် ရန်ပုံငွေသည် ငွေကျပ်သန်းပေါင်း ၈၄၇၅၃ ဒသမ ၃၃ သန်း ရှိပြီ ဖြစ်ပါတယ်။

ဒီလိုဆောင်ရွက်ပေးခဲ့မှုကြောင့် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက် သွယ်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးစတဲ့ အခန်းကဏ္ဍတွေမှာ ၁၉၈၈ ခုနှစ်ကနေ ၂၀၀၅ ခုနှစ်အတွင်း သိသာထင်ရှားစွာ ဖွံ့ဖြိုးတိုးတက်လာပြီဆိုတာကို အားလုံး အသိပဲဖြစ်ပါတယ်။ သာဓကတစ်ခုကို တင်ပြရရင် ပညာရေးမှာ ကျောင်းပေါင်း ၃၃၇၄၇ ကနေ ၄၀၅၂၀ ကျောင်း၊ တက္ကသိုလ်ကောလိပ်၂၇ခုကနေ ၆၄ ခု၊ ကျန်းမာရေးကဏ္ဍမှာ ဆေးရုံပေါင်း ၆၃၁ ကနေ ၈၂၀၊ လမ်းပန်း ဆက်သွယ် ရေးအပိုင်းမှာ ကားလမ်းမိုင် ၁၃၆၃၅ မိုင်ကနေ ၁၈၆၄၀ မိုင်၊ ပေ ၁၈၀ အထက် တံတားကြီး ၁၉၈စင်းကနေ ၄၀၃ စင်း၊ စိုက်ပျိုးရေးကဏ္ဍမှာ စိုက်ပျိုးမြေဧက ၂၄ ဒသမ ၈ သန်းကနေ ၂၆ ဒသမ ၆ သန်း၊ ဆည်တာတမံ ၁၃၈ ခုကနေ ၃၁၃ ခုကို တိုးမြှင့် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ဒါတွေဟာ နိုင်ငံတော်ရဲ့ မိမိနိုင်ငံရဲ့ အရင်းအမြစ်ပေါ်မူတည်ပြီး ဘယ်လောက်ထိ ဆောင်ရွက်ပေးနေခဲ့တယ် ဆိုတာကို သိရှိနိုင်အောင် တင်ပြရခြင်းဖြစ်ပါတယ်။

စာမျက်နှာ ၁၄ ကော်လံ ၁

# အရည်အချင်းပြည့်ဝသော ဆရာ ဆရာမများ၊ သင်ရိုးဇယားများ၊ သင်ထောက်ကူပစ္စည်းများဖြင့် သိပ္ပံနှင့်နည်းပညာဆိုင်ရာ ပညာရည်မြင့်မားရေးလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်လျက်ရှိ နိုင်ငံတကာအဆင့်မီ သိပ္ပံနှင့်နည်းပညာ လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်ပေးသွားမည်

နေပြည်တော် နိုဝင်ဘာ ၂၉

**နိုင်ငံတော်၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်စိုး၏ ရှင်းလင်းပြောကြားချက်မှာ အောက်ပါအတိုင်းဖြစ်သည်–**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနဟာ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြစ်တဲ့ အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်နိုင်ရေးအတွက် သိပ္ပံနှင့်နည်းပညာဆိုင်ရာ လူသားအရင်းအမြစ် ပြုစုပျိုးထောင်ခြင်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာမှာ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို တင်ပြသွားမှာဖြစ်ပါတယ်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနကို အမျိုးသားစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန်၊ သဘာဝအရင်းအမြစ်များကို အသုံးပြုပြီး နိုင်ငံ၏စီးပွားရေးတိုးတက်စေရေးနှင့် ချမ်းသာကြွယ်ဝလာစေရေးအတွက် ဆောင်ရွက်ရန်၊ လယ်ယာနှင့်စက်မှုကဏ္ဍများတွင် သုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီး ရရှိသောအချက်အလက်များကို ဖြန့်ဝေခြင်းဖြင့် ကုန်ထုတ်လုပ်မှုတိုးတက်စေရန်၊ နိုင်ငံအတွက် အဆင့်မြင့်သိပ္ပံနှင့်နည်းပညာလုပ်သားများ ပြုစုပျိုးထောင်ပေးရန်နှင့် မွေးထုတ်ပေးရန် စသည့်ရည်ရွယ်ချက်များဖြင့် ၁၉၉၆ခုနှစ် အောက်တိုဘာလ ၂ရက်တွင် စတင်ဖွဲ့စည်းခဲ့ပါတယ်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်မှာ ဦးစီးဌာန ခြောက်ခုရှိပါတယ်။ နည်းပညာနဲ့ ကွန်ပျူတာဘာသာရပ်ဆိုင်ရာ ဘွဲ့သင်တန်းများကို အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနနဲ့ စက်မှုနှင့်သက်မွေးပညာဦးစီးဌာနတို့က တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနအောက်မှာ နည်းပညာတက္ကသိုလ်လေးခု၊ ကွန်ပျူတာတက္ကသိုလ်နှစ်ခု၊ မြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသပညာတက္ကသိုလ် တစ်ခု၊ အစိုးရကွန်ပျူတာကောလိပ်၂၄ခုရှိပြီး စက်မှုနှင့်သက်မွေးပညာဦးစီးဌာန အောက်မှာမူ အစိုးရနည်းပညာကောလိပ် ၂၆ခုနဲ့ အစိုးရစက်မှုလက်မှုသိပ္ပံ ၁၁ခုရှိပါတယ်။

ဝန်ကြီးဌာန စတင်ဖွဲ့စည်းပြီးတဲ့နောက်ပိုင်းမှာ နိုင်ငံသားတိုင်း ခေတ်မီသိပ္ပံနှင့်နည်းပညာရပ်များကို သင်ယူလေ့လာနိုင်စေရေးအတွက် မန္တလေးနည်းပညာတက္ကသိုလ်၊ ပြည်နည်းပညာတက္ကသိုလ်၊ ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်၊ မြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသပညာတက္ကသိုလ်၊ မန္တလေးကွန်ပျူတာတက္ကသိုလ်နှင့် အစိုးရကွန်ပျူတာကောလိပ်၂၄ခု၊ အစိုးရနည်းပညာကောလိပ် ၂၆ခု၊ စက်မှုလက်မှုသိပ္ပံ တစ်ကျောင်းတို့ကို တိုးချဲ့ဖွင့်လှစ်ပေးခဲ့လို့ ယခုအခါ ဝန်ကြီးဌာနအောက်မှာ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံကျောင်းစုစုပေါင်း ၆၈ကျောင်းရှိနေပြီဖြစ်ပါတယ်။



**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးကျော်စိုး ရှင်းလင်းတင်ပြစဉ်။**
(သတင်းစဉ်)

တက္ကသိုလ်များနဲ့ သင်တန်းဌာနများမှာ မူလရှိပြီး သင်တန်းများအပြင် ယခင်က ပြည်တွင်းမှာ ဖွင့်လှစ်နိုင်ခြင်းမရှိခဲ့သေးသော အင်ဂျင်နီယာပါရဂူဘွဲ့၊ အသုံးချသိပ္ပံပါရဂူဘွဲ့၊ ဇီဝနည်းပညာပါရဂူဘွဲ့နှင့် ကွန်ပျူတာပါရဂူဘွဲ့ စသောပါရဂူဘွဲ့သင်တန်းများအပါအဝင် ဘွဲ့လွန်၊ ဘွဲ့ကြို၊ ဒီပလိုမာသင်တန်းများကို ဖွင့်လှစ်နိုင်ခဲ့ပြီ ဖြစ်ပါတယ်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနဟာ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်လျက်ရှိတဲ့ အရည်အချင်းပြည့်ဝသော နည်းပညာနဲ့ ကွန်ပျူတာပညာရှင်များကို အချိန်တိုအတွင်း မွေးထုတ်ပေးလျက်ရှိရာ ၁၉၉၇ခုနှစ် ဇန်နဝါရီလမှ ၂၀၀၆ခုနှစ် နိုဝင်ဘာလအထိ မွေးထုတ်ပေးခဲ့သော ပညာရှင်အရေအတွက်ဟာ ၁၄၉၆၅၁ဦးရှိပြီဖြစ်ပါတယ်။ အရည်အချင်းပြည့်ဝသော ဆရာ၊ဆရာမများကို တက္ကသိုလ်/ကောလိပ်/သိပ္ပံကျောင်းများမှာ တိုးချဲ့ခန့်ထားရာ ၁၉၈၈ခုနှစ်တွင် ၂၆၉ဦးသာရှိခဲ့ရာမှ ၂၀၀၆ခုနှစ်တွင် ပါရဂူဘွဲ့ရ ဆရာ၊ဆရာမ ၃၆၁ဦး အပါအဝင် စုစုပေါင်း ၄၆၈၂ဦးအထိ ရှိနေပြီဖြစ်ပါတယ်။

အဆင့်တိုးမြှင့်ဖွင့်လှစ်သော ကျောင်းများ၊ အသစ်ဖွဲ့စည်းဖွင့်လှစ်သော ကျောင်းများမှာ ကျောင်းသားများကို ပိုမိုလက်ခံသင်ကြားပေးလျက်ရှိရာ ၁၉၈၈ခုနှစ်တွင် ကျောင်းသားဦးရေ ၅၂၂၀ လက်ခံသင်ကြားနိုင်ခဲ့ရာမှ ၂၀၀၆ခုနှစ်တွင် ၅၉၂၁၅ဦးအထိ လက်ခံသင်ကြားပေးနိုင်ပြီဖြစ်ပါတယ်။ ထို့ပြင် တက္ကသိုလ်၊ ကောလိပ်/သိပ္ပံကျောင်းများမှ အင်ဂျင်နီယာနဲ့ ကွန်ပျူတာဆိုင်ရာ ဆရာ၊ဆရာမများနှင့် ကျောင်းသား၊ကျောင်းသူများအား နိုင်ငံခြားပညာသင်စေလွှတ်တက်ရောက်စေလျက်ရှိပါတယ်။ ၁၉၉၇ခုနှစ်မှ ၂၀၀၆ခုနှစ်အတွင်း နိုင်ငံတကာဆွေးနွေးပွဲများ၊ သင်တန်းများနှင့် နိုင်ငံခြားပညာသင် စေလွှတ်ခဲ့သူများမှာ ၂၀၃၄ဦးရှိပြီဖြစ်ပါတယ်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ အင်ဂျင်နီယာနှင့် ကွန်ပျူတာဘာသာရပ်ဆိုင်ရာ ဌာနများကနေ နိုင်ငံတကာဂျာနယ်များ၊ နိုင်ငံတကာစာတမ်းဖတ်ပွဲများတွင် စာတမ်းတင်သွင်းနိုင်မှုမှာ ၂၀၀၀ပြည့်နှစ်မှ ယနေ့အထိ စာတမ်းအရေအတွက် စုစုပေါင်း၄၉၁စောင်ရှိပြီဖြစ်ပါတယ်။ အပြည်ပြည်ဆိုင်ရာကွန်ဖရင့်များကို ကွန်ပျူတာတက္ကသိုလ်က ကြီးမှူး၍ လေးကြိမ်၊ ဂျပန်နိုင်ငံမှ ကြီးမှူး၍ တစ်ကြိမ် စုစုပေါင်းငါးကြိမ်ပြုလုပ်နိုင်ခဲ့ပါတယ်။ အဆိုပါ ကွန်ဖရင့်များမှာ ပြည်တွင်းမှ စာတမ်းပေါင်း ၃၅၁စောင်၊ အိန္ဒိယ၊ ဂျပန်၊ တရုတ်၊ ကိုရီးယား၊ သြစတြေးလျအပါအဝင် နိုင်ငံတကာမှ စာတမ်းပေါင်း ၁၃၇စောင် တင်သွင်းဖတ်ကြားနိုင်ခဲ့ပါတယ်။

နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်မှုဖြင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနဟာ ကွန်ပျူတာတက္ကသိုလ်နှစ်ကျောင်း၊ မြန်မာနိုင်ငံလေကြောင်းနှင့်အာကာသပညာတက္ကသိုလ် တစ်ကျောင်း၊ အစိုးရကွန်ပျူတာကောလိပ်လေးကျောင်း၊ အစိုးရနည်းပညာကောလိပ် ၂၆ကျောင်း၊ အစိုးရစက်မှုလက်မှုသိပ္ပံနှစ်ကျောင်းအပါအဝင် စုစုပေါင်း တက္ကသိုလ်၊ကောလိပ်၊စက်မှုလက်မှုသိပ္ပံ ၃၅ကျောင်းအတွက် စီမံကိန်းတန်ဖိုး ကျပ်သန်းပေါင်း ၄၅၈၇၅ခန့်ရှိသော ပင်မသုံးထပ် စာသင်ဆောင်ကြီးများကို ဆောက်လုပ်ပေးလျက်ရှိပါတယ်။

မြန်မာနိုင်ငံရှိ နည်းပညာတက္ကသိုလ်၊ကောလိပ်များ၊ ကွန်ပျူတာတက္ကသိုလ်၊ ကောလိပ်များနဲ့ စက်မှုလက်မှုသိပ္ပံများကို နိုင်ငံတကာအဆင့်မီလာစေရန် ခေတ်မီအဆင့်မြင့် သုတေသနဆိုင်ရာနှင့် သင်ကြားရေးဆိုင်ရာပစ္စည်းများကို စီမံချက်ချ၍ ဝယ်ယူဖြည့်တင်းပေးလျက်ရှိရာ ၁၉၉၉ခုနှစ်မှ ၂၀၀၆ခုနှစ်အထိ အမေရိကန်ဒေါ်လာ ၁၉သန်းခန့်နှင့် ယူရိုငွေ လေးသန်းခန့်တန်ဖိုးရှိ ခေတ်မီဓာတ်ခွဲခန်းပစ္စည်းများ၊ သင်ထောက်ကူပစ္စည်းများ၊ စက်ပစ္စည်းများကို နိုင်ငံခြားမှဝယ်ယူတင်သွင်း ဖြည့်တင်းပေးခဲ့ပါတယ်။ ထို့အပြင် ပြည်တွင်းမှလည်း တစ်နှစ်လျှင်ပျမ်းမျှ ကျပ်ငွေသန်းပေါင်း ၁၄၀၀တန်ဖိုးရှိ ခေတ်မီဓာတ်ခွဲခန်းပစ္စည်း၊သင်ထောက်ကူပစ္စည်း၊ စက်ပစ္စည်းများကို တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများသို့ ဖြည့်ဆည်းပေးလျက်ရှိပါတယ်။

နည်းပညာကျောင်းသားများ လက်တွေ့လုပ်ဆောင်နိုင်ရန် ခေတ်မီအလုပ်ရုံသုံးစက်ပစ္စည်းများဖြစ်သည့် Computer Numerical Control (CNC) စက်များဖြစ်သော CNC Lathe၊ CNC Milling Machine နှင့် CNC Machining Centre များနဲ့ အခြားအလုပ်ရုံသုံးပစ္စည်းများကိုလည်း ဝယ်ယူဖြည့်တင်းပေးခဲ့ပါတယ်။ CNC စက်များကိုအသုံးပြု၍ သင်ထောက်ကူပစ္စည်းများထုတ်လုပ်ခြင်း၊ သုတေသနအတွက်လိုအပ်သော ပစ္စည်းများထုတ်လုပ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိတဲ့အပြင် Auto CAD နှင့် CNC အသုံးချမှုသင်တန်းများကို ဖွင့်လှစ်ပေးခဲ့ရာ ၂၀၀၂ခုနှစ်မှ ယနေ့အထိ သင်တန်းသား ၈၅၉ဦးကို ပို့ချပေးနိုင်ခဲ့ပြီးဖြစ်ပါတယ်။

မဟာဘွဲ့နှင့် ပါရဂူဘွဲ့သုတေသနလုပ်ငန်းများဆောင်ရွက်ရာမှာ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုသော သုတေသနလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်လျက်ရှိပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးရေး သုတေသနလုပ်ငန်းများအနေဖြင့် သဘာဝမြေသြဇာ၊ ငါးမြေသြဇာနဲ့ ဇီဝမြေသြဇာထုတ်လုပ်ရေး သုတေသန၊ Tissue Culture ပြုလုပ်ခြင်းသုတေသန၊ ဇီဝဓာတ်ငွေ့သုံး ကျေးရွာအိမ်သုံးလျှပ်စစ်မီးရရှိရေးသုတေသန၊ စပါးခွံနဲ့သစ်တိုသစ်စကိုအသုံးပြု၍ ကျေးရွာအိမ်သုံး၊ လုပ်ငန်းသုံးလျှပ်စစ်မီးရရှိရေးသုတေသန၊ Bio-diesal ထုတ်လုပ်ခြင်း သုတေသန၊ လယ်ယာကဏ္ဍအထွေထွေသုံး မြင်းကောင်ရေ၂ရှိ အင်ဂျင်ထုတ်လုပ်ခြင်း သုတေသနလုပ်ငန်းများ စသည်တို့ကို ဆောင်ရွက်လျက်ရှိပါတယ်။

စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေး သုတေသနလုပ်ငန်းများအနေဖြင့် CNC၊ Computer Numerical Control Machine ပုံစံပြုပြင်ခြင်းနှင့် တည်ဆောက်ခြင်း သုတေသနလုပ်ငန်းများ၊ Robot ပုံစံပြုပြင်ခြင်းနှင့် တည်ဆောက်ခြင်း သုတေသန၊ အလတ်စားအင်ဂျင်နှင့် Gear Box များ ပုံစံပြုပြင်ခြင်းနှင့် တည်ဆောက်ခြင်းသုတေသန၊ စက်မှုလုပ်ငန်းသုံး Electronic ပစ္စည်းများ ပုံစံပြုပြင်ခြင်းနှင့် တည်ဆောက်ခြင်းသုတေသနများ၊ Steel သံရည်ကျိုရန်အတွက် Induction Furnace နှင့် Induction Hardening Machine များ၊ ပုံစံပြုပြင်ခြင်းနှင့် တည်ဆောက်ခြင်းသုတေသနလုပ်ငန်းများ စသည်တို့ကို ဆောင်ရွက်လျက်ရှိပါတယ်။

ကွန်ပျူတာတက္ကသိုလ်မှ Natural Language Processing (NLP) သုတေသနလုပ်ငန်းဖြင့် အင်္ဂလိပ်ဘာသာရပ်မှ မြန်မာဘာသာသို့ Myanmar Unicode ကိုအသုံးပြု၍ ပြန်ဆိုခြင်း၊ e-Learning Centres၊ e-Resource Centres၊ e-Library နှင့် Computer Training Centres များကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များ၊ ကောလိပ်များတွင် တပ်ဆင်ခြင်း၊ Electronic Data Broadcasting System နှင့် Video Conferencing System များ အသုံးပြုနိုင်ရေး သုတေသနလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။

ထို့အပြင် အပြည်ပြည်ဆိုင်ရာနဲ့ ပူးပေါင်းဆောင်ရွက်မှုများအနေဖြင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနဟာ တရုတ်၊ အိန္ဒိယ၊ ပါကစ္စတန်၊ ကိုရီးယားသမ္မတနိုင်ငံတို့နဲ့ သိပ္ပံနှင့်နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်များကို လက်မှတ်ရေးထိုး၍ သိပ္ပံနှင့်နည်းပညာဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ ရန်ကုန်နည်းပညာတက္ကသိုလ်နဲ့ ကွန်ပျူတာတက္ကသိုလ်တို့ဟာ နိုင်ငံခြားတက္ကသိုလ်များနဲ့ Memorandum of Understanding (MoU) လက်မှတ်ရေးထိုး၍ သိပ္ပံနှင့်နည်းပညာဆိုင်ရာ သုတေသနလုပ်ငန်းများ၊ ကွန်ပျူတာပညာရပ်ဆိုင်ရာ သင်ကြားရေးနဲ့ သုတေသနလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအနေဖြင့် ပညာရည်မြင့်မားတိုးတက်လာစေရေးအတွက် အရည်အချင်းပြည့်ဝသော ဆရာ၊ဆရာမများဖြစ်လာအောင် ပြုစုပျိုးထောင်ပေးခြင်း၊ ၎င်းဆရာဆရာမများအား အနယ်နယ်အရပ်ရပ်ရှိ ကျောင်းများသို့ သွားရောက်တာဝန်ထမ်းဆောင်စေခြင်းဖြင့် တက္ကသိုလ်၊ ကောလိပ်အသီးသီးတွင် တက်ရောက်သင်ကြားလျက်ရှိသည့် ကျောင်းသားများ၏ ပညာရည်ညီမျှမှုရှိစေခြင်း၊ သင်ထောက်ကူပစ္စည်းများ ဝယ်ယူဖြည့်တင်းပေးခြင်း၊ သုတေသနများလုပ်ဆောင်ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိရာ နည်းပညာ/ကွန်ပျူတာဘွဲ့ရများနဲ့ ကျောင်းသားများရဲ့ ပညာအရည်အချင်းမှာ တိုးတက်မှုများစွာ ရရှိနေပြီဖြစ်ပါတယ်။ ထိုသို့ ပညာရည်တိုးတက်မြင့်မားလာမှုကြောင့် နိုင်ငံတကာဂျာနယ်များတွင် စာတမ်းများ ဖော်ပြပါရှိလာခြင်း၊ အပြည်ပြည်ဆိုင်ရာ စာတမ်းဖတ်ပွဲများတွင် စာတမ်းများ များစွာဖတ်ကြားတင်သွင်းနိုင်ခြင်းဖြစ်ပါတယ်။

နိဂုံးချုပ်အနေဖြင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနဟာ အရည်အချင်းပြည့်ဝသော ဆရာဆရာမများ၊ ခေတ်မီသင်ရိုးဇယားများ၊ သင်ထောက်ကူပစ္စည်းများ၊ သုတေသနလုပ်ငန်းများဖြင့် သိပ္ပံနှင့်နည်းပညာဆိုင်ရာ ပညာရည်မြင့်မားရေးလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်လျက်ရှိပါတယ်။ ဆက်လက်၍လည်း နိုင်ငံတကာအဆင့်မီ သိပ္ပံနှင့်နည်းပညာ လူ့စွမ်းအားအရင်းအမြစ် ပြုစုပျိုးထောင်ရေးလုပ်ငန်းများ၊ သုတေသနဆောင်ရွက်ရေးလုပ်ငန်းများကို ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြခဲ့ပါတယ်။ ။

စာမျက်နှာ ၁၃ မှ

နိုင်ငံတော်အစိုးရအနေနဲ့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်းမှ ညီညွတ်သည့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးရဲ့ စွမ်းအားကိုလက်တွဲရယူကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ မျက်မှောက် မြန်မာနိုင်ငံရဲ့ အခြေအနေဟာ မြန်မာ့သမိုင်းစဉ်တစ်လျှောက်လုံးမှာ မည်သည့်ခေတ်ကာလအခြေအနေ၊ အချိန်အခါနှင့်မျှ မနှိုင်းယှဉ်သာလောက်အောင်ပင် ဘက်စုံထောင့်စုံမှ ဖွံ့ဖြိုးတိုးတက်နေခြင်းနဲ့ ငြိမ်းချမ်းရေးအသီးအပွင့်များကို မျက်ဝါးထင်ထင်မြင်တွေ့ထိခံစားနေကြရပြီ ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရနဲ့ပြည်သူတို့ လက်တွဲညီညီ တည်ဆောက်နေတဲ့ကာလမှာ အနောက်အင်အားကြီး နိုင်ငံတစ်ခုက ဦးဆောင်ပြီး မဟုတ်မမှန် စွပ်စွဲမှုများအပေါ်အခြေခံပြီး ဒေသတွင်း ငြိမ်းချမ်းရေးကို ခြိမ်းခြောက်နေသည်ဟု အကြောင်းပြကာ ကုလသမဂ္ဂမျက်နှာစာမှ အရေးယူရန်ခြိမ်းခြောက်မှု၊ အကျပ်ကိုင်မှုများ ပြုလုပ်နေခြင်းကို မြန်မာနိုင်ငံအစိုးရနဲ့ပြည်သူလူထုက လုံးဝလက်ခံမှာမဟုတ်သလို အမှန်တရားကို လိုလားနှစ်သက်သည့် မိတ်ဆွေနိုင်ငံတွေ၊ အာဆီယံနိုင်ငံတွေနဲ့ အိမ်နီးချင်းနိုင်ငံတွေကလည်း တည်ငြိမ်အေးချမ်းနေတဲ့ မြန်မာနိုင်ငံတော်အား ပြိုကွဲပျက်စီးစေရန် မဟုတ်မမှန်လုပ်ကြံစွပ်စွဲချက်များဖြင့် အလုံးစုံပျက်သုဉ်းရေး ကြိုးပမ်းနေခြင်းကို လက်မခံကြတာ ပေါ်လွင်ထင်ရှားနေပြီ ဖြစ်ပါတယ်။

ယနေ့နိုင်ငံတော်အစိုးရဟာ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်သစ် ထူထောင်ရန်အတွက် လိုအပ်တဲ့အခြေခံကောင်းတွေဖြစ်တဲ့ တရားဥပဒေစိုးမိုးရေးနဲ့ တည်ငြိမ်မှုရရှိရန်၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်နဲ့ ပြည်သူတစ်ရပ်လုံးရဲ့ အသိပညာဗဟုသုတ ပြည့်ဝစေရန်တို့ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိရာ ယခုကာလမှာ တိုးတက်မှုအများအပြား ရရှိနေပြီဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့အရေးဟာ လုံခြုံရေးကောင်စီက ကိုင်တွယ်ဖြေရှင်းရမယ့်ကိစ္စမဟုတ်ဘဲ လုံခြုံရေးကောင်စီကို အသုံးချပြီး ဝင်ရောက်စွက်ဖက်ရန် ကြိုးပမ်းဆောင်ရွက်ခြင်းသည်သာ မြန်မာနိုင်ငံတွင် ရရှိထားပြီးဖြစ်သည့် တည်ငြိမ်မှု၊ အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှု၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုနဲ့ အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်မှု၊ ဒီမိုကရေစီဖော်ဆောင်မှုများကို ပျက်စီးစေပြီး ဒေသတွင်းနှင့် နိုင်ငံတကာငြိမ်းချမ်းရေး၊ လုံခြုံရေးတွေကို ထိခိုက်စေမည့် ခြိမ်းခြောက်မှုတစ်ရပ်သာ ဖြစ်ခြင်းကြောင့် ပြည်သူတစ်ရပ်လုံးအင်အားနဲ့ ဝိုင်းဝန်းဆန့်ကျင်ကန့်ကွက်ကြပါစို့လို့ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ။

# စာပေလောကသားတို့၏ အမျိုးသားရေးတာဝန်

**"ပညာရင့်ညောင်း၊ သူတော်ကောင်းတို့
ကျိုးကြောင်းဟုတ်လှ၊ ထုံးစံပြသား
ဆုံးမစကား၊ ကျေးဇူးများကို
ကြားကြားသရွေ့၊ ရှင်ပျော်မွေ့လျက်
နေ့လည်းမကင်း၊ ညဉ့်လည်းမကွာ
မှတ်သားနာကြပါ။ ။"**

ဟူ၍ အင်းဝခေတ် စာဆိုအကျော်အမော် ရှင်မဟာရဋ္ဌသာရက ဖွဲ့ဆိုညွှန်ပြခဲ့ပါသည်။ သည်ဆောင်းဟေမာန်တွင် မြောက်ပြန်လေညင်းက ဝေ့ဝေ့ဝဲလာနေပြီ။ အေးချမ်းသော ရာသီဖြစ်သည်။ "သဇင်ပွင့်ပြီပဲ၊ ယှဉ်ဝံ့သူမည်သူရှိပါလိမ့်" တော်ဝင်သဇင်တို့ ပွင့်လန်းနေလေပြီ။

မြန်မာအဘိဓာန်၌ စာပေဟူသည်မှာ အကြောင်းအရာ အဖြစ်အပျက်၊ အတွေးအခေါ်တို့ကို ရသမြောက်အောင်၊ သုတပွားအောင် ရေးဖွဲ့ထားသော စာဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုသည်။ စာပေသည် နိုင်ငံနှင့် လူမျိုး၏ ဂုဏ်ဒြပ်ကို ဖော်ဆောင်နိုင်သော စွမ်းအားစုတစ်ရပ်အဖြစ် ထာဝစဉ်တည်တံ့လျက်ရှိနေပါသည်။ စာပေလောက ဟူသည်မှာလည်း တိုင်းပြည်နှင့် လူမျိုးအတွက် အမျိုးသားယဉ်ကျေးမှု နယ်ပယ်ကြီးဖြစ်သည်။ ထို့ကြောင့် စာပေဟူသည် မြန်မာ့လူနေမှုဓလေ့ တည်ဆောက်မှု၊ မြန်မာတို့၏ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ရှိမှု၊ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို တန်ဖိုးထားမှု၊ ပြည်ထောင်စုစိတ်ဓာတ်အခြေခံသော၊ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်များ ဖြစ်ထွန်းမှုတို့ကို ထင်ဟပ်စေသော ကြေးမုံပြင်သဖွယ် ဖြစ်ပါသည်။

ထို့ကြောင့် စာပေသည် ရတနာသိုက်၊ ဘဏ္ဍာတိုက်ပင်ဖြစ်ပါသည်။ စာပေဘဏ္ဍာတိုက်ထဲမှ သမိုင်းကြောင်းများ၊ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဆို၊ က၊ ရေး၊ တီး အတွေးအခေါ် ယဉ်ကျေးမှုများ၊ အတွေးအခေါ်ရင့်ကျက်မှုများစသော အသိဉာဏ်ပညာ ဗဟုသုတများကို အလျှံပယ် ထုတ်ယူရရှိနိုင်ပါသည်။ စာပေဟူသမျှသည် ဖတ်ရှုစရာချည်းပင် ဖြစ်သော်လည်း စာပေမှ အနှစ်သာရထုတ်ယူရာတွင် စာဖတ်သူများ၏အခြေခံဓာတ်ခံများဖြင့် ချင့်ချိန်သုံးသပ်ရမည်ဖြစ်ပါသည်။ ဆရာကြီးဇေယျက "စာပေတွင် မကောင်းသောစာပေ၊ မလှေ့လာအပ်သော စာပေဟူ၍ မရှိ၊ ထိုစာပေမှ ရအပ်သော ဗဟုသုတကိုသာ သုံးအပ်သည်၊ မသုံးအပ်သည်၊ ရှောင်သင့်သည်၊ ဆောင်သင့်သည်တို့ကို ချင့်ချိန်ဝေဖန်ခြင်းသည်သာလျှင် အရေးကြီးသည်ဟု မှတ်အပ်ပါသည်" ဟု ဆိုမိန့်ခဲ့ဖူးသည်။

အသိအလိမ္မာတိုးပွားစေသော စာပေများကိုဖတ်ရှုခြင်းဖြင့် မိမိဘဝ၏ တန်ဖိုးကို တိုးမြှင့်စေသည်ကို သိရှိမှတ်သားကြရပါသည်။ လူ့တန်ဖိုးအစစ်အမှန်သည် ရွှေ၊ ငွေ ဥစ္စာပစ္စည်းများပေါ်တွင် မမှီခိုပါ။ ပညာဂုဏ်၊ စာရိတ္တဂုဏ်၊ တည်ကြည်ရင့်ကျက်မှု ဂုဏ်ပေါ်တွင်သာ မူတည်ပေသည်။ စာပေဖတ်ရှု လေ့လာမှုများလာသောအခါ ဆင်ခြင်တုံတရားများ ရင့်ကျက်လာပါသည်။ တွေးခေါ်ဉာဏ်များ ထက်မြက်လာပါသည်။ လူမှုပေါင်းသင်းဆက်ဆံရေး ပြေပြစ်ချောမွေ့လာပါသည်။ လုပ်ဖော်ကိုင်ဖက်များနှင့်လည်း လိုက်လျောညီထွေဖြစ်၍ ချစ်ခင်နှစ်လိုဖွယ်အသွင်ကို ဆောင်ပါသည်။ စကားအရာတွင် လိမ္မာယဉ်ကျေး၍ လူချစ်လူခင် ပေါစေပါသည်။ မျိုးချစ်စိတ်ဓာတ်များပြန့်ပွားစေ၍ စိတ်ဓာတ်ကြံ့ခိုင်စေပါသည်။ ထို့ကြောင့် လူတိုင်းသည် ဘဝလမ်းကြောင်းမှန်ပေါ်သို့ ရောက်ရှိပြီး လက်ရှိအခြေအနေထက် တိုးတက်မြင့်မားသောဘဝကို ပိုင်ဆိုင်နိုင်စေရန် ပညာရှိတို့၏ အဆုံးအမများကို စာကောင်း၊ ပေကောင်းမှ တစ်ဆင့် လေ့လာသင်ယူမှတ်သားပြီး လက်တွေ့ကျင့်သုံးရန် လိုအပ်ပါသည်။

စာပေတွင် တည်ရှိနေသော လိမ္မာယဉ်ကျေးခြင်း၊ အမြော်အမြင်ကြီးမားခြင်း၊ ရင့်ကျက်တည်ငြိမ်ခြင်း၊ ရဲဝံ့တက်ကြွခြင်း၊ သတ္တိရှိခြင်းစသော ကောင်းမြတ်သည့် ဂုဏ်ဒြပ်များကို မိမိထံသို့ ရောက်ရှိစေရမည်ဖြစ်ပါသည်။ အလိမ္မာစာမှာရှိနေခြင်းမှ အလိမ္မာစာမှာ ရှိစေရန် ကူးပြောင်းတည်ဆောက်ကြရမည် ဖြစ်ပါသည်။

**"ပညာမျက်စိ၊ မြင်မရှိ၍
အသိတရား၊အယူမှားလျက်
စီးပွားမမြော်၊ကျိုးမပေါ်သား"**

ဟူ၍ ရခိုင်သူမြတ်ကလည်း ပညာမျက်စိမရှိပါက လူ့လောက၌ အကျိုးထူးမရှိနိုင်ပုံကို ရှင်းလင်းဖွဲ့ဆို ပြခဲ့ပါသည်။ စာကောင်း၊ပေကောင်းများသည် ဖတ်ရှုရသူတို့၏ ဦးနှောက်မှတစ်ဆင့် ကောင်းမွန်သော အသိတရားများ ပြည့်သိပ်လျက် ထက်မြက်သော လူတော်၊ လူကောင်းအဖြစ်သို့ ရောက်နိုင်ပါသည်။ စာကိုဖတ်ရှုရာ၌ သုတ၊ရသနှစ်မျိုးစလုံးကို မျှတစွာဖတ်သင့်ပါသည်။ သုတစာပေဆိုသည်မှာ စိတ်ကူးဖြင့် ဖွဲ့ဆိုသော၊ ဖန်တည်းသော အကြောင်းအရာမဟုတ်ဘဲ တစ်ကယ်ဖြစ်သော အကြောင်းအရာကို ရေးသားသော စာပေမျိုးဖြစ်ပါသည်။ အသိပေးစာဟူသည်လည်း ခေါ်နိုင်ပါသည်။

သုတစာပေများမှ ဗဟုသုတကြွယ်ဝလာခြင်း တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုထုံးတမ်းစဉ်လာများ၊ စီးပွားရေးအခြေအနေများ၊ ဖြစ်ပျက်နေသော အခြေအနေများ၊ တိုးတက်နေသော နည်းပညာများကိုလည်း ရရှိနိုင်ပါသည်။ မိမိစိတ်ဝင်စားရာ ပညာရပ်များကိုလည်း နှံ့စပ်စွာ သိမြင်ပြီး ခေတ်နှင့် ရင်ပေါင်တန်းနိုင်မည် ဖြစ်ပါသည်။

လွတ်လပ်ပြီးနောက်ပိုင်းမှ ယနေ့ကာလတိုင်အောင် စာပေသမိုင်းကြောင်းကို စိစစ်ကြည့်ရာ အနုစာပေများ၊ ရသစာပေများ ပေါများလာသည်ကို တွေ့ရှိရပါသည်။ ရသစာပေဟူသည်မှာ အနုညာစာပေများတွင် ရသ(၉)ပါး ပါဝင်ဖွဲ့စည်းထားပြီး စာဖတ်သူများကို စွဲလမ်းနှစ်သက်စေကာ အစဉ်အမြဲ ဆွဲဆောင်သိမ်းသွင်းယူနိုင်သော စာမျိုးဖြစ်သည်။ အနုစာပေထဲတွင် ဂုဏ်၊ရသ၊ လင်္ကာတို့ ပါဝင်ကြပါသည်။ ရသ(၉)ပါး၊ ဂုဏ်(၁၀)ပါး၊ အလင်္ကာ(၅)ပါးတို့သည် ရသစာပေများ၏အနှစ်များ ဖြစ်ပါသည်။

ရသ(၉)ပါးမှာ သိင်္ဂါရ ရသ- ချစ်ခြင်းမေတ္တာတရားတို့ကို ဖွဲ့ဆိုခြင်း၊ ဟာသရသ- ရယ်ရွှင်ဖွယ်ဖြစ်အောင်ဖွဲ့ဆိုခြင်း၊ဝီရရသ - ခွဲမာန် သတ္တိရှိခြင်းတို့ကို ရေးသားဖွဲ့ဆိုခြင်း၊ သန္တ ရသ- စိတ်နှလုံးငြိမ်းချမ်း တည်ငြိမ်မှုကို

## တက္ကသိုလ် မြမဉ္ဇူ

ဖွဲ့ဆိုခြင်း၊ ကရုဏာ ရသ-သနားဖွယ်၊ ကြင်နာဖွယ်၊ လွမ်းဖွယ်တို့ကို ရေးသားဖွဲ့ဆိုခြင်း၊ ရုဒ္ဒရသ-မုန်းတီးဖွယ်၊ ကြမ်းတမ်း ခက်ထန် ရိုင်းပျမှုတို့ကို ဖွဲ့ဆိုခြင်း၊ ဝိဘစ္ဆရသ- ရွံရှာစက်ဆုပ်ဖွယ် ရေးသားဖွဲ့ဆိုခြင်း၊ အဗ္ဘုတရသ-အံ့ဩထိတ်လန့်ဖွယ် ရေးသားဖွဲ့ဆိုခြင်းတို့ ဖြစ်ပါသည်။ ခံစားမှု (၉)မျိုး ဟုလည်း ခေါ်ဆိုနိုင်ပါသည်။

ဂုဏ် (၁၀)ပါးမှာ ပသာဒဂုဏ်- ဆိုလိုသည်ကို ရှင်းလင်းပြတ်သားစွာ ရေးသားဖော်ပြခြင်း၊ မဓုရတာဂုဏ်-သာယာနာပျော်ဖွယ် ရေးသားဖော်ပြခြင်း၊ ဩဇဂုဏ်- အကျယ်ကို အကျဉ်း၊ အကျဉ်းကိုအကျယ်ဖြန့်၍ ဖတ်ချင်စဖွယ်ဖြစ်အောင် ရေးသားခြင်း၊ သမတာဂုဏ်- ရှေ့နောက်ညီညွတ်အောင် ရေးသားဖွဲ့ဆိုခြင်း၊ သုခုမာလတာဂုဏ်- နူးညံ့သိမ်မွေ့စွာ ရေးသားဖွဲ့ဆိုခြင်း၊ သိလေသဂုဏ်- ပုဒ်ချင်းနီးစပ်စွာ ဖွဲ့ဆိုခြင်း၊ ဥဒါရတာဂုဏ်- ဥပမာ၊ ဥပမေယျတို့ဖြင့် ဖွဲ့ဆိုရေးသားခြင်း၊ ကန္တိ ဂုဏ်- ဖြစ်ပျက်တတ်သောသဘောထက် လွန်ကဲစွာ ရေးသားဖွဲ့ဆိုခြင်း၊ အတ္တဗျတ္တိဂုဏ်- သဒ္ဒါအနက်ပြည့်စုံစွာ ရေးသားဖွဲ့ဆိုခြင်း၊ သမာဓိဂုဏ်- သက်မဲ့ကို သက်ရှိ၊ သက်ရှိကို သက်မဲ့အဖြစ် တင်စား၍ ရေးသားဖွဲ့ဆိုခြင်းတို့ ဖြစ်ပါသည်။

အလင်္ကာ(၅)ပါးမှာ ဥပမာအလင်္ကာ- နှိုင်းယှဉ်၍ ရေးသားဖော်ပြဖွဲ့ဆိုခြင်း၊ ရူပကအလင်္ကာ- ထပ်တူပြု၍ ရေးသားဖွဲ့ဆိုခြင်း၊ ဝက်ဝုတ္တိအလင်္ကာ- သွယ်ဝိုက်၍ ရေးသားဖွဲ့ဆိုခြင်း၊ အတိသယဝုတ္တိအလင်္ကာ- လွန်ကဲစွာ ရေးသားဖွဲ့ဆိုခြင်း၊ မြည်သံစွဲအလင်္ကာ- အသံကို ဖော်ထုတ်ဖွဲ့ဆိုခြင်းတို့ ဖြစ်ပါသည်။

ခေတ်အဆက်ဆက် မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်လာခြင်းသည် မြန်မာနိုင်ငံနှင့် မြန်မာတို့၏ မျိုးချစ်စိတ်ဓာတ် မြင့်မားမှု၊ တိုင်းချစ်ပြည်ချစ်စိတ် ခိုင်ခိုင်မာမာထားရှိမှုတို့ကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် **"အရင်းစစ်လျှင် အမြစ်မြေက"** ဆိုသကဲ့သို့ မြန်မာစာဖွံ့ဖြိုးတိုးတက်မှု၏ အရင်းအမြစ်သည် မြန်မာတို့၏ ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံသော၊ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ကြောင့်ဟုပင် ဆိုချင်ပါသည်။

ထို့ကြောင့် စာပေတစ်ခုကိုဖန်တီးပြီဆိုလျှင် အမျိုးသားစာပေ၏ ရေသောက်မြစ်များကို မဖြတ်သင့်ပါ။ သဘာဝတရား၏ ကန့်သတ်မှုစည်းကမ်းကြား၌ပင် ဆန်းသစ်တီထွင် ရေးသားရပါသည်။ စာပေအနုပညာဖန်တီးမှုသည် နည်းပညာဆန်းသစ်မှု တစ်ခုသဖွယ်ပင် ဖြစ်ပါသည်။ စာရေးသားမည့် အကြောင်းအရာကောင်းမွန်သလို ရေးသားမှုနည်းပညာသည် ထူးကဲမှု အသွင်သဏ္ဌာန် ဆောင်သင့်ပါသည်။ စာရေးဆရာကြီးကွန်းရက်ဒ် (Conrad) က **"စာရေးရခြင်းသည် သွေးကို မင်ဖျော်ပြီး ရေးရခြင်း"** ဟု ပြောခဲ့ပါသည်။

ခေတ်တစ်ခေတ်တွင် ပေါ်လာသောစာပေများသည် ထိုခေတ်က ဖြစ်ပျက်နေသော အခြေအနေများကို ထင်ဟပ်ဖော်ပြနေပါသည်။ စာရေးဆရာတို့သည် မိမိတို့ရောက်ရှိနေသောအခြေအနေအလိုက် ကိုးကွယ်မှု၊ဆင်ယင်ထုံးဖွဲ့မှု၊ လူမှုရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးတို့ကို သိမြင်သည့်အတိုင်းရေးသားကြပါသည်။ ဓလေ့ထုံးစံများ၊ လက်တွေ့ ဝတ္ထုပစ္စည်းများ၊ လူတို့၏ အကျင့်စာရိတ္တများ၊ ပြည်ပဆက်ဆံရေးစသည့် တိုင်းရေးပြည်ရာအခြေအနေအရပ်ရပ်ကို စာပေရေးသားရန် အခြေခံအကြောင်းအရာများအဖြစ် ခံယူ၍ ရေးသားကြပါသည်။

စာရေးသူတို့၏ ပထမဆုံးထိတွေ့ခံစားရမှုသည် စေတနာဖြစ်ပါသည်။ စာဖတ်သူများသို့ မှန်ကန်သောအသိ၊ ထက်မြက်သောအတွေးအခေါ်၊ စူးရှသောအတွေးအမြင် လက်ရှိဖြစ်ပေါ်နေသော နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုများ အစရှိသည်တို့ကို ဗဟုသုတအဖြစ်လည်းကောင်း၊ မိတ်ဆွေကောင်းကဲ့သို့လည်းကောင်း၊ ခံစားမှုရသများအဖြစ်သို့ လည်းကောင်း ပေးအပ်လိုသော စေတနာပင် ဖြစ်ပါသည်။

ယဉ်ကျေးမှုနှင့် လူနေမှုတို့ရောယှက်ရာမှ အတွေးအခေါ်သစ်၊ ပုံစံသစ်များသည် ပတ်ဝန်းကျင်အသစ်နှင့်အတူ စာပေတွင် ထင်ဟပ်သရုပ်ဖော်ကြပါသည်။ မြန်မာစာပေလောကတွင် ရေရှည်မျှော်မှန်းသော ရည်ရွယ်ချက်တစ်ခုမှာ မြန်မာစာပေပုံရိပ်၏ အနှစ်သာရများကို နိုင်ငံတကာသို့ တင်ပြနိုင်၊ အသိပေးနိုင်သော နိုင်ငံတကာအဆင့်အတန်းမီ မြန်မာ-အင်္ဂလိပ်စာစောင်များ ပေါ်ထွက်လာရေးနှင့် ခိုင်မာရေး၊ အရှည်စွဲမြဲကျန်ရစ်ရေးတို့ပင် ဖြစ်သည်။

ထို့ကြောင့် မြန်မာစာပေ အရေး၊အသား ထိမိတိုးတက်လာခြင်းနှင့်အတူ အင်္ဂလိပ်ဘာသာရပ်ကိုလည်း တိုးတက်လာစေရန် လေ့လာသင့်လှပေသည်။ သို့မှသာ နိုင်ငံတကာအဆင့်အတန်းမီသော မြန်မာစာပေများသည် ကမ္ဘာရှည်သရွေ့ ခိုင်မြဲတည်တံ့နေမည် ဖြစ်ပါသည်။

ဤကဲ့သို့ ပေါက်ရောက်တွင်ကျယ်ရန်မှာ စာပေလောကသားများအတွက် သမိုင်းပေးတာဝန်ပင်ဖြစ်ပါသည်။

ဤကဲ့သို့ ခေတ်နှင့်လျော်ညီသော ဖွံ့ဖြိုးတိုးတက်မှုမျိုး ရရှိစေရန် နိုင်ငံတော်အစိုးရက ဘက်စုံမြှင့်တင်ရေးများ ကြိုးစားဆောင်ရွက်နေသည်ကို မြင်တွေ့ရပါသည်။ ဘက်စုံ ပညာရည်မြှင့်တင်ရေးများ Multimedia Class Room များ၊ Computer System များ၊ English ဘာသာရပ် တိုးတက် ဖွံ့ဖြိုးရေးများ၊ အင်တာနက်များနှင့်တကွ စာပေပညာများကို လွယ်လင့်တကူ ဖတ်ရှုလေ့လာနိုင်ရန် နိုင်ငံလုံးကျွတ် ကျေးရွာတိုင်း၌ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို ထူထောင်စေခဲ့သည်။ ယခုအခါ မြန်မာနိုင်ငံတစ်ဝန်းတွင် ကျေးလက်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ပေါင်း ၅၄၇၀၀ ကျော် ဖွင့်လှစ်နိုင်ခဲ့ပြီ ဖြစ်ပါသည်။

ယခုရာသီသည် စာဆိုတော်ရာသီဖြစ်ပါသည်။ နိုင်ငံလုံးကျွတ် စာပေဂုဏ်ပြုပွဲများ၊ ဟောပြောပွဲများ၊ စာစီစာကုံးပြိုင်ပွဲများ၊ ကဗျာရွတ်ပြိုင်ပွဲများ၊ စာပေပညာရှင် သက်ကြီးပူဇော်ပွဲများ ခြိမ့်ခြိမ့်သဲသဲ ကျင်းပလေ့ရှိသည်။ နိုင်ငံတော်အတွင်းရှိ လူဦးရေ ၇၀ရာခိုင်နှုန်းကျော် နေထိုင်သော ကျေးလက်ဒေသများတွင် စာကြည့်တိုက်များ ဖွင့်လှစ်ဖတ်ရှု လေ့လာဆည်းပူးသင်ကြားနေကြပြီ ဖြစ်ပါသည်။

မဟာဆွေက "အကြင်တိုင်းပြည်၌ စာဖတ်ရှုသော အလေ့အထများပြား၏။ စာကြည့်ပိဋကတ်တိုက်တို့ဖြင့် ပြည့်နက်နေ၏။ ထိုတိုင်းပြည်သည် တိုးတက်ကြီးပွား၍ အထက်တန်းကျသော တိုင်းပြည် ဖြစ်ရမည်ပင်တည်း" ဟူ၍ ရေးသားခဲ့ပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံသည် တိုးတက်ကြီးပွား၍ အထက်တန်းကျသော တိုင်းပြည်တစ်ပြည်ဟု သတ်မှတ်ရမည်ပင် ဖြစ်ပါသည်။

ကမ္ဘာပေါ်တွင် ကိုယ်ပိုင်စကားနှင့် ကိုယ်ပိုင်စာပေ နှစ်မျိုးစလုံး ပိုင်ဆိုင်သောလူမျိုးများသည် ရှားပါးလှပါသည်။ အာရှနိုင်ငံတချို့တွင် ကိုယ်ပိုင်စကားရှိသော်လည်း ကိုယ်ပိုင်စာပေမရှိ၍ အင်္ဂလိပ်အက္ခရာကို ငှားသုံးနေသည်ကို တွေ့ရှိရပါသည်။ မြန်မာစာပေနှင့် စကားတို့၏ တစ်မူထူးခြားလေးနက်ကြွယ်ဝ မှုကို ယဉ်ကျေးမှုအမွေအနှစ်အဖြစ် ထိန်းသိမ်း စောင့်ရှောက်ကြရပေမည်။ မြန်မာစာပေလောကသည် သမိုင်းကြောင်း ကောင်းခဲ့ပါပြီ။ သမိုင်းကြောင်း မတိမ်းမစောင်းရန်မှာ စာရေးသူတို့ စာပေလောကသားတို့၏ အမျိုးသားရေးတာဝန်ပင် ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။



**ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဝင်း အောက်တိုဘာ ၃၀ရက်က သာပေါင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ မြို့အဝင်မြေယာရှုခင်းအလှ ဆောင်ရွက်ထားမှုကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်သူဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးခင်မောင်ဖြူတို့က ရှင်းလင်းတင်ပြစဉ်။**

(မြို့နယ်စည်ပင်)



**မော်လမြိုင်မြို့ မရမ်းကုန်းရပ်ရှိ သမိုင်းဝင် ကျိုက်သုတ်ဆံတော်ရှင် ပရိဝုဏ်အတွင်း အရံစေတီတော်များ ပြုပြင်တည်ဆောက်ရေးအတွက် အလှူငွေပေးအပ်ပွဲကို စက်တင်ဘာ ၁၄ရက်က ကျိုက်သုတ်စေတီတော် ဓမ္မာရုံတွင် ကျင်းပရာ မော်လမြိုင်မြို့နေ ဦးမောင်လွင်-ဒေါ်ကျင်ပို့ မိသားစုက ငွေကျပ် လေးသိန်း ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးရွှေရင် လက်ခံယူစဉ်။**

(၁၆၈)

# (၁၅) ကြိမ်မြောက် ဒိုဟာအာရှအားကစားပြိုင်ပွဲ မြန်မာနိုင်ငံမှ အားကစားနည်းခုနစ်မျိုး၌ ပါဝင်ဆင်နွှဲမည်

**သတင်းမှတ်စု – ကိုထွေး**




**ရန်ကုန် နိုဝင်ဘာ ၂၉**

(၁၅)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲကို ဒီဇင်ဘာ ၁ရက်မှ ၁၅ရက်အထိ ကာတာနိုင်ငံဒိုဟာမြို့၌ ကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံမှ အားကစားနည်းခုနစ်မျိုး၌ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာအားကစားအဖွဲ့တွင် အဖွဲ့ခေါင်းဆောင်၊ အုပ်ချုပ်မှုအဖွဲ့ဝင်၊ ဆေးအဖွဲ့ဝင်နှင့် အားကစားသမား စုစုပေါင်း ၆၆ဦး ပါဝင်ကြမည်ဖြစ်သည်။

## လိုက်ပါဆောင်ရွက်

(၁၅) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ပါဝင်ယှဉ်ပြိုင်မည့် အားကစားနည်း ခုနစ်မျိုးမှာ ရွက်လှေ၊ ပိုက်ကျော်ခြင်း၊ အလေးမ၊ သေနတ်ပစ်၊ ဘိလိယက်၊ မြားပစ်နှင့် ဝူရှူးတို့ဖြစ်ကြသည်။ မြန်မာအားကစားအဖွဲ့တွင် အဖွဲ့ခေါင်းဆောင်အဖြစ် ဦးနော်တောင် (ညွှန်ကြားရေးမှူး၊ အား/ကာ ဦးစီးဌာန)၊ အုပ်ချုပ်မှု အဖွဲ့ဝင်အဖြစ် ဦးဝင်းသူမိုး (လက်ထောက်ညွှန်ကြားရေးမှူး၊ အား/ကာဦးစီးဌာန)နှင့် ဦးမျိုးလွင် (လက်ထောက်ညွှန်ကြားရေးမှူး အား/ကာ ဦးစီးဌာန)၊ ဆေးအဖွဲ့ဝင်အဖြစ် ဒေါက်တာအောင်ကျော်ဦး (အား/ကာ ဦးစီးဌာန)နှင့် သူနာပြု ဦးဘကြိုင် (အား/ကာ ဦးစီးဌာန)တို့ လိုက်ပါဆောင်ရွက်ကြမည်ဖြစ်သည်။

## ရွက်လှေ

မြန်မာ့လက်ရွေးစင် ရွက်လှေအားကစားအဖွဲ့တွင် အဖွဲ့ခေါင်းဆောင်အဖြစ် ဦးမိုးမြင့်(ဥက္ကဋ္ဌ၊ ရွက်လှေအဖွဲ့ချုပ်) အုပ်ချုပ်သူအဖြစ် ဦးသန်းစိန်(နည်းပြချုပ်၊ ရွက်လှေအဖွဲ့ချုပ်) ဆေးမှူးအဖြစ် ဒေါက်တာမျိုးမြင့်မြတ် (ရွက်လှေအဖွဲ့ချုပ်)၊ အထောက်အကူပြုအဖွဲ့ဝင်အဖြစ် ဦးဇော်ဝမ်း(ရွက်လှေအဖွဲ့ချုပ်)တို့က လိုက်ပါဆောင်ရွက်ကြသည်။

အားကစားသမားများအဖြစ်(အမျိုးသား)အောင်မြင်သူ၊ စိုင်းပြည့်စုံဟိန်း၊ နေလကျော်နှင့် မင်းမင်း၊ (အမျိုးသမီး) ချစ်စု၊ နွဲ့နွဲ့စမ်း၊ စုစန္ဒာဝေနှင့် ဇင်ဇေပြီအောင်တို့ ပါဝင်ကြသည်။ မြန်မာ့လက်ရွေးစင် ရွက်လှေအားကစားအဖွဲ့သည် နိုဝင်ဘာ ၁၅ရက်က ကာတာနိုင်ငံဒိုဟာမြို့သို့ ကြိုတင်ထွက်ခွာသွားကြပြီဖြစ်သည်။

## ဝူရှူး

မြန်မာ့လက်ရွေးစင်ဝူရှူးအားကစားအဖွဲ့တွင် အုပ်ချုပ်သူအဖြစ် ဦးအေးချိုတူး (တွဲဖက်အတွင်းရေးမှူး၊ ဝူရှူးအဖွဲ့ချုပ်)၊ နည်းပြအဖြစ် Miss Wang Ju(တရုတ်)တို့က လိုက်ပါဆောင်ရွက်ကြမည်ဖြစ်သည်။ မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ်ဥက္ကဋ္ဌဒေါက်တာစိုင်းဆမ်ထွန်းက ဆွေးနွေးပွဲ တက်ရောက်သူအဖြစ်လည်းကောင်း၊ အတွင်းရေးမှူး ဦးခွန်ဂျာအောင်ကဒိုင်လူကြီးအဖြစ်လည်းကောင်း လိုက်ပါသွားကြ မည်ဖြစ်သည်။

အားကစားသမားများအဖြစ်(အမျိုးသား) အောင်စည်သူ(မြို့တော်စည်ပင်)၊ မျိုးမင်းစိုး(သစ်တောရေးရာ)နှင့် စိုးဝင်းသိန်း (သစ်တောရေးရာ)၊ (အမျိုးသမီး) ဟန်နီကိုကို (သစ်တောရေးရာ) တို့ ပါဝင်ကြသည်။ မြန်မာ့လက်ရွေးစင် ဝူရှူး အားကစားအဖွဲ့သည် ဒီဇင်ဘာ ၇ရက်တွင်ကာတာ နိုင်ငံဒိုဟာမြို့သို့ ထွက်ခွာကြမည်ဖြစ်သည်။

## ပိုက်ကျော်ခြင်း

မြန်မာ့လက်ရွေးစင်ပိုက်ကျော်ခြင်းအားကစားအဖွဲ့တွင် အုပ်ချုပ်သူအဖြစ် ဦးဉာဏ်ထွန်း(ညွှန်ကြားရေးမှူး၊ အား/ကာဦးစီးဌာန)၊ နည်းပြချုပ်အဖြစ် ဗိုလ်ကြီးကျော်ဇင်မိုး (တပ်မတော်–လေ)၊ အမျိုးသားအသင်း နည်းပြအဖြစ် ဦးသိန်းဌေး (လယ်ယာ/ဆည်မြောင်း)နှင့် ဦးသန်းလွင်(အား/ကာ ဦးစီးဌာန)၊ အမျိုးသမီးအသင်း နည်းပြအဖြစ် ဦးသန်းဇော်ဦး (ကာကွယ်ရေး) နှင့် ဒေါ်စန်းစန်းဌေး (ပြည်ထဲရေး) တို့က လိုက်ပါဆောင်ရွက်ကြမည်ဖြစ်သည်။

အားကစားသမားများအဖြစ်(အမျိုးသား) သိန်းဇော်မင်း (မြို့တော်စည်ပင်)၊ ဇော်ဇော်အောင်–၁(လယ်ယာ/ဆည်မြောင်း)၊ ဥက္ကာစိုး(လယ်ယာ/ဆည်မြောင်း)၊ ရာဇာထွန်း(လယ်ယာ/ဆည်မြောင်း)၊ အောင်ချိုမြင့် (ပြည်ထဲရေး)၊ ထွန်းထွန်းနိုင် (ကာကွယ်ရေး)၊ စည်သူလင်း(ပြည်ထဲရေး)၊ အောင်မျိုးဆွေ၊ ကျော်သီဟဦး၊ ဇော်လတ်နှင့် ဇော်ဇော်အောင်–၂ တို့ ပါဝင်ကြသည်။ မြန်မာ့လက်ရွေးစင် ပိုက်ကျော်ခြင်း အားကစားအဖွဲ့သည် နိုဝင်ဘာ ၂၈ရက်တွင် ကာတာနိုင်ငံဒိုဟာမြို့သို့ ထွက်ခွာသွားကြသည်။

## အလေးမ

မြန်မာ့လက်ရွေးစင် အလေးမအားကစားအဖွဲ့တွင် အုပ်ချုပ်သူအဖြစ် ဦးသီဟ(ဒုတိယဥက္ကဋ္ဌ၊ အလေးမအဖွဲ့ချုပ်)၊ ဆေးမှူးအဖြစ် ဒေါက်တာဇော်ထွန်းအေး၊ နည်းပြအဖြစ် ဦးထွန်းမောင်(လယ်ယာ/ဆည်မြောင်း)နှင့် ဒေါ်ဝင်းဝင်းမော် (ရထားပို့ဆောင်ရေး) တို့က လိုက်ပါဆောင်ရွက်ကြမည်ဖြစ်သည်။

အမျိုးသမီးအားကစားသမားများအဖြစ် ကြည်ကြည်သန်း(ရထားပို့ဆောင်ရေး)၊ ရွှေစင်ဝင်း(လယ်ယာ/ဆည်မြောင်း)၊ သောရေဖော(လယ်ယာ/ဆည်မြောင်း)၊ ရာသက်ပန်(ရထားပို့ဆောင်ရေး)နှင့် မြစန္ဒာဦး(လယ်ယာ/ဆည်မြောင်း)တို့ပါဝင်ကြသည်။ မြန်မာ့လက်ရွေးစင် အလေးမ အားကစားအဖွဲ့သည် နိုဝင်ဘာ ၂၈ရက်တွင် ကာတာနိုင်ငံဒိုဟာမြို့သို့ ထွက်ခွာသွားကြသည်။

## သေနတ်ပစ်

မြန်မာ့လက်ရွေးစင် သေနတ်ပစ် အားကစားအဖွဲ့တွင်အုပ်ချုပ်သူ၊ နည်းပြအဖြစ် ဦးကျော်အေး၊ အားကစားသမားအဖြစ် မောင်ကြူး(ကာကွယ်ရေး)တို့ ပါဝင်ကြသည်။ မြန်မာ့လက်ရွေးစင် သေနတ်ပစ် အားကစားအဖွဲ့သည် နိုဝင်ဘာ ၂၈ရက်တွင် ကာတာနိုင်ငံဒိုဟာမြို့သို့ ထွက်ခွာသွားကြသည်။

## ဘိလိယက်

မြန်မာ့လက်ရွေးစင်ဘိလိယက် အားကစားအဖွဲ့တွင် အုပ်ချုပ်သူအဖြစ် ဦးတင်မောင်ဝင်း၊ နည်းပြအဖြစ် ဒေါက်တာမင်းနိုင်၊ အားကစားသမားများအဖြစ် ပေါက်စ(မြို့တော်စည်ပင်)၊ အောင်ဆန်းဦး(မြို့တော်စည်ပင်)နှင့် ကျော်ဦး(မြို့တော်စည်ပင်)တို့ ပါဝင်ကြသည်။ မြန်မာ့လက်ရွေးစင် ဘိလိယက် အားကစားအဖွဲ့သည် နိုဝင်ဘာ ၃၀ရက်တွင် ကာတာနိုင်ငံဒိုဟာမြို့သို့ ထွက်ခွာကြမည်ဖြစ်သည်။

## မြားပစ်

မြန်မာ့လက်ရွေးစင် မြားပစ်အားကစားအဖွဲ့တွင် အုပ်ချုပ်သူအဖြစ် ဦးကျော်ဦး (လက်ထောက်ညွှန်ကြားရေးမှူး၊ အား/ကာဦးစီးဌာန)၊ အားကစားသမားများအဖြစ် ဇော်ဝင်းထိုက် (ပြည်ထဲရေး)၊ ကျော်ချမ်းငြိမ်း၊ မျိုးကိုကိုနှင့် ကျော်လင်းထွန်းတို့ ပါဝင်ကြသည်။ မြန်မာ့လက်ရွေးစင် မြားပစ်အားကစားအဖွဲ့သည် ဒီဇင်ဘာ ၅ရက်တွင် ကာတာနိုင်ငံဒိုဟာမြို့သို့ ထွက်ခွာ ကြမည်ဖြစ်သည်။

## ဆွတ်ခူးရယူ

၂၀၀၂ခုနှစ်(၁၄)ကြိမ်မြောက်အာရှအားကစားပြိုင်ပွဲကို တောင်ကိုရီးယားနိုင်ငံ ဘူဆန်မြို့၌ကျင်းပခဲ့ရာ မြန်မာနိုင်ငံမှ အားကစားနည်း ၁၂မျိုးတွင် ပါဝင်ယှဉ် ပြိုင်ခဲ့ကြသည်။ ဘူဆန်အာရှအားကစားပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့သည် ရွှေတံဆိပ် တစ်ခု၊ ငွေတံဆိပ် ခြောက်ခုနှင့် ကြေးတံဆိပ်ငါးခု စုစုပေါင်းဆုတံဆိပ် ၁၂ခု ရရှိခဲ့သည်။ မြန်မာအားကစားအဖွဲ့အတွက် ရွှေတံဆိပ်ဆုကို ဝူရှူးအားကစားနည်းမှ ခိုင်ခိုင်မော်က ဆွတ်ခူး ရယူပေးခဲ့ခြင်းဖြစ်သည်။

(၁၅)ကြိမ်မြောက် အာရှ အားကစားပြိုင်ပွဲတွင် အာရှတိုက်ဒေသတွင်းမှ နိုင်ငံပေါင်း ၄၅နိုင်ငံ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး အားကစားနည်း ၃၉ မျိုး ထည့်သွင်းကျင်းပမည်ဖြစ်ကြောင်းဖော်ပြလိုက်ရပါသည်။ ။

**(မြန်မာ့အလင်း)**

**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ် မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလ ကျောင်းဟောင်း)အနောက်ဘက် တိုးချဲ့မြေ နှစ်ဧကဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက်ရန်ကုန်**




**တိုင်း ကွမ်းခြံကုန်းမြို့နယ် ဈေးပိုင်း ကမ်းနားလမ်းနေ ဦးထွန်းထွန်း–ဒေါ်သန်းသန်းထွေး၊ သား မောင်သက်လင်းထွန်း–လှဆန်းကြွယ် (စိန်၊ ရွှေ၊ ရတနာဆိုင်) မိသားစုက အလှူငွေကျပ် သုံးသိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှူးဆောင် ဆရာတော်အရှင်စန္ဒန(ဓမ္မာစရိယ) ပြည်တော်သာထံ ဆက်ကပ်လှူဒါန်းစဉ်။** (က–ပ)



## ကတ္တရာခင်း

**တောင်တွင်းကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော မြို့ဦးလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို နိုဝင်ဘာ ၂ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးညိုဝင်း၊ အင်ဂျင်နီယာမှူး ဦးအောင်ကျော်မိုးနှင့် လက်ထောက်အင်ဂျင်နီယာ ဦးအောင်ကြီးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။**

(မြို့နယ်စည်ပင်)

## ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ရေးနှိုးဆော်ချက်

၁။ ရောဂါပိုးများပါရှိသည့်ရေနှင့် အစားအသောက်များ စားသောက်မိခြင်းကြောင့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကူးစက်ဖြစ်ပွားပါသည်။ မိုးဦးကျကာလတွင် ပိုမိုဖြစ်ပွားလေ့ရှိသော်လည်း ရာသီမရွေး၊ အသက်အရွယ်မရွေး ကူးစက်ဖြစ်ပွားနိုင်ပြီး ဆောလျင်စွာ ကုသမှုမခံယူပါက အသက်သေဆုံးသည်အထိ အန္တရာယ်ရှိပါသည်။

၂။ **ပြင်းထန် ဝမ်းပျက်ဝမ်းလျှောရောဂါ လက္ခဏာများမှာ–**

(က) ဗိုက်နာကျင်ခြင်းမရှိဘဲ ဝမ်းအရည်များများသွားခြင်း

(ခ) ဝမ်းသွားသည်ကို ခံစားသိရှိခြင်းမရှိဘဲ အရည်များသွားခြင်းတို့ဖြစ်ပြီး တစ်ကြိမ်၊ နှစ်ကြိမ် ဝမ်းသွားရုံနှင့် ခန္ဓာကိုယ်အတွင်း ရေနှင့်ဓာတ်ဆားများ လျင်မြန်စွာ ကုန်ဆုံး၍ အသက်ကို ဆုံးရှုံးနိုင်ပါသည်။

၃။ **ဝမ်းပျက်ဝမ်းလျှောရောဂါမဖြစ်ပွားရန်–**

(၁) ရေကိုကျိုချက်၍ သောက်ပါ။ အထူးသဖြင့် ကလေးငယ်များကို ရေကျက်အေးတိုက်ပါ။

(၂) ရေတွင်း၊ ရေကန်စသည့် ရေထွက်ပင်ရင်းများထဲသို့ ညစ်ညမ်းသောရေနှင့် အမှိုက်သရိုက်များ မဝင်ရောက်နိုင်ရန် ကာကွယ်ပါ။

(၃) သန့်ရှင်းလတ်ဆတ်သော အစာများကိုစားပါ။

(၄) အစားအစာများကို ယင်မနားအောင် ဖုံးအုပ်ကာကွယ်ထားပါ။

(၅) အစားအစာများထဲသို့ လက်မှတစ်ဆင့် ရောဂါပိုးများမဝင်နိုင်ရန် အစာကိုင်သောလက်ကို ဆပ်ပြာဖြင့် စင်စင်ဆေးပါ။

(၆) အိမ်သာမှအထွက် လက်ကိုဆပ်ပြာဖြင့် စင်စင်ဆေးပါ။

(၇) ယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲပါ။

၄။ **ပြင်းထန်သော ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားလျှင် အသက်ဆုံးရှုံးမှုမှ ကာကွယ်ရန်–**

ဓာတ်ဆားထုပ်ကို သန့်ရှင်းသောရေ သို့မဟုတ် ရေကျက်အေးဖြင့် အညွှန်းအတိုင်း အတိအကျဖျော်၍ သောက်သုံးပြီး နီးစပ်ရာ ကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက်၍ ကုသမှုခံယူပါ။

**ကျန်းမာရေးဝန်ကြီးဌာန။**

## မီးဘေးရှောင် မလောင်ခင်တား

30-11 (16) 1 11/30/06, 6:02 PM

# အမျိုးသားညီလာခံစုံညီအစည်းအဝေး မော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ဆက်လက်ကျင်းပ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အသေးစိတ်အခြေခံရမည့် မူများနှင့်စပ်လျဉ်း၍ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသောကိုယ်စားလှယ်များ အစုအဖွဲ့က အကြံပြုချက်စာတမ်းများ ဖတ်ကြားတင်ပြ




**ရန်ကုန် နိုဝင်ဘာ ၂၉**

အမျိုးသားညီလာခံစုံညီအစည်းအဝေးကို ယနေ့နံနက် ၉ နာရီက ရန်ကုန်တိုင်း မော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ရွေးကောက်တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေးပါတီများအခန်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသောကိုယ်စားလှယ်များ အစုအဖွဲ့တွင် ပါဝင်သည့် ကိုယ်စားလှယ်များက အကြံပြုချက်စာတမ်းများကို ဖတ်ကြားတင်ပြကြသည်။

**တက်ရောက်**

ယနေ့ကျင်းပသည့် အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသား ညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊



အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှု ကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများဖြစ်ကြသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ပြည်ထောင်စု ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ ရှမ်းပြည် ကိုးကန့်ဒီမိုကရက်တစ်ပါတီ၊ မြို(ခေါ်)ခမိအမျိုးသားညီညွတ်ရေးအဖွဲ့၊ လားဟူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်၊ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ နှင့် 'ဝ'အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့မှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ မြို(ခေါ်)ခမိ အမျိုးသား ညီညွတ်ရေးအဖွဲ့နှင့် တစ်သီးပုဂ္ဂလတို့မှ ရွေးချယ်ခြင်းခံရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ၊ တောင်သူ

*စာမျက်နှာ ၃ ကော်လံ ၁* ❒

**အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပစဉ်။**

(သတင်းစဉ်)

# ဒေသဆိုင်ရာနှင့် နိုင်ငံတကာဆိုင်ရာ ရောဂါကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းများ၌ မြန်မာနိုင်ငံပါဝင်လျက်ရှိ အနာဂတ်စိန်ခေါ်မှုများ ရင်ဆိုင်ဖြေရှင်းနိုင်ရေး ဘဝတစ်သက်တာပညာရေးကို ဖန်တီးပေး မူးယစ်ဆေးဝါးပြဿနာကို ဒေသတွင်းနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့

## နိုင်ငံတော်၏ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍများနှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်း

**နေပြည်တော် နိုဝင်ဘာ ၂၉**

နိုင်ငံတော်၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကို ယနေ့နံနက် ၉ နာရီခွဲက နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးရုံးစုဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

သတင်းစာရှင်းလင်းပွဲသို့ ပညာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာချမ်းငြိမ်း၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမောင်မြင့်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်စိုး၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဗိုလ်မှူးချုပ်အောင်မျိုးမင်းနှင့် ဦးမျိုးညွန့်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာပိုင်စိုး၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက ဖိလစ်ပိုင်သမ္မတနိုင်ငံဆိုင်ရာ သံအမတ်ကြီး H.E.Mme Phoebe A. Gomez နှင့် နိုင်ငံခြားသံရုံးများမှ သံတမန်များ၊ သံရုံးယာယီတာဝန်ခံများနှင့် သံရုံးအဖွဲ့ဝင်များ၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများဖြစ်ကြသည့် UNFPA, UNAIDS , UNICEF,WHO, UNODC တို့မှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ သတင်းနှင့်ပြန်ကြားရေးဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အသင်းဝင်သတင်းထောက်များ၊ ပြည်တွင်းမဂ္ဂဇင်း၊ ဂျာနယ်တိုက်များမှ စာတည်းအဖွဲ့ဝင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့်က **"နိုင်ငံတော်၏ ကျန်းမာရေးကဏ္ဍ"** ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

**(ဝန်ကြီး ဒေါက်တာကျော်မြင့်၏ ရှင်းလင်းပြောကြားချက်ကို သီးခြားဖော်ပြထားပါသည်။)**

ယင်းနောက် ပညာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာချမ်းငြိမ်းက **"နိုင်ငံတော်၏ ပညာရေးကဏ္ဍ၊ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ"**နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

**(ဝန်ကြီး ဒေါက်တာချမ်းငြိမ်း၏ ရှင်းလင်းပြောကြားချက်ကို သီးခြားဖော်ပြထားပါသည်။)**

ဆက်လက်၍ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်စိုးက **"လူသားအရင်းအမြစ် ပြုစုပျိုးထောင်ရေး ဆောင်ရွက်ချက်များ"**နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

**(ဒုတိယဝန်ကြီး ဦးကျော်စိုး၏ ရှင်းလင်းပြောကြားချက်ကို သီးခြားဖော်ပြထားပါသည်။)**

ထို့နောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီက **"မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး၊ လူကုန်ကူးမှု တိုက်ဖျက်ရေး၊ အကျဉ်းထောင်များအခြေအနေ"**တို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

**(ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၏ ရှင်းလင်းပြောကြားချက်ကို သီးခြားဖော်ပြထားပါသည်။)**

**ပြန်လည်ဖြေကြား**

ယင်းနောက် သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်လာကြသော ပြည်တွင်း၊ ပြည်ပသတင်းစာဆရာများနှင့် စာနယ်ဇင်းဆိုင်ရာ ပုဂ္ဂိုလ်များက သိလိုသည်များကို မေးမြန်းကြရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းတို့က သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ဖြေကြားကြပြီး သတင်းစာရှင်းလင်းပွဲကို မွန်းလွဲ ၁နာရီတွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**